# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## အနှစ်ရှိသောတရားကိုရနိုင်

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၂၉၅)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၈ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် မဟာသာသနာ့ဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဇန်းမော်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား မစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့ဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် ဧည့်ပရိသတ်တို့ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။**

သတင်းစဉ်




CB BANK

SME LOAN
- CGI LOAN (အာမခံပစ္စည်းမဲ့ချေးငွေ)
- JICA TSL LOAN (ကာလရှည်ရင်းနှီးမြှုပ်နှံခြင်းချေးငွေ)
- CB - KfW LOAN (ပုံသေပိုင်ရင်းနှီးမြှုပ်နှံခြင်းချေးငွေ)
- TERM LOAN (လုပ်ငန်းလည်ပတ်ငွေအတွက်ချေးငွေ)

SME လုပ်ငန်းများပိုမိုတိုးတက်ဖို့ CB Bank မှ SME LOAN ကိုရယူစို့.....

Contact Us : (95-1) 371150, (95-1) 2317906 enterprise.dept@cbbank.com.mm

# လယ်ယာစိုက်ပျိုး မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသ၌ ကုန်းမြေဧရိယာပိုင်ဆိုင်မှု အကြီးမားဆုံးနိုင်ငံ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြေဆီဩဇာကောင်းမွန်သော စိုက်ပျိုးမြေများအပြင် ရေအရင်းအမြစ်နှင့် သစ်တောများလည်း ကြွယ်ဝပါသည်။ မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသည်လည်း ကီလိုမီတာ ၂၀၀၀ ကျော်ရှည်လျားသည်ဖြစ်၍ သဘာဝရေသယံဇာတများ ပေါကြွယ်ဝပါသည်။ ဤကဲ့သို့သော သဘာဝကပေးအပ်သည့် အခွင့်အလမ်းကောင်းတို့ကြောင့် လယ်ယာစိုက်ပျိုး မွေးမြူရေးကဏ္ဍသည် မြန်မာ့စီးပွားရေး၏ ပင်မကဏ္ဍအဖြစ် ရပ်တည်လျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့ကို စုစည်းထားသော လယ်ယာစိုက်ပျိုးမွေးမြူရေးကဏ္ဍသည် တိုင်းပြည် ထုတ်ကုန်တန်ဖိုး (GDP) ၏ ၃၀ ရာခိုင်နှုန်းခန့် ရှိပါသည်။ အလုပ်အကိုင်ခန့်ထားပေးနိုင်မှုအပေါ် သုံးသပ်ပါက အလုပ်အကိုင်အားလုံး၏ ၅၆ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် လုပ်ကိုင်နေခြင်း ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ ပြည်ပပို့ကုန်တန်ဖိုးတို့ကို သုံးသပ်ပါက လယ်ယာစိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ ပြည်ပပို့ကုန်တို့ကြောင့် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံအထိ ရရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ လယ်ယာစိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ တိုးတက်မှုက တိုင်းပြည်စီးပွားရေးကို တွန်းတင်ပေးနိုင်သည်မှာ ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါသည်။

ဤသို့သော တိုင်းပြည်၏အခြေအနေများအပေါ် မူတည်လျက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာစိုက်ပျိုးမွေးမြူရေးကဏ္ဍတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတစ်ရပ်ချမှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ဤဝန်ကြီးဌာနက တိုင်းပြည်၏အနာဂတ်လားရာမျှော်မှန်းချက်များအပေါ်အခြေခံ၍ လယ်ယာစိုက်ပျိုး မွေးမြူရေးကဏ္ဍဖွံ့ဖြိုး တိုးတက်မှုမဟာဗျူဟာကို အဆင့်ဆင့်ညှိနှိုင်းပုံဖော်ရေးဆွဲခဲ့ပါသည်။ ဤကဲ့သို့ ရေးဆွဲရာ၌ အစိုးရ၏ ဦးဆောင်မှုအပေါ် အခြေခံလျက် ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများအကြား ပေါင်းစည်းမှုကို အားပြုရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာ ဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT) တို့၏ ပါဝင်ပံ့ပိုးကူညီမှုဖြင့် လယ်ယာစိုက်ပျိုး မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာနှင့် ငါးနှစ်တာကာလရင်းနှီးမြှုပ်နှံမှု အစီအစဉ် (၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၂- ၂၀၂၃ ခုနှစ်အထိ) ကို ၂၀၁၆ ခုနှစ် ဩဂုတ်လမှစ၍ ပြင်ဆင်ရေးဆွဲခဲ့ပါသည်။

ဤသို့ပြင်ဆင်ရေးဆွဲရာ၌ ကျယ်ပြန့်သော အလုပ်ရုံဆွေးနွေးပွဲတို့ကိုကျင်းပ၍ ပဥ္စမမူကြမ်းရရှိသည်အထိ အထပ်ထပ်အခါခါ ကြိုးပမ်းဆောင်ရွက်ပြီးစီးမှသာ အပြီးသတ် မဟာဗျူဟာကို ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ အဖွဲ့အစည်းအသီးသီးနှင့် ညှိနှိုင်းဆွေးနွေးမှုအပေါ် အခြေခံလျက် ရှုထောင့်ပေါင်းစုံမှ သုံးသပ်ထားသည့် ဤလယ်ယာစိုက်ပျိုး မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာသည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မုချမသွေ မြှင့်တင်ပေးမည် ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ပုဗ္ဗသီရိမြို့နယ်၌ မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုနှင့်အတူ ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း ဒုစရိုက်မှုများ လျော့နည်းစေရေးအတွက် အဆက်မပြတ် အသိပညာပေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲက ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်က ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းအုပ်စု ဥသျှစ်ကုန်းကျေးရွာမဏ္ဍပ်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးနှင့် ဒေသခံ ၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

# လာအိုနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Saleumxay Kommasith ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၇ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ကြသည်။

လာအိုနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး H.E. Mr. Lyying Sayaxang နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



## ဝန်ဆောင်မှုပေးနေသူများအတွက် လူကုန်ကူးမှုနှင့်သက်ဆိုင်သော ဖြစ်ရပ်များ စီမံဆောင်ရွက်ခြင်းနှင့် တရားစွဲဆိုရေးလုပ်ငန်းစဉ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၃**

ဝန်ဆောင်မှုပေးနေသူများအတွက် လူကုန်ကူးမှုနှင့် သက်ဆိုင်သော ဖြစ်ရပ်များ စီမံဆောင်ရွက်ခြင်းနှင့် တရားစွဲဆိုရေးလုပ်ငန်းစဉ်ဆိုင်ရာ နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက လူကုန်ကူးမှုများတွင် အဓိကသက်သေသည် လူကုန်ကူးခံရသူများ ဖြစ်သောကြောင့် လူကုန်ကူးခံရသူ ကိုယ်တိုင်တရားစီရင်ရေး လုပ်ငန်းစဉ်များတွင် လိုလိုလားလား ပူးပေါင်းပါဝင်ကြမှသာ အမှုမှန်ပေါ်ပေါက်ပြီး အပြစ်ရှိသူများကို ထိရောက်တားမြစ်သည့် ပြစ်ဒဏ်များ ချမှတ်နိုင်ကာ လူကုန်ကူးမှုများ လျော့နည်းလာမည် ဖြစ်ကြောင်း၊ ထို့ကြောင့်ယခုသင်တန်းကို လူကုန်ကူးခံရသူများအား တိုက်ရိုက်ဝန်ဆောင်မှုပေးနေသူများအနေဖြင့် လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုရေးလုပ်ငန်းစဉ်များ၊ တရားစွဲဆိုရေးလုပ်ငန်းစဉ်အတွင်း လူကုန်ကူးခံရသူများ၏ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများကိုသိရှိပြီး လူကုန်ကူးခံရသူများအား ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရန်၊ သင်တန်းမှရရှိလာသည့် ပညာရပ်များကို အသုံးပြုပြီးလူကုန်ကူးခံရသူများမှ တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းပါဝင်လာနိုင်စေရန်နှင့် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ ၂၅ ဦးတက်ရောက်ပြီးသင်တန်းကာလမှာဇူလိုင် ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသားလေကြောင်း ဗုဒ္ဓဂယာသို့ တိုက်ရိုက်ပြေးဆွဲမည်

**ရန်ကုန် ဇူလိုင် ၂၃**

တစ်ခုတည်းသောနိုင်ငံပိုင်လေကြောင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်းသည်ခရီးသွား ပြည်သူများသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ပြည်တွင်းပြည်ပ ခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းပြေးဆွဲပေးလျက်ရှိရာ လာမည့်ပွင့်လင်းရာသီတွင် ရန်ကုန် - ဗုဒ္ဓဂယာ - ရန်ကုန်ခရီးစဉ်ကို တိုက်ရိုက်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တစ်ပတ်သုံးကြိမ်**

မြန်မာအမျိုးသား လေကြောင်းလိုင်းက ပွင့်လင်းရာသီ ခရီးသွားကာလဖြစ်သည့် ၂၀၁၈ စက်တင်ဘာလမှ ၂၀၁၉ ဧပြီလအထိ အဆိုပါ ရန်ကုန် - ဗုဒ္ဓဂယာ-ရန်ကုန်တိုက်ရိုက်ခရီးစဉ်ကို ပြေးဆွဲသွားရန် ပြည်တွင်းခရီးသွားကုမ္ပဏီများဖြစ်ကြသည့် ပေါ်ပြူလာစတား၊ နေရောင်လရောင်သွန်း၊ ရွှေတော်ဝင်၊ မြတ်ဗောဓိ MTM Travel&Tours၊ သစ်ရွှေစင်သာကီနွယ်၊ Nilar Travel&Tours၊ မေသူမောင်၊ ဗုဒ္ဓဂယာ Amazaing Land Tours၊ အောင်ချမ်းသာ အစရှိသောကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဘိုးရင်းလေယာဉ်ကြီးဖြင့် တစ်ပတ်သုံးကြိမ် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းမှ သိရသည်။

**အဓိကထားပြေးဆွဲ**

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်ကတည်းက ဗုဒ္ဓဂယာသို့ ရန်ကုန်မှ တိုက်ရိုက်ပြေးဆွဲပေးခဲ့ရာ ယခုနှစ်တွင်လည်း ဗုဒ္ဓဂယာသို့ သွားရောက်ဘုရားဖူးလိုကြသည့် ခရီးသွား ပြည်သူများအတွက်အဆင်ပြေစေရေးအတွက်အဓိကထား ပြေးဆွဲပြေးခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

# ရန်ကုန်တက္ကသိုလ်၌ ပထမဦးစားပေးဘာသာရပ်အတွက် ဝင်ခွင့်လူတွေ့စစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တက္ကသိုလ်၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားရန် လျှောက်ထားခဲ့သော ကျောင်းသားကျောင်းသူများအား ဘာသာရပ်အလိုက် ယနေ့နံနက်ပိုင်းမှစ၍ ပထမဦးစားပေး ဘာသာရပ်အတွက် ဝင်ခွင့်လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသည့် ကျောင်းသားကျောင်းသူများအနေဖြင့် ပထမဦးစားပေးဘာသာရပ်တွင် ဝင်ခွင့်ဖြေဆိုအောင်မြင်ပါက ဒုတိယဦးစားပေးဘာသာရပ်ကို ထပ်မံဖြေဆိုရန် မလိုအပ်တော့ကြောင်း သိရသည်။ ပထမဦးစားပေးဘာသာရပ် ဝင်ခွင့်ရရှိသူများစာရင်းကို ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားရေးရာဌာနနှင့် ကြော်ငြာသင်ပုန်းများတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၏ တရားဝင်ဝက်ဘ်ဆိုက်နှင့် ဖေ့စ်ဘုတ်စာမျက်နှာများတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ပထမဦးစားပေးရရှိသူများစာရင်းတွင် မပါဝင်သူများသည် ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီတွင် ဒုတိယဦးစားပေး ဘာသာရပ်ကို ထပ်မံဖြေဆိုရမည်ဖြစ်သည်။ တတိယဦးစားပေး ဘာသာရပ်ကိုမူ ဇူလိုင် ၃၀ ရက်တွင် ဖြေဆိုရန် သတ်မှတ်ထားကြောင်း သိရသည်။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် လူတွေ့မဖြေဆိုသော ဦးစားပေးဘာသာရပ်အတွက် လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် ဝင်ခွင့်ရသောဘာသာရပ်မှ အခြားဘာသာရပ်သို့ ဘာသာပြောင်းလျှောက်ထားခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း ရန်ကုန်တက္ကသိုလ်က ထုတ်ပြန်ထားသည်။

ရန်ကုန်တက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားမှုများကို ဇွန် ၁၅ ရက်မှ ဇူလိုင် ၁၅ ရက်အထိ လက်ခံပေးခဲ့ပြီး ယခုပညာသင်နှစ်တွင် ဝိဇ္ဇာဘာသာရပ် ၁၅ ခုနှင့် သိပ္ပံဘာသာရပ် ၁၁ ခုတို့အတွက် ကျောင်းသား ကျောင်းသူ ၂၃၃၀ ကို လက်ခံသင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် သန်လျင် မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

✻ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် တက်ရောက်လာသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဇန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဇန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် သန်လျင် မင်းကျောင်း ပထမပြန် စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဝါဆိုသင်္ကန်းလှူဒါန်း**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဋွေးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်ဖြူကျွန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံ လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး ဒေါ်နန့်ကြင်ကြည်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပုသိမ်ကုန်းသာဆရာတော် ဘဒ္ဒန္တဝိလာသထံ လည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်မင်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသထံလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေဦးဆရာတော် ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသထံ လည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဋွေးရည်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လှိုင်လင်ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာနန္ဒထံ လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကန်သုံးဆင့်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသထံ လည်းကောင်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နိုင်ငံတော်ဩဝါဒစရိယ ဈေးကုန်းဆရာတော် ဘဒ္ဒန္တကဝိသာရထံလည်းကောင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဓမ္မရောင်ခြည်ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မထံ

*စာမျက်နှာ ၄ သို့*



ဒုတိယသမ္မတ ဦးမြင့်ဆွေ နှင့်ဇနီး ဒေါ်ခင်သက်ဋွေးတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်ဖြူကျွန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ဇနီး ဒေါ်နန့်ကြင်ကြည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပုသိမ်ကုန်းသာဆရာတော် ဘဒ္ဒန္တဝိလာသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်မင်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေဦးဆရာတော် ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



## နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်

*စာမျက်နှာ ၃ မှ*

လည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**အနုမောဒနာတရားနာယူ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက်ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**



နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရည်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လှိုင်လင်ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာနန္ဒထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကန်သုံးဆင့်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ နိုင်ငံတော်ပြဋ္ဌဝါဒါစရိယ ဈေးကုန်းဆရာတော် ဘဒ္ဒန္တကဝိသာရထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဓမ္မရောင်ခြည်ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

## အပူပိုင်းမုန်တိုင်းငယ် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့

**နေပြည်တော် ဇူလိုင် ၂၃**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်(တုံကင် ပင်လယ်ကွေ့)တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေသည်။ **မိုး/ဇလ**

## ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် ထပ်တူကျသည့် ရွေးကောက်ပွဲဖြစ်စေရန် မှာကြား

**လှိုင်လင် ဇူလိုင် ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းဌေးသည် လဲချားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်နေမှုနှင့် ပတ်သက်၍ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက လှိုင်လင်ခရိုင် ရိပ်သာခန်းမ၌ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲ ဥပဒေနှင့်အညီ လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာသည့် အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်စေရန် မှာကြားသည်။

တွေ့ဆုံစဉ် ၎င်းက ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဥပဒေနှင့်အညီ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မဲစာရင်း မှန်ကန်ရေးအတွက် ၂၀၁၅ မဲစာရင်းကို အခြေခံပြုစုခဲ့ရာ မဲစာရင်းများ ကပ်ထားကြေညာပြီး ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များသည် မဲစာရင်းလာရောက် ကြည့်ရှုပြင်ဆင်မှသာ ပိုမိုပြည့်စုံမှန်ကန်သော မဲစာရင်းရရှိမည်ဖြစ်ကြောင်း၊ ဆက်လက်၍ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ပညာပေးသင်တန်းများ၊ မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်သင်တန်းများ ပို့ချရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးပါက သတ်မှတ်စည်းမျဉ်း ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရေး ကြပ်မတ်ရန်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များ လွတ်လပ်စွာ မဲပေးခွင့်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် ထပ်တူကျသည့် ရွေးကောက်ပွဲဖြစ်စေရန် ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ မဲဆန္ဒရှင်များ ဝိုင်းဝန်းကူညီကြရန် ပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

❑ *ကျော့ဖုံးမှ*

ဦးစီးကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် မြန်မာနိုင်ငံတွင် အိမ်ရှင် နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပမည့် (၁၀) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဦးစီးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

ပထမအကြိမ် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၀၆ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ စတင်ကျင်းပခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၌ နှစ်ကြိမ်စီနှင့် ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့တွင် တစ်ကြိမ်စီ စုစုပေါင်း (၉) ကြိမ်အထိ ကျင်းပခဲ့ပါကြောင်း။

**(၂)နှစ်တစ်ကြိမ် ကျင်းပ**

၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် "အာဆီယံဒေသတွင်း နိုင်ငံများ၏ ပညာရေးပူးပေါင်းဖလှယ်ရေး အစီအစဉ်များဖြင့် ပိုမိုကောင်းမွန်သော လူနေမှုစနစ်ကို မြှင့်တင်နိုင်ရန်" ရည်ရွယ်၍ အာဆီယံပညာရေးဝန်ကြီးများ၏ အစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံများမှ သဘာပတိအဖြစ် အလှည့်ကျတာဝန်ယူ၍ (၂)နှစ်တစ်ကြိမ် ကျင်းပရန်နှင့် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နှစ်စဉ်ကျင်းပပြုလုပ်ရန် သဘောတူညီခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံတွင် ပထမအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဦးစီးကော်မတီကို နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ (၂၀)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၈)ဖြင့် ဒုတိယသမ္မတ ဦးဆောင်၍ (၁၆)ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန် (၅)ရပ်ကို ချမှတ်ပေးခဲ့ပါကြောင်း။

အဆိုပါ လုပ်ငန်းတာဝန်များမှာ (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်မှုများပေးရန်၊ အစည်းအဝေးများ အဆင်ပြေချောမွေ့စေရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ လုပ်ငန်းအလိုက် လိုအပ်သော ငွေကြေးရန်ပုံငွေကို သုံးစွဲရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ညှိနှိုင်းသတ်မှတ်ရန်၊ လိုအပ်သော လုပ်ငန်းဆပ်ကော်မတီများဖွဲ့စည်း၍ အသေးစိတ်လုပ်ငန်းများ ဆောင်ရွက်မှုကို လမ်းညွှန်ရန်နှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်၍ ဆပ်ကော်မတီအသီးသီး၏ လုပ်ဆောင်ချက်များကို ကြီးကြပ်လမ်းညွှန်ရန်နှင့် ဆပ်ကော်မတီအသီးသီးနှင့် ပုံမှန်တွေ့ဆုံ၍ လိုအပ်ချက်များနှင့် ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးရန်တို့ ဖြစ်ပါကြောင်း။

**လုပ်ငန်းဆပ်ကော်မတီ (၁၁)ခု ဖွဲ့စည်း**

ဦးစီးကော်မတီ၏လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အတွင်းရေးမှူးရုံးအဖွဲ့နှင့် လုပ်ငန်းဆပ်ကော်မတီ (၁၁)ခုကိုလည်း ဖွဲ့စည်းရန်လျာထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းဆပ်ကော်မတီများမှာ အခမ်းအနားများပြင်ဆင်ရေး လုပ်ငန်းဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးလုပ်ငန်းဆပ်ကော်မတီ၊ မှတ်တမ်းပြုစုရေး လုပ်ငန်းဆပ်ကော်မတီ၊ လုံခြုံရေးနှင့် စိစစ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ညစာခံကျွေးမွေးရေး လုပ်ငန်းဆပ်ကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆပ်ကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်းဆပ်ကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးလုပ်ငန်းဆပ်ကော်မတီနှင့် ပံ့ပိုးမှုရုံးအဖွဲ့လုပ်ငန်း ဆပ်ကော်မတီတို့ ဖြစ်ပါကြောင်း၊ (၁၀) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို နေပြည်တော်၌ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း။

အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ "ပညာရေးဝန်ကြီးများ အစည်းအဝေး" နှင့် "အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး" အသီးသီးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ရုရှားသမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယသမ္မတနိုင်ငံနှင့် သြစတြေးလျနိုင်ငံတို့မှ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံအဖွဲ့အစည်း၏ အတွင်းရေးမှူးချုပ်ရုံး(၃)ရုံးမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်မည်ဟု သိရှိရပါကြောင်း။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေ**

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံအဖွဲ့ဝင်မဟုတ်သော နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိနေပါကြောင်း။



ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရှင်းလင်းတင်ပြစဉ်။

ဒေသတွင်းပညာရည်မြင့်မားရေးနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အာဆီယံနိုင်ငံများအပါအဝင် မိတ်ဖက်နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နေသည့် အချိန်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် အစည်းအဝေးများကို တာဝန်ယူကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဦးစီးကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများအနေဖြင့် အခြားနိုင်ငံများတွင် ကျင်းပခဲ့သည့် အစည်းအဝေးများထက် အဆင့်မနိမ့်စေရေး၊ လစ်ဟာမှုမရှိစေရေးနှင့် အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးတို့အတွက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်း၍ လစ်ဟာမှုနှင့် ချို့ယွင်းမှုမရှိအောင် အသေးစိတ် စီမံဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်း**

ထို့ကြောင့် ဒေသတွင်းနှင့် နိုင်ငံတွင်းရှိ ပြည်သူများ၏ ပညာရည်မြင့်မားရေး၊ ပညာရေးနှင့် ဆက်နွှယ်နေသော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို များစွာအကျိုးရှိစေသည့် ဆွေးနွေးမှုများနှင့် ညှိနှိုင်းမှုများ ရရှိလာနိုင်မည်ဖြစ်သည့်အတွက် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနိုင်မည့် အခက်အခဲများ၊ လိုအပ်သည့် အကြံပြုချက်များကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ကြပါရန်နှင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီအတွင်းရေးမှူး အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက အစည်းအဝေးများကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့၏ စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ အမြဲတမ်းအတွင်းဝန်များ ဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးအေးလွင်၊ ဦးထွန်းထွန်းနိုင်နှင့် ဦးဝင်းခန့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် တည်ဆောက်ထားရှိရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ လွိုင်ကော်မြို့၌ ပြုလုပ်

လွိုင်ကော် ဇူလိုင် ၂၃

**ကယားပြည်နယ် လွိုင်ကော်မြို့ကန္ဒဟေဝန်ပန်းခြံအတွင်း ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် တည်ဆောက်ထားရှိရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသအခြေပြုလူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာ ၁၁ ခုမှ သတင်းထောက် ၂၅ ဦးတို့ တက်ရောက်ကြသည်။** (ယာပုံ)




ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် သွန်းလုပ်ထားရှိရေး အများပြည်သူဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် အစည်းအဝေး သုံးကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ ၁-၂-၂၀၁၈ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းတွင် လည်းကောင်း၊ ၃၀-၄-၂၀၁၈ ရက်နေ့ နံနက် ၉ နာရီခွဲတွင် ပြည်နယ်ခန်းမ၌ လည်းကောင်း၊ ၂၀-၆-၂၀၁၈ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းတို့တွင် သဘောထားရယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍ ဗိုလ်ချုပ်ကြေးရုပ်ထားရှိလိုခြင်း ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့ တောင်တန်းမြေပြန့် မခွဲခြားဘဲ ဗြိတိသျှကိုလိုနီတို့ လက်အောက်မှ တစ်ချိန်တည်း တစ်ပြိုင်တည်း လွတ်မြောက်စေရန်၊ တိုင်းရင်းသားများအားလုံး ဥမကွဲ သိုက်မပျက် တစည်းတရုံးတည်း နေနိုင်ရန် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ကိုယ်ကျိုးစွန့်လွှတ်ပြီး လွတ်လပ်ရေးရယူပေးခဲ့သော လွတ်လပ်ရေးဖိသုကာ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု ကယားပြည်နယ်တွင် မရှိသေးသဖြင့် လွိုင်ကော်မြို့တွင် နောင်လာနောက်သားများ အတုယူတတ်စေရန် တည်ဆောက်ထားရှိလိုခြင်း ဖြစ်ပါကြောင်း။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကယားပြည်နယ်သာ ရှိပါကြောင်း၊ ကယားပြည်နယ်သည် ၁၉၅၂ ခုနှစ်က စတင်ပေါ်ပေါက်ခဲ့ပြီး ကယားပြည်နယ်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်မှာ (၆၆)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ အခြေခံဥပဒေနှင့်အညီ ခေါ်ဝေါ်သုံးစွဲစေချင်ပါကြောင်း၊ ပြည်ထောင်စုကြီးပြိုကွဲစေမည့် အခေါ်အဝေါ်အသုံးအနှုန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်စီးစေမည့် အပြောအဆို အရေးအသားများကို ရှောင်ကြဉ်ပြီး ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးထာဝရခိုင်မြဲစေမည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြောဆိုသုံးနှုန်းရန် တိုက်တွန်းအပ်ပါကြောင်း၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးကို အလေးအနက်ထားကြရန် သတိချပ်စေလိုပါကြောင်း၊ ဗိုလ်ချုပ်ကြေးရုပ် တည်ဆောက်ထားရှိရေးကို ဆန့်ကျင်ကန့်ကွက်နေကြသည့် ကရင်နီပြည်လူငယ်များသမဂ္ဂနှင့် ကယားပြည်နယ်ကျောင်းသားများ သမဂ္ဂအဖွဲ့များ၏ ၃-၇-၂၀၁၈ ရက်နေ့ ဆန္ဒပြသမှုကိုလည်း ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ သက်ညှာစွာ ကိုင်တွယ်ဖြေရှင်းခဲ့ပြီး ဖြစ်ပါကြောင်း။

လွိုင်ကော်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်ထားရှိရေးကို ကယားပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်တည်ဆောက်နေမှုအား ကရင်နီပြည်လူငယ်များသမဂ္ဂနှင့် ကယားပြည်နယ်ကျောင်းသားများ သမဂ္ဂအဖွဲ့များမှ ဆန့်ကျင်ကန့်ကွက်ခဲ့ခြင်းကြောင့် ၂၀-၇-၂၀၁၈ ရက်နေ့ နံနက် ၉ နာရီမှာ ခေါ်ယူတွေ့ဆုံ ဆွေးနွေးခဲ့ပါကြောင်း၊ သို့သော်လည်း ကရင်နီပြည်လူငယ်များသမဂ္ဂ(UKSY)နှင့် ကယားပြည်နယ်ကျောင်းသားများသမဂ္ဂ (KSSU)အဖွဲ့တို့မှ တစ်ဖက်သတ်စွပ်စွဲပြောဆိုပြီး မတိုင်ပင်မဆွေးနွေးရဘဲ အစည်းအဝေးခန်းမမှ ထွက်ခွာသွားခဲ့ကြသည့်အတွက် ဝမ်းနည်း စိတ်မကောင်းဖြစ်မိပါကြောင်း၊ ကျန်ရှိသူများနှင့် ဆက်လက်ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် လူမှုအဖွဲ့အစည်းများက မိမိတို့ဦးဆောင်ဦးရွက်မှုဖြင့်သာ ကော်မတီဖွဲ့စည်းပြီး ကြိုးပမ်းဆောင်ရွက်လိုကြောင်း တင်ပြခဲ့ကြသည့်အတွက် လက်ရှိ ပြည်နယ်အစိုးရက ဖွဲ့စည်းပေးထားသည့် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီအား ဖျက်သိမ်းပေးလိုက်ပါကြောင်းနှင့် ဗိုလ်ချုပ်ကြေးရုပ် တည်ဆောက်ရေး ပြည်သူ့ဆန္ဒသဘောထားကောက်ယူ၍ ပြည်သူလူထု ရွေးချယ်တင်မြှောက်ပေးသည့် ပြည်သူလူထုအခြေပြုကော်မတီ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပြီး ပြည်နယ်အစိုးရအနေဖြင့် လိုအပ်သော အကူအညီများနှင့် ဝိုင်းဝန်းပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အများပြည်သူများ၏ သဘောဆန္ဒအရ ဗိုလ်ချုပ်ကြေးရုပ် စိုက်ထူထားရှိရေး ဒေသခံပြည်သူများ၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် Video Clip ပြသခဲ့ပြီး ကယားပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်းက ကရင်နီပြည်လူငယ်များသမဂ္ဂ၊ ကယားပြည်နယ်ကျောင်းသားများသမဂ္ဂတို့၏ သဘောထားထုတ်ပြန်ကြေညာချက်တွင် ပါဝင်သည့်အချက်များသည် ပြည်နယ်အစိုးရအဖွဲ့၏ ဆွေးနွေးချက်များနှင့် လွဲမှားနေမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းကြည်က ဆန္ဒဖော်ထုတ်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ထားမှု အခြေအနေကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး သတင်းမီဒီယာများမှ မေးမြန်းသည့် မေးခွန်းများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံပိုင်မီဒီယာများ အပါအဝင် Skynet ၊ Eleven Media Group ၊ DVB ၊ ကန္တရဝတီတိုင်းမ်၊ ဒီမိုကရေစီတူဒေး၊ ရွှေတြိဂံ၊ 7 Day ၊ Karenni Times စသည့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတင်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့စတင်ကျင်းပသည့် နဝမပုံမှန်အစည်းအဝေးကာလတွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ဦးစားပေးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြလာသည့် စီမံကိန်းများကို စိစစ်ရာတွင် ပြည်သူများအတွက် လက်ငင်းနှင့် ရေရှည်အကျိုးခံစားရရန်၊ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိအောင် စီမံခန့်ခွဲနိုင်ရန်တို့ကို ရည်မှန်းချက်ထားပြီး လေ့လာစိစစ်အတည်ပြုပေးကြရမည် ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး စီမံကိန်းများအကောင်အထည်ဖော်နိုင်ရန်အတွက် လျာထားသည့် ရငွေသုံးငွေများအပိုင်းကို စိစစ်ရာတွင်လည်း လျာထားဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ၏ လက်တွေ့အခြေအနေနှင့် ညီညွတ်မျှတမှု ရှိ၊ မရှိ စိစစ်ဆွေးနွေးပြီး အချိန်မီ အတည်ပြုပေးနိုင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများအတွက် လတ်တလောလိုအပ်ချက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည့် စီမံကိန်းလုပ်ငန်းများကို စိစစ်ရာတွင် ချမှတ်ထားသည့်မူဝါဒကို အခြေခံပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းပမာဏအလိုက် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား သက်ဆိုင်သည့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက တာဝန်ရှိသူများနှင့် မိမိတို့၏ ပြည်သူ့ကိုယ်စားလှယ်များက သေသေချာချာ ဆွေးနွေးဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၏ ကဏ္ဍအလိုက် ရည်မှန်းချက်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဘက်စုံမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို ဖြည့်စွက်မှာကြားလိုပါကြောင်း။

## ထူးခြားသော အစည်းအဝေးကာလတစ်ခုဟု သတ်မှတ်

မကြာခင်ရက်ပိုင်းအတွင်း ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းကာလ လပေါင်း ၃၀ ပြည့်မြောက်မည် ဖြစ်ပါကြောင်း၊ လွှတ်တော်သက်တမ်းကာလ ထက်ဝက်ပြည့်သည်နှင့်အတူ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယက တာဝန်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်ကြရမည် ဖြစ်သည့်အတွက် နဝမပုံမှန် အစည်းအဝေးသည် သာမန်ထက် ထူးခြားသော အစည်းအဝေးကာလတစ်ခုဟု သတ်မှတ် ပြောကြားလိုပါကြောင်း။

ပြည်သူများကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခင်ပုံမှန်အစည်းအဝေးကာလများထက် ပိုမိုများပြားသော လုပ်ငန်းတာဝန်များကို ကြုံတွေ့ကြရမည် ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းတာဝန်များကို အချိန်မီနှင့် အောင်မြင်စွာ ပြီးမြောက်နိုင်ရန် အလုပ်၏ အရေးကြီးမှုအပေါ် မူတည်ပြီး အချိန်ကိုအကျိုးရှိသထက် ရှိအောင် စနစ်တကျစီမံအသုံးပြုနိုင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းပြီး ပြည်သူ့ဘဏ္ဍာငွေများကို အကျိုးရှိရှိ အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ သုံးသပ်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ သွားရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

## လွှတ်တော်က မှတ်တမ်းတင်

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဒေါက်တာမြလေးစိန်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးလှဦးတို့ကို ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ထို့ပြင် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသည့် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၁၈ - ၂၀၁၉ ခုနှစ် အမျိုးသား စီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းရေးဆွဲရာတွင် လက်ရှိဖြစ်ပေါ်နေသည့် လူမှုစီးပွားဆိုင်ရာ စိန်ခေါ်မှုများကို လျှော့ချကုစားနိုင်ရေး၊ နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် လူမှုစီးပွားအခက်အခဲများ၏ အကျိုးသက်ရောက်မှုကို အနည်းဆုံးဖြစ်အောင် ကာကွယ်ကုစားနိုင်ရေး၊ ပကတိအခြေအနေနှင့် ညီညွတ်သည့် ဦးစားပေးလုပ်ငန်း၊ ဒေသနှင့် ဆောင်ရွက်မည့် အကြောင်းအရာများ ဖော်ထုတ်ချမှတ်ကျင့်သုံးနိုင်ရေး၊ ပုဂ္ဂလိကပိုင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးဆောင်ရွက်ရေးတို့ကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း။

ထို့အပြင် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် စီမံကိန်းရေးဆွဲရာတွင် အခြေခံမှုအဖြစ် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့် ညီညွတ်စေခြင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ချိတ်ဆက်အကောင်အထည်ဖော်နိုင်ခြင်း၊ အများပြည်သူ အကျိုးဖြစ်ထွန်းမှုအပေါ်အခြေခံခြင်း၊ စီးပွားရေးအရ ထိရောက်စွာ အကျိုးဖြစ်ထွန်းနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းနိုင်ခြင်း၊ ပို့ကုန်တိုးတက်ခြင်းနှင့် သွင်းကုန်အစားထိုးနိုင်ခြင်း၊ စီမံကိန်းရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ အစီအစဉ်ကျနခြင်းနှင့် ရှေ့နောက်ညီညွတ်မှုရှိခြင်း၊ စီမံကိန်းရည်မှန်းချက်ရေးဆွဲခြင်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်း ကိစ္စရပ်များအတွက် လိုအပ်သော လူသားအရင်းအမြစ်၊ နည်းပညာနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ ရရှိဖြည့်ဆည်းနိုင်မှုနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှု ရှိ/ မရှိတို့ကို စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း။

## ဘတ်ဂျက်ပမာဏအတွင်း အထိရောက်ဆုံး ပေါင်းစပ်ရေးဆွဲ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကဏ္ဍအလိုက်၊ ဒေသအလိုက် လတ်တလောဖြည့်ဆည်းပေးရန် လိုအပ်ချက်နှင့် အဆိုပါကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်လုပ်ငန်းများ၊ ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများ၊ နိုင်ငံတော်၏ အထူးလိုအပ်ချက်အရ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လုပ်ငန်းစီမံကိန်းများကို နိုင်ငံတော်၏ ခွင့်ပြုနိုင်မည့် ဘတ်ဂျက်ပမာဏအတွင်း အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံးဖြစ်စေရေးအတွက် ပေါင်းစပ်ရေးဆွဲထားပါကြောင်း။

ပြည်ထောင်စု၏ ရည်မှန်းထားသော တိုးတက်မှုနှုန်းမှာ ၇ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပြီး စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ပုံမှန်ဈေးနှုန်းအရ ကျပ်ဘီလီယံ ၉၀၂၆၉ ဒသမ ၉၉ ဖြစ်ပါကြောင်း၊ နှစ်အလိုက်တန်ဖိုးအရ တစ်ဦးကျ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) မှာ ကျပ် ၁၉၇၉၄၈၆ ရရှိရန် ရည်မှန်းထားပါကြောင်း။

နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံပိုင်အခန်းက ကျပ် ၈၄၇၆ ဒသမ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊ ပြည်ပပို့ကုန်ကို ကျပ် ၂၀၈၀၈ ဒသမ ၀ ဘီလီယံ တင်ပို့ရန်၊ ပြည်ပသွင်းကုန်ကို ကျပ် ၂၁၄၈၈ ဒသမ ၀ ဘီလီယံ တင်သွင်းရန်၊ စုစုပေါင်း ပြည်ပကုန်သွယ်မှုတန်ဖိုး ကျပ် ၄၂၂၉၆ ဒသမ ၀ ဘီလီယံ ရရှိစေရန် ရည်မှန်းထားရှိပါကြောင်း တင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသည့် အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိန်းလွင်က လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ယင်းနောက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

## ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၅ ဒသမ ၉၁ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်း

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက် ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁ ဒသမ ၉၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇ ဒသမ ၂၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀ ဒသမ ၈၃ ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ရန် ရည်မှန်းထားပါကြောင်း၊ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၅ ဒသမ ၉၁ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၀၀ ဘီလီယံ၊ ပြည်ပသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈၀၀ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၁၀၀ ဘီလီယံနှင့် ကုန်သွယ်မှုလိုငွေကို အမေရိကန်ဒေါ်လာ ၅၀၀ သန်းသာရှိရန် ရည်မှန်းဆောင်ရွက်မည် ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း မျှော်မှန်းချက်နှင့် ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်များအပေါ်တွင် အခြေခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သီးသန့်ငွေတိုးတက်မှုကို ၁၆ ရာခိုင်နှုန်း၊ ငွေကြေးပမာဏတိုးတက်မှုကို ၂၃ ရာခိုင်နှုန်း အသီးသီးရရှိစေရန် ရည်မှန်းချက်ထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် မတ်လကုန်အထိ ကိန်းဂဏန်းများအရ သီးသန့်ငွေတိုးတက်မှုနှုန်းမှာ ၆ ရာခိုင်နှုန်း၊ စုစုပေါင်းငွေကြေးပမာဏတိုးတက်မှုနှုန်းမှာ ၁၈ ရာခိုင်နှုန်း ရရှိခဲ့ပါကြောင်း။

၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုး ၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြစ်ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရဘတ်ဂျက်လိုငွေအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းမှုကို ဘတ်ဂျက်လိုငွေ၏ ၂၀ ရာခိုင်နှုန်းအတွင်း ဖြည့်ဆည်းရန် ရည်မှန်းဆောင်ရွက်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ငွေကြေးပမာဏကို အကျိုးသက်ရောက်စေသည့် အခြားအချက်များဖြစ်သော နိုင်ငံခြားသုံးငွေရရန်ပိုင်ခွင့်များနှင့် ပြည်တွင်းချေးငွေတိုးတက်မှုများကို ထည့်သွင်းစဉ်းစားလျက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ငွေကြေးပမာဏ ရည်မှန်းချက်ကို သီးသန့်ငွေကြေးပမာဏ တိုးတက်မှုအား ၁၁ ရာခိုင်နှုန်းနှင့် စုစုပေါင်းငွေကြေး ပမာဏ တိုးတက်မှုကို ၂၁ ရာခိုင်နှုန်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေကို ဖြည့်ဆည်းပေးရန်အတွက် ယခင်နှစ်ကဲ့သို့ ညွှန်းကိန်း (၆)ခုဖြင့် တွက်ချက်ပြီး မူလထောက်ပံ့ငွေထက် ငွေကျပ် ၈၇ ဘီလီယံ ပိုမိုပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ငွေကျပ် ၁ ဒသမ ၇၉၄ ထရီလီယံ လျာထားပေးခဲ့ပါကြောင်း။

## ကောက်ခံရရှိသည့်အပေါ် မူတည်၍ ခွဲဝေပေးခဲ့

တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေပေးသော အခွန်ဝေစုနှင့် ပတ်သက်ပြီး နိုင်ငံပိုင်ကဏ္ဍမှ ကောက်ခံရရှိသည့် ငွေကျပ် ၅၄ ဒသမ ၂၅၅ ဘီလီယံကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ ညွှန်းကိန်းများဖြင့် တွက်ချက်ခွဲဝေပေးခဲ့ပြီး ပုဂ္ဂလိကကဏ္ဍနှင့် သမဝါယမကဏ္ဍတို့မှ တင်သွင်းသည့် သွင်းကုန်များအပေါ် ကောက်ခံရရှိသော ငွေများမပါ ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅ ရာခိုင်နှုန်း၊ အထူးကုန်စည်ခွန်၏ ၁၅ ရာခိုင်နှုန်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ဝင်ငွေခွန်၏ ၅ ရာခိုင်နှုန်းနှင့် တံဆိပ်ခေါင်းခွန်၏ ၂ ရာခိုင်နှုန်းတို့ကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကောက်ခံရရှိသည့်အပေါ် မူတည်၍ ခွဲဝေပေးခဲ့ပါကြောင်း၊ စုစုပေါင်းခွဲဝေပေးသည့် ပမာဏမှာ ငွေကျပ် ၃၃၆ ဒသမ ၉၁၈ ဘီလီယံ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ကျပ် ၃၂ ဒသမ ၂၀၀ ဘီလီယံကိုလည်း ယခင်နှစ်များနည်းတူ လျာထားပေးခဲ့ပါကြောင်း တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်းက ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် လုပ်ငန်းစီမံချက်ရေးဆွဲ၍ အသေးစိတ်စီမံချက်များ ရေးဆွဲနိုင်ရန် ဦးစီးကော်မတီ၊ မူဝါဒဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဝန်ထမ်းရေးရာလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးကြီးကြပ်မှုလုပ်ငန်းကော်မတီ၊ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသည့် ပြစ်မှုများသတ်မှတ်ရေး လုပ်ငန်းကော်မတီ၊ စည်းမျဉ်း စည်းကမ်းများဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများနှင့် စပ်လျဉ်း၍ ဆင်းရဲနွမ်းပါးသူအဖြစ် မှတ်ယူရမည့်အချက်များ သတ်မှတ်ရေးလုပ်ငန်းကော်မတီ၊ ဥပဒေဆိုင်ရာ အသိပညာပေးရေး

*စာမျက်နှာ ၈ သို့*

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ(**ယာပုံ**) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ စတင်ကျင်းပသည့် နဝမပုံမှန်အစည်းအဝေးကာလအတွင်း ဆွေးနွေးကြရမည့် ဥပဒေကြမ်းများအနေဖြင့် ၂၃ ခု ရှိပါကြောင်း၊ အဆိုများအနေဖြင့် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့ပြီး ဆွေးနွေးရန် ကျန်အဆို ၄ ခုနှင့် အသင့်ဖြစ်အဆို ၃ ခုရှိသည့်အတွက် ဆွေးနွေးရန် အဆို စုစုပေါင်း ၇ ခု ဖြစ်ပါကြောင်း၊ မေးခွန်းများအနေဖြင့် အဋ္ဌမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ၁၃၇ ခုအပါအဝင် အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း ၁၅၆ ခု ရှိပါကြောင်း။

## အဆိုပြုချက်များကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်

ယနေ့ကာလသည် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံကို အလေးထားဆောင်ရွက်နေသည့်ကာလ ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ချမှတ်ပြီး အားသွန်ခွန်စိုက် ဆောင်ရွက်နေသကဲ့သို့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများ၏ အဆိုပြုချက်များကို အခြေခံပြီး ထွက်ပေါ်လာသည့် သဘောတူညီချက်များမှတစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်သွားကြရာတွင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမစတင်မီ ဇူလိုင် ၁၀ ရက်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ နှစ်ဦး ဦးစီး၍ ညီလာခံတက်ရောက်ကြမည့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များကို တွေ့ဆုံ၍ စနစ်တကျနှင့် ထိရောက်စွာ ချိတ်ဆက်ဆွေးနွေးနိုင်စေရန် ဆွေးနွေးမည့် အစုအဖွဲ့ ၅ ဖွဲ့ကို တာဝန်ပေးအပ်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့များတွင် ပါတီစုံနှင့် တိုင်းရင်းသားပေါင်းစုံမှ ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း၊ ညီလာခံကာလတစ်လျှောက်လုံးတွင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အားကောင်းမောင်းသန်စွာနှင့် ပါဝင်ဆွေးနွေးခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် မိမိတို့လွှတ်တော်များမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ပြည်သူ့အသံကို ထင်ဟပ်စေမည့် လွှတ်တော်သည် ပြည်သူများ အားကိုးထိုက်သည့် ဥပဒေပြုရေးမဏ္ဍိုင်ကြီးဖြစ်ရန် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် ဥပဒေပြုရေးတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ပြည်သူများ၏ ကိုယ်လုံခြုံမှု၊ စိတ်လုံခြုံမှုကို ကာကွယ်မြှင့်တင်ပေးနိုင်သည့် ဥပဒေများ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်တွင် တင်သွင်းသည့် အဆိုများသည် ပြည်သူ့အသံကို ထင်ဟပ်နေသည့်အဆိုများ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ မေးမြန်းသည့် မေးခွန်းများသည်လည်း ပြည်သူ့သဘောထားများကို ဖော်ပြသည့်မေးခွန်းများ ဖြစ်ရမည် ဖြစ်ပါကြောင်း။

## လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်စည်းကမ်းများနှင့် အညီလိုက်နာ ပြည်သူ့ကိုယ်စားလှယ်များ စွမ်းဆောင်ရည် မြင့်မား

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်တာဝန်များ ဆောင်ရွက်သည့်အခါ လွှတ်တော်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအတိုင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ် စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူ့ကိုယ်စားလှယ်များ စွမ်းဆောင်ရည်မြင့်မားပါမှ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုထိရောက်စွာ သယ်ပိုးဆောင်နှင်းပေးနိုင်မည် ဖြစ်သည့်အတွက် မိမိတို့၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အမြဲအားထုတ်ကြိုးပမ်းကြရန် တိုက်တွန်း ပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးကြူ၏ ၂၀၁၈ ခုနှစ် ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ ဂျပန်နိုင်ငံ 13th Study Tour of the Legal Project သို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၈ ခုနှစ် ဇူလိုင် ၉ ရက်မှ ၁၃ ရက်အထိ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ လွှတ်တော်သို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်နှင့် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၂၇ ရက် အထိ နယ်သာလန်နိုင်ငံ HIV ကာကွယ်ရေးနှင့် ဆေးထိုးအပ်သွင်းသူများ အန္တရာယ်လျော့ပါးရေးဆိုင်ရာမူဝါဒနှင့် ဆောင်ရွက်မှုများအား လေ့လာရေးနှင့် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ AIDS ညီလာခံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တို့ကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **တံဆိပ်ခေါင်းအရောင်းလိုင်စင်ချထားပေးရာတွင် ရောင်းချခွင့်ရှိသည့် တံဆိပ်ခေါင်းအမျိုးအစားနှင့် လက်ဝယ်ထားရှိနိုင်ခွင့်ပမာဏ၊ ထိန်းသိမ်းထားရှိရမည့် စာရင်းမှတ်တမ်းအမျိုးအစားများ၊ ရာသီဥတုကြောင့်ဖြစ်စေ၊ ပိုးမွှားအန္တရာယ်ကြောင့်ဖြစ်စေ ပျက်စီးမှုများ ဖြစ်ပေါ်လာသည့်အခါ အစားထိုးလဲလှယ်နိုင်ခွင့်၊ သတ်မှတ်တန်ဖိုးထက် ပိုမိုရောင်းချခြင်းမပြုနိုင်အောင် ဆောင်ရွက်သည့် ကြီးကြပ်မှုစနစ်နှင့် စည်းကမ်းဖောက်ဖျက်သူများ၊ တရားမဝင် ရောင်းဝယ်နေမှုများအား မည်သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းကို သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်သူလူထုအနေဖြင့် လိုအပ်သည့် တံဆိပ်ခေါင်းများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် နေပြည်တော်တွင် ရုံးအမှတ်(၄၆) ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၆)လမ်း (အလယ်ဘလောက်)တို့ တွင် တံဆိပ်ခေါင်း ဗဟိုအရောင်းကောင်တာများ ဖွင့်လှစ်၍ ရောင်းချပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်း အခွန်တံဆိပ်ခေါင်းများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ ထိန်းသိမ်းထားရှိရမည့် စာရင်းမှတ်တမ်းအမျိုးအစားများနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၇ တွင် လိုင်စင်ရရှိသူသည် ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူထံမှ ဝယ်ယူရရှိသည့် တံဆိပ်ခေါင်းအရေအတွက်နှင့် တန်ဖိုး၊ ပြန်လည်ရောင်းချသည့် တံဆိပ်ခေါင်းအရေအတွက် တန်ဖိုး၊ လက်ကျန်တံဆိပ်ခေါင်းအရေအတွက်နှင့် တန်ဖိုးတို့ကို နေ့အလိုက် စာရင်းပြုစုထားရှိရမည်ဟူ၍လည်းကောင်း၊ နည်းဥပဒေ ၂၉ တွင် ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများသည် မိမိရောင်းချသော တံဆိပ်ခေါင်းများနှင့် စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်ထုတ်ပေးထားသည့် မှတ်ပုံတင်စာအုပ်တွင် မှန်ကန်ပြည့်စုံစွာ ချက်ချင်းရေးသွင်းထားရမည့်အပြင် အဆိုပါမှတ်ပုံတင်စာအုပ်၏ နောက်ဆုံးစာတိုင်တွင် ဝယ်ယူသည့် ကိစ္စအကြောင်းအရင်းအား မှတ်တမ်းတင်ထားရှိမည်ဟု ဖော်ပြထားပါကြောင်း၊ နည်းဥပဒေ(၁၇)နှင့် (၂၉)အရ မှတ်ပုံတင်စာအုပ်များကို မဖြစ်မနေ ထားရှိရမည်ဖြစ်ပါကြောင်း။

ရာသီဥတုကြောင့်ဖြစ်စေ၊ ပိုးမွှားအန္တရာယ်ကြောင့်ဖြစ်စေ ပျက်စီးမှုများဖြစ်ပေါ်လာသည့်အခါ အစားထိုးလဲလှယ်နိုင်ခွင့်ပေးမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ တံဆိပ်ခေါင်းဥပဒေ ပုဒ်မ ၅၃ အရ ပျက်စီးယိုယွင်းသည့် သို့မဟုတ် မှားယွင်းအသုံးပြုမိသည့် တံဆိပ်ခေါင်းအတွက် ခွင့်ပြုသည့် ကိစ္စတစ်ရပ်ရပ်တွင် ကော်လိတ်တော်အရာရှိသည် ထိုတံဆိပ်ခေါင်းများအစား အမျိုးအစားတူ၍တန်ဖိုးတူသော အခြားတံဆိပ်ခေါင်းများကို ပေးနိုင်သည် (သို့မဟုတ်)လျှောက်ထားသူက အလိုရှိပြီး မိမိကလည်း သင့်သည်ထင်မြင်လျှင် တန်ဖိုးတူသော အခြားတံဆိပ်ခေါင်းအမျိုးအစားကို ပေးနိုင်သည် သို့မဟုတ် မိမိ၏ ဆင်ခြင်တုံတရားအရ ကျပ် ၁၀၀ စီလျှင် ၁၀ ကျပ်ကျစီနုတ်၍ သို့မဟုတ် ကျပ် ၁၀၀ ၏ အစိတ်အပိုင်းအတွက် ၁၀ ကျပ်နုတ်၍ ကျန်သည့်တန်ဖိုးနှင့် တူညီသည့် ငွေသားကို ပေးနိုင်သည်ဟု ဥပဒေပြဋ္ဌာန်းထားပါကြောင်း။

သတ်မှတ်တန်ဖိုးထက် ပိုမိုရောင်းချခြင်းမပြုနိုင်ရန် ဆောင်ရွက်သည့် ကြီးကြပ်မှုစနစ်နှင့် စည်းကမ်းဖောက်ဖျက်သူများ၊ တရားမဝင်ရောင်းဝယ်နေမှုများအား မည်သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၆၉ တွင် အခွန်တံဆိပ်ခေါင်းရောင်းချရန် အခွင့်အာဏာအပ်နှင်းထားသူတစ်ဦးဦးသည် ပုဒ်မ ၇၄ အရ ပြုလုပ်သည့် နည်းဥပဒေတစ်ရပ်ရပ်ကို မလိုက်နာလျှင်သော်လည်းကောင်း၊ ထိုကဲ့သို့ အခွင့်အာဏာ အပ်နှင်းထားခြင်း မရှိသူတစ်ဦးဦးသည် ၁၀ ကျပ်တန် ကပ်နှိပ်တံဆိပ်ခေါင်းမှစ၍ အခြားတံဆိပ်ခေါင်းတစ်ခုခုကို ရောင်းချလျှင် သို့မဟုတ် ရောင်းချရန်ကမ်းလှမ်းလျှင်လည်းကောင်း၊ ထိုသူကို ထောင်ဒဏ် ၆ လ အထိဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဟူ၍ ပြဋ္ဌာန်းထားရှိပါကြောင်း။

## လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ တိကျစွာလိုက်နာ

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်တံဆိပ်ခေါင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ ဌာနမှ ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူနှင့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် စိစစ်ကြပ်မတ်မှုများ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများနှင့် မြို့နယ်ရုံးများသို့ ဌာနတွင်းညွှန်ကြားချက်များ ထုတ်ပြန်၍လည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စည်းကမ်းဖောက်ဖျက်သူများကို လိုင်စင်ပိတ်သိမ်းအရေးယူခြင်း၊ တရားမဝင်ရောင်းဝယ်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်ခြင်း၊ သတင်းပေးတိုင်ကြားစေသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်း စသည်တို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဖားဆောင်း မဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၏ **ဖားဆောင်းမြို့နယ် တောင်သူများ အစိုးရသတ်မှတ် ဈေးနှုန်းဖြင့် ထွန်ယက်နိုင်ရေးအတွက် မြို့နယ်ပိုင် လယ်ထွန်စက်ကြီး နှစ်စီး၊ လက်တွန်းထွန်စက် လေးစီးနှင့် လယ်စပါးရိတ်သိမ်းခြွေစက်များကို ချပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဖားဆောင်းမြို့နယ်တွင် ထွန်ယက်ရေးလုပ်ငန်းများ ရာသီအချိန်မီ ဆောင်ရွက်နိုင်ရန်အတွက် အမှတ်(၈၆) စက်မှုလယ်ယာစခန်း လွိုင်ကော်မြို့မှ ဌာနပိုင်ထွန်စက်ကြီးနှစ်စီးကို ပေးပို့ပြီး ဖားဆောင်းမြို့နယ် ကျောက်မဲညိုကျေးရွာတွင် ရှေ့တန်းစခန်းဖွင့်လှစ်ကာ ၂၀၁၈ ခုနှစ် မေ ၁၄ ရက်မှစ၍ ထွန်ယက်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လတ်တလောအခြေအနေတွင် စပါးရိတ်သိမ်းခြွေလှေ့စက်ဖြည့်တင်းရန် ရန်ပုံငွေလျာထားနိုင်ခြင်း မရှိသေးသည့်အတွက် ဖားဆောင်းမြို့နယ်အတွက် ရိတ်သိမ်းခြွေလှေ့စက် ခွဲဝေချထားပေးနိုင်ခြင်း မရှိသေးပါကြောင်း။

## လက်တွန်းထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးကိစ္စအတွက်ကိုသာ ဆောင်ရွက်ပေး

လက်တွန်းထွန်ယက်ရေး အငှားဝန်ဆောင်မှုကို ဌာနမှဆောင်ရွက်ပေးခြင်း မရှိသော်လည်း လက်တွန်းထွန်စက်ဝယ်ယူလိုသည့် တောင်သူများရှိပါက လွိုင်ကော်စက်မှုလယ်ယာစခန်းများမှတစ်ဆင့် လက်ငင်းစနစ်ဖြင့် လည်းကောင်း၊ အရစ်ကျစနစ်ဖြင့် လည်းကောင်း ဌာနမှရောင်းချပေးလျက်ရှိပါကြောင်း၊ထွန်စက်ကြီးနှင့် စပါးခြွေလှေ့စက်များကို ဝယ်ယူလိုသည့် တောင်သူများအတွက် ဌာနမှအရစ်ကျစနစ်ဖြင့် လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်၍ ကနဦး ၁၀ ရာခိုင်နှုန်း ပေးသွင်းပြီးနောက် ၃ နှစ် ၇ ရစ်စနစ်ဖြင့် လည်းကောင်း ဝယ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်တွန်းထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များ ချထားပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးကိစ္စအတွက်ကိုသာ ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ဌာနမှ သတ်မှတ်ဈေးနှင့် ထွန်ယက်ပေးနိုင်ရေးအတွက် ဌာနပိုင်လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များကို လတ်တလောအခြေအနေတွင် ခွဲဝေချထားပေးနိုင်ခြင်းမရှိသေးသည့် အခြေအနေဖြစ်ပါကြောင်း၊ဌာနမှသတ်မှတ်ဈေးနှင့် ထွန်ယက်ပေးနိုင်မည့် ထွန်စက်နှစ်စီးကို ဖားဆောင်းမြို့နယ်တွင် စက်မှုလယ်ယာဝန်ဆောင်မှု ရှေ့တန်းစခန်းဖွင့်ပြီး ခွဲဝေချထားပေးပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **စာချုပ်စာတမ်း မှတ်ပုံတင်ရာတွင် သဘောသဘာဝချင်းကွဲပြားသည့် ရောင်းခွန်ဝယ်ခွန်များ ထမ်းဆောင်ခြင်းနှင့် မှတ်ပုံတင်ကြေးပေးသွင်းခြင်းတို့ကို သီးခြားစီပေးဆောင်စေရန် ပြင်ဆင်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မှတ်ပုံတင်ကြေးပေးသွင်းရန်နှင့် ကျသင့်တံဆိပ်ခေါင်းတန်ဖိုး သတ်မှတ်ရာတွင် အခြေခံထားတွက်ချက်ရန် စာချုပ်စာတမ်း မှတ်ပုံတင်လုပ်ငန်းစိစစ်ရေးအဖွဲ့မှ သတ်မှတ်ပေးသည့် စံတန်ဖိုး(Guidence Value)နှင့် တွက်ချက် နည်းစနစ်များကို စာချုပ်စာတမ်း မှတ်ပုံတင်မည့် ပြည်သူများသိရှိနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာ ဖော်ပြပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၁၉၀၈ ခုနှစ် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ၊ ၂၀၁၈ ခုနှစ် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေများနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ယခင်အမည်-ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန)မှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

*စာမျက်နှာ ၉ သို့*



# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးပထမနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောဥပဒေကြမ်းတစ်ခုအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏အကျိုးအတွက် ပိုမိုသယ်ပိုးဆောင်ရွက်နိုင်မည်ဟုမျှော်လင့်

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လွှတ်တော်သက်တမ်းသည် နှစ်နှစ်ကျော် နှစ်နှစ်ခွဲနီးပါးရှိလာပြီဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်တိုင်ဖြည့်ဆည်းမှု၊ လေ့လာမှုအရ ထိုက်သင့်သည့် အတွေ့အကြုံများ ရရှိလာပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုနဝမပုံမှန် အစည်းအဝေးကာလအတွင်း နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏ အကျိုးအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပိုမိုပြီး သယ်ပိုးဆောင်ရွက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း ပြောကြားသည်။

## ရခိုင်ပြည်နယ်အတွင်းရှိ မြစ်များ၊ ချောင်းများကို ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ တူးဖော်ဆောင်ရွက်ပေးလျက်

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ်အတွင်းရှိ မြစ်များ၊ ချောင်းများနှင့် မြစ်ဝများ၊ ချောင်းဝများတွင် အနည်ကျပိတ်ဆို့နေသော သဲသောင်များကို စီမံကိန်းများရေးဆွဲပြီး တူးဖော်ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရခိုင်ပြည်နယ်အတွင်းရှိ မြစ်ကြီးများ၊ ထင်ရှားသည့် ချောင်းများ ရေစီးရေလာ ကောင်းမွန်ရေး၊ မြစ်ဝချောင်းဝများရှိ သဲသောင်ခုံများ ပိတ်ဆို့နေမှုအား တူးဖော်ရှင်းလင်းရန်မှာ တူးဖော်ရမည့် ပမာဏအလွန်များပြားမည် ဖြစ်သည့်အတွက် ငွေကြေးသုံးစွဲမှုမှာလည်း များပြားမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြစ်များ၊ ချောင်းများကို လိုအပ်သည့် အရေးကြီးအပိုင်းများအလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ တူးဖော်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး အတိုင်းအတာဖြင့် မြစ်များ၊ ချောင်းများနှင့် မြစ်ဝများ၊ ချောင်းဝများ သောင်တူးဖော်ဖယ်ရှားခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ရန်မှာ နိုင်ငံတော်၏ အထူးစီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်မှသာ ဖြစ်နိုင်ခြေရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## မြန်မာအမျိုးသား လေကြောင်း မြစ်ကြီးနား - ပူတာအို အသွားအပြန် ခရီးစဉ်ကို တစ်ပတ် ၅ ကြိမ် တိုးချဲ့ပျံသန်းပေးလျက်ရှိ

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး၏ **ကချင်ပြည်နယ်အတွင်းရှိ သွားလာရေးခက်ခဲသော ခေါင်လန်ဖူး၊ နောင်မွန်း၊ မချမ်းဘော၊ ပူတာအိုမြို့နယ်များအတွင်း တာဝန်ကျနေသော ပညာရေးဝန်ထမ်းဆရာဆရာမများအား နှစ်စဉ်ကျောင်းဖွင့်ချိန်နှင့် နွေရာသီကျောင်းပိတ်ရက်များတွင် သွားလာရေးလွယ်ကူစေရန် ပူတာအို - မြစ်ကြီးနား လေယာဉ်ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲ၍ ဦးစားပေးလက်မှတ်ရောင်းချပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းသည် ယခင်က မြစ်ကြီးနား - ပူတာအို အသွားအပြန် ခရီးစဉ်ကို တစ်ပတ်လျှင် ၄ ကြိမ် ပျံသန်းပေးခဲ့ရာမှ ၂၀၁၈ ခုနှစ် ဇွန်လ ၅ ရက်မှ စ၍ တစ်ပတ် ၅ ကြိမ်အထိ တိုးချဲ့ပျံသန်းပေးလျက်ရှိပါကြောင်း။

မြန်မာအမျိုးသား လေကြောင်းသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ ပြင်ပမှ မိမိ၏ကိုယ်ပိုင် ဘဏ္ဍာငွေဖြင့် ရပ်တည်နေသော လေကြောင်းလိုင်းဖြစ်ပြီး ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုနှင့် ပြည်တွင်းလေဆိပ် ၂၃ ခု စုစုပေါင်းလေဆိပ် ၂၆ ခုသို့ ပုံမှန်ခရီးစဉ်များပြေးဆွဲပေးနေရခြင်းကြောင့် မြစ်ကြီးနား - ပူတာအိုအသွားအပြန်ခရီးစဉ်ကို အခါအားလျော်စွာခရီးသည်၏ လိုအပ်ချက်များပြားလာသည့် အချိန်များတွင်သာ လေယာဉ်ခေါက်ရေတိုးမြှင့်ပျံသန်းပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နှစ်စဉ်ကျောင်းဖွင့်ချိန်နှင့် နွေရာသီကျောင်းပိတ်ရက်များတွင် သက်ဆိုင်ရာမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ ကြိုတင်အသိပေးညှိနှိုင်းလာပါက ပညာရေးဝန်ထမ်းဆရာဆရာမများအတွက် လေယာဉ်ခေါက်ရေတိုးမြှင့်ပျံသန်းပေး၍လည်းကောင်း၊ သီးသန့်လေယာဉ်ခရီးစဉ်များ စီစဉ်ပေး၍လည်းကောင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး လေယာဉ်လက်မှတ်များကို မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ဦးစားပေး၍ ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ကော့သောင်းမြို့နယ်အတွင်း သင့်တင့်သော ဓာတ်အားခနှုန်းထားဖြစ်စေရန် စီစဉ်ဆောင်ရွက်ထား

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာခင်မောင်ဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်ရှိ ပြည်သူများမှာ လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းကြီးစွာ ပေးနေရပါသဖြင့် သင့်တော်သက်သာသော ဈေးနှုန်းဖြင့် သုံးစွဲနိုင်ရန် ပြည်ထောင်စုအစိုးရမှ စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကော့သောင်းမြို့နယ်အတွင်းသင့်တင့်သော ဓာတ်အားခနှုန်းထားဖြစ်စေရန်၊ အချိန်ပြည့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်၊ ဝန်ဆောင်မှုကောင်းစေရန်တို့အတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ဒါရွေးချယ်အောင်မြင်ခဲ့သည့် ပါချန်ကော့သောင်းဒေသလုံးဆိုင်ရာ လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ချိရေးလုပ်ငန်းနှင့် အထွေထွေဖွံ့ဖြိုးရေးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၆၃၀ ကေဗွီအေဒီဇယ်ဓာတ်အားပေးစက် ၁၀ လုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း။

ထို့ပြင် ကော့သောင်းမြို့နယ်အတွင်း ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဖြန့်ဖြူးပေးနေသည့် လက်ရှိဓာတ်အားခနှုန်းထားထက်သက်သာစေနိုင်ရန် ရည်ရွယ်၍ ကော့သောင်းမြို့တောင်ပေါ်တွင် ၃၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် အလတ်စားလေအားလျှပ်စစ်ထုတ်လုပ် ဖြန့်ဖြူးရေးစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ အကြိုစူးစမ်းလေ့လာ စမ်းသပ်ခြင်းကို ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် Royal Eagle Myanmar Development Group Co.,Ltd. တို့ လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးစောချစ်ဦးနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဒေါက်တာထွန်းနိုင်တို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးကြည်ဝင်းက **အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း** နှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းမူလပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၃ ၏ အခန်း(၂) ဖြစ်သည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့စည်းခြင်း အခန်းတွင် အမျိုးသားလွှတ်တော်က အစားထိုးပြင်ဆင်မှုအဖြစ် ပုဒ်မ- ၃ (က)ကို အစားထိုးပြင်ဆင်လိုက်ပါကြောင်း၊ ထိုသို့အစားထိုးပြင်ဆင်ရာတွင် အခြားသင့်လျော်သော ပုဂ္ဂိုလ်များနေရာ၌ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်တွင် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သင့်လျော်သော ပညာရှင်များဟူ၍ ထပ်မံထည့်သွင်းခြင်းသည် ကိုယ်စားပြုမှုနှင့် ပညာရှင်များပါဝင်လာအောင် မှတ်ချက်ပြုထည့်သွင်းထားခြင်း ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်ကအတည်ပြုပြီး ပြန်လည်ပေးပို့လာသောအခါ ကွဲလွဲချက်အနေဖြင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ သင့်လျော်သည့် ပုဂ္ဂိုလ်များဟူ၍ပါရှိပြီး ပြင်ပမှသင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍လည်းကောင်းဟူ၍ ဖြစ်သည့်အတွက် မူလပြဋ္ဌာန်းချက်နှင့် အနည်းငယ်သာကွာခြားပါကြောင်း၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်တွင် ယနေ့ခေတ်အခြေအနေအရ အခြားသင့်လျော်သောပုဂ္ဂိုလ်များကို ရွေးချယ်အတည်ပြုရန် သတ်မှတ်အဆိုပြုထားခြင်းမှာ သင့်လျော်မှန်ကန်ကြောင်းကို သဘောရိုးဖြင့် တင်ပြခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးဒုတိယနေ့ကို ဇူလိုင် ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**




---

*ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ*

လုပ်ငန်းကော်မတီနှင့် ပြည်တွင်း၊ ပြည်ပ ဆက်ဆံရေးလုပ်ငန်းကော်မတီတို့ကို ၂၀၁၈ ခုနှစ် မေ ၁၈ ရက်က ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်း ဦးဆောင်သည့်အဖွဲ့ကို ၂၀၁၈ ခုနှစ် မေ ၄ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်စေရေးအတွက် အဓိကအကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံချက်စနစ်တကျရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားခဲ့ပါကြောင်း တင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်အဖြစ် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးအား အစားထိုးခန့်အပ်ရန် လွှတ်တော်က သဘောတူကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၂၅ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ ဓာတ်ပုံ - အေးသန်း(သတင်းစဉ်)**

---

# နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့သို့ ပထမအကြိမ် ကွင်းဆင်းလေ့လာ

နေပြည်တော် ဇူလိုင် ၂၃

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့အကြား ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်က လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအား ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ Technical Working Group (TWG) သည် ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့အတွင်း အလားအလာရှိသော စီမံကိန်းတည်နေရာများသို့ သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။**

အဆိုပါ ခရီးစဉ်တွင် TWG အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးတို့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့မှ ကိုယ်စားလှယ်များ ပါဝင်ကြသည်။

ခရီးစဉ်အတွင်း TWG အဖွဲ့မှ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ကကျက်ဘက်ကံပြင်၊ တပ်ရာ၊ စေတီတောင်၊ ဒပြုချောင်း၊ အင်ကြင်းမြိုင်၊ ငါးခူရ၊ ညောင်ချောင်း၊ ရွှေရင်အေး ကျေးရွာအုပ်စုများသို့ သွားရောက်ခဲ့ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။ TWG လုပ်ငန်းအဖွဲ့အနေဖြင့် အလားအလာရှိသော စီမံကိန်းတည်နေရာများအား သွားရောက်လေ့လာကြည့်ရှုခြင်း အပါအဝင် မြေပြင်အခြေအနေမှန်များအား သိရှိနားလည်ရန် အဓိကရည်ရွယ်၍ ကွင်းဆင်း လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုခရီးစဉ်အပြီးတွင် နိုင်ငံတော်အစိုးရ၊ UNDP နှင့် UNHCR တို့မှ ကိုယ်စားလှယ်များပါဝင်သည့် အကဲဖြတ်လေ့လာဆန်းစစ်ရေးအဖွဲ့များ (Assessment Teams)မှ အကောင်အထည်ဖော်ရန်လျာထားသည့် ကျေးရွာအုပ်စုများသို့ ဆောလျင်စွာ ကွင်းဆင်းလေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တွင် သွေးသစ်လောင်းတာဝန်ပေးအပ်မည့် အရာရှိများအား တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြမည့် အရာရှိကြီးများနှင့် အရာရှိတပ်ဖွဲ့ဝင် ၄၄ ဦးကို ယနေ့ ညနေပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး (ဓာတ်ပုံ) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို သွေးသစ်လောင်းဆောင်ရွက်လိုသဖြင့် ယခုကဲ့သို့ ရဲတပ်ဖွဲ့ဝင်များအတွင်းမှ သင့်လျော်သူများကို စိစစ်ထုတ်နုတ် ပြောင်းရွှေ့တာဝန်ပေးအပ် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူ့ညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတင်းစုံစမ်းပြီး မျက်နှာကြီးငယ်မရွေး ဖမ်းဆီးအရေးယူနိုင်ရေး ဦးတည်ဆောင်ရွက်ကြရန်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တွင် စိတ်သစ်လူသစ်ဖြင့် စိတ်ပါနှစ်ပြီး အလုပ်ဖြင့် သက်သေပြရန် စသည်ဖြင့် မှာကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ရဲအရာရှိကြီးများ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြမည့် အရာရှိကြီးများနှင့် အရာရှိတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ ဇူလိုင် ၂၃

**ပြည်နယ်၊ ခရိုင်၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ဓာတ်ပုံ)

အစည်းအဝေးတွင် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နိုင်ငံတော်အနေဖြင့် ယခုနှစ် အကုန်တွင် သိမ်းဆည်းခံလယ်ယာမြေများကို ကာယကံရှင် တောင်သူများထံသို့ အမြန်ဆုံးရောက်ရှိနိုင်ရန် ဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ချက်ချထားပြီး ဖြစ်ကြောင်း၊ မိမိတို့ ပြည်နယ်အနေဖြင့်လည်း လယ်ယာမြေအမှုတွဲများကို ယခုလအကုန်တွင် အပြီးပြတ်ဆောင်ရွက်နိုင်ရန်အတွက် ယခုအစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တောင်သူများသည် ဆုံးရှုံးသွားသည့် လယ်ယာမြေများကို ပြန်လည်ရရှိရေးသည် ပြည်သူများ၏စိတ်ထဲတွင် လိုလားချက်ဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲများ ကိုယ်တိုင် ယခုကိစ္စများကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တက်ရောက်လာကြသော ကော်မတီဝင်များအနေဖြင့်လည်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပွင့်ပွင့်လင်းလင်းဖြင့် တိတိကျကျ အထူးအလေးထား ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ငြိမ်းက မြေယာအမှုတွဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌများက မိမိတို့ခရိုင်အလိုက် သိမ်းဆည်းခံမြေများနှင့်ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်ပြီးစီးမှု၊ စိစစ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်းသိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



**ပြည်သူ့လွှတ်တော်အစည်းအဝေး မှ**

## သတ်မှတ်သည့် တန်ဖိုးအပေါ် ဝင်ငွေခွန် နှင့် တံဆိပ်ခေါင်းခွန်များကို သက်ဆိုင်ရာ မြို့နယ်တွင်ပေးဆောင်

မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းသည့်စာချုပ်တွင် ကျသင့်တံဆိပ်ခေါင်း တန်ဖိုးသတ်မှတ်ရန် အခြေခံထား တွက်ချက်သည့် စံတန်ဖိုးနှင့် တွက်ချက်နည်းစနစ်များသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့် ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ပြည်တွင်းအခွန်များဦးစီးဌာနမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့မှ ဆောင်ရွက်သောကိစ္စရပ် ဖြစ်ပါကြောင်း၊ ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့အနေဖြင့် သတ်မှတ်သည့် တန်ဖိုးအပေါ် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်များကို သက်ဆိုင်ရာ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနတွင် ပေးဆောင်စေပြီးမှသာ တံဆိပ်ခေါင်းများရောင်းချပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စာချုပ်စာတမ်း မှတ်ပုံတင်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ရာတွင် မှတ်ပုံတင်သွင်းလာသည့် စာချုပ်များသည် စာချုပ်အမျိုးအစားအလိုက်၊ တန်ဖိုးအလိုက် တံဆိပ်ခေါင်း လုံလောက်စွာ ကပ်နှိပ်ထားခြင်း ရှိ၊ မရှိ သို့မဟုတ် တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့် ရရှိထားမှု ရှိ၊ မရှိတို့ကို စာချုပ်စာတမ်းများမှတ်ပုံတင် နည်းဥပဒေ ၄၂၊ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲ ငယ်(၂)အရ စိစစ်ပြီးမှ စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေနှင့်အညီ လက်ခံမှတ်ပုံတင်ပေးရပါကြောင်း။

ကိုယ်စားလှယ်လွှဲစာနှင့် ပတ်သက်၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၈၂ ပါ ပြဋ္ဌာန်းချက်အရ သူတစ်ပါးအတွက် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် လွှဲအပ်ခြင်းခံရသူ (သို့မဟုတ်) ခိုင်းစေတာဝန်ပေးအပ်ခြင်းခံရသူကို လည်းကောင်း၊ အခြားသူတို့နှင့် အမှုကိစ္စဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအတွက် ယင်း၏ ကိုယ်စားပြုလုပ်ဆောင်ရွက်သူကိုလည်းကောင်း၊ ကိုယ်စားလှယ်ဟုခေါ်၍၊ ဤကဲ့သို့ ကိုယ်စားတာဝန်လွှဲအပ်ပေးခြင်းသည် ကိုယ်စားလှယ်လွှဲအပ်ခြင်းဖြစ်ပြီး ကိုယ်စားလှယ် လွှဲအပ်ခြင်းကို General Power (သို့မဟုတ်) Speical Power များ လွှဲအပ်ပေးခြင်းဖြစ်ပါကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၅၄၊ အပိုဒ် ၂ အရ ငွေတစ်သိန်းကျပ်နှင့် အထက်တန်ဖိုးရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကို လွှဲပြောင်းရောင်းချရာတွင် မှတ်ပုံတင်စာချုပ်ဖြင့်သာ ပြုလုပ်ရမည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူများသည် စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

## လုပ်ငန်းတစ်ခုနှင့် တစ်ခုအပြန်အလှန်ဆက်စပ်မှုများ ရှိနေသည့်အတွက် သီးခြားစီဆောင်ရွက်ပေး၍မရ

ကိုယ်စားလှယ်လွှဲအပ်ခြင်းသည် ပစ္စည်းလွှဲပြောင်းရောင်းချခြင်း မဟုတ်ဘဲ မိမိ၏ လုပ်ငန်းကိစ္စတစ်ရပ်ရပ်ကို မိမိကိုယ်စား အခြားသူတစ်ဦးဦးက ဆောင်ရွက်နိုင်ရန် ကိုယ်စားတာဝန်ပေးအပ်ခြင်းသာ ဖြစ်သည့်အတွက် General Power, Special Power အရပ်ကတိစာချုပ်များဖြင့် အဆင့်ဆင့် လွှဲပြောင်းရောင်းချဝယ်ယူနေကြသူများအနေဖြင့် ပိုင်ဆိုင်မှုလွှဲပြောင်းကြရာတွင် တည်ဆဲဥပဒေများနှင့် ညီညွတ်စွာ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရာတွင် သဘောသဘာဝချင်းကွဲပြားသည့် ရောင်းခွန်၊ ဝယ်ခွန်များ ထမ်းဆောင်ခြင်းနှင့် မှတ်ပုံတင်ကြေးပေးသွင်းခြင်းတို့သည် သဘောသဘာဝမတူသော်လည်း လုပ်ငန်းတစ်ခုနှင့် တစ်ခုအပြန်အလှန်ဆက်စပ်မှုများ ရှိနေသည့်အတွက် သီးခြားစီဆောင်ရွက်ပေး၍ မရပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်နှင့် မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက **စိုက်ပျိုးရေးစက်ကိရိယာများ အပြည့်အဝမတင်သွင်း မသုံးစွဲနိုင်ခင်မှာ ရာသီအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်စေရန် လယ်ယာတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ နွားများအား ပြင်ပသို့ တင်ပို့ရောင်းချနေခြင်းအား ကန့်သတ်တားမြစ်ပေးပါရန်နှင့် မှန်ကန်စွာ ကူညီထောက်ပံ့ဖြေရှင်းပေးပါရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၂၃၁ မဲ၊ ကန့်ကွက်မဲ ၁၀၄ မဲ၊ ကြားနေမဲ ၄ မဲဖြင့် ထောက်ခံမဲများသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်း**တို့ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

❍ ကျောဖုံးမှ

ပွဲစဉ် (၁၁) အဖြစ် ဇူလိုင် ၂၄ ရက်တွင် ဂန္ဓမာအသင်းနှင့် YREO အသင်း၊ ဇူလိုင် ၂၅ ရက်တွင် အား/ကာ သိပ္ပံအသင်းနှင့် တက္ကသိုလ်အသင်း၊ ဇူလိုင် ၂၆ ရက်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် သစ္စာအားမာန်အသင်း၊ ဇူလိုင် ၂၇ ရက်တွင် မြဝတီအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ချန်ပီယံဆုအတွက် မြဝတီအသင်းကို လိုက်လံဖိအားပေးနေသည့် သစ္စာအားမာန်အသင်းသည် အား/ကာ ဦးစီးဌာနအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး အနိုင်ရရန် ခက်ခက်ခဲခဲကစားရဖွယ် ရှိနေသည်။ လက်ရှိချန်ပီယံ မြဝတီအသင်းသည် ဇွဲကပင်အသင်းနှင့် တွေ့ဆုံနေသောကြောင့် ရှုံးကန်ရနိုင်သော်လည်း အမှတ်ပြည့်ရယူသွားဖွယ်ရှိနေသည်။ သစ္စာအားမာန်အသင်းသည် ယခုပွဲအနိုင်ရပါက ချန်ပီယံဆုအတွက် မြဝတီအသင်းနှင့်သာ ပြိုင်ဆိုင်ရဖွယ်ရှိနေသည်။

ပွဲစဉ် (၁၀) အပြီးတွင် မြဝတီနှင့် သစ္စာအားမာန်အသင်းက ၂၈ မှတ်စီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ၂၄ မှတ်၊ ဇွဲကပင်အသင်းက ၁၄ မှတ်၊ YREO အသင်းက ၁၁ မှတ်၊ အား/ကာ သိပ္ပံအသင်းက ငါးမှတ်၊ ဂန္ဓမာအသင်းက လေးမှတ်၊ တက္ကသိုလ်အသင်းက တစ်မှတ်ရထားသည်။ **ရဲရင့်ရှိုင်း**

# ပဲတို့၏ မာယာ သို့မဟုတ် ပဲ (မူရာ) များသော ပဲလောက (အပိုင်း-၁)

**မောင်တိုးအောင်**

ပဲမျိုးစုံဈေးကွက် အခြေအနေအပြောင်းအလဲများတာကို သတိပြုမိအောင် စာရေးဆရာမ ဂျူးရဲ့ မြစ်တို့၏မာယာ ဝတ္ထုခေါင်းစဉ်ကို နမူနာယူပြီး **ပဲတို့၏မာယာ** ဆိုတဲ့ခေါင်းစဉ်တပ်လိုက်ရခြင်း ဖြစ်ပါတယ်။ မောင်တိုးအောင်က စီးပွားရေးပညာရှင်၊ စိုက်ပျိုးရေးပညာရှင်မဟုတ်ပါ။ ဒါပေမယ့် ဖြတ်သန်းခဲ့ရတဲ့ လုပ်ငန်းအတွေ့အကြုံလေးရယ်၊ ငယ်စဉ်ကတည်းက ဆရာသမား၊ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများရဲ့ သင်ကြားပြောဆိုဆွေးနွေးခဲ့တာတွေရယ်၊ ဆရာဦးသန်းထွန်း (မောင်ဒဗ္ဗ) ရဲ့ ပဲမျိုးစုံအကြောင်း သိကောင်းစရာအဖြာဖြာ စာတမ်းတွေကို အခြေခံပြီး ပဲမျိုးစုံကဏ္ဍပြောင်းလဲဖြစ်ပေါ်နေပုံတွေအပေါ် နားလည်သိသလောက် တင်ပြခြင်းသာဖြစ်ပါတယ်၊ တွေ့ရှိသုံးသပ်ချက်တွေမှာ ချွတ်ယွင်းချက်၊ အားနည်းချက်တွေရှိရင် စာရေးသူရဲ့ညံ့ဖျင်းမှုလို့ ကြိုတင်ဝန်ခံပါရစေ။

ပဲမျိုးစုံထဲမှာ မြန်မာလူမျိုးများ အဓိကစားသုံးဖို့စိုက်တဲ့ ပဲနဲ့၊ ပြည်ပကိုတင်ပို့ရန်ရည်ရွယ်ချက်နဲ့စိုက်တဲ့ ပဲဆိုပြီး နှစ်မျိုးရှိပါတယ်။

မြန်မာလူမျိုးတို့အဓိကစားသုံးတဲ့ပဲတွေကတော့ စားတော်ပဲ(ပဲပြုတ်လုပ်တဲ့ စားတော်ပဲကို နောက်ပိုင်း ဈေးသက်သာပြီး ပြည်ပကတင်သွင်းတဲ့ ပဲဝါလေးအစားထိုးသုံးလာပါတယ်)၊ ကုလားပဲ (ပဲဝါလေးကိုအခြမ်းခွဲပြီး အစားထိုးသုံးတာရှိပါတယ်)၊ ပဲနီလေး(ပဲရာဇာ)၊ ပဲကြီး၊ ပဲကြား၊ ပဲကတ္တီပါ၊ ပဲပုပ်စတာတွေက ထင်ရှားပါတယ်။ ဒီထဲကတချို့ကိုလည်း ပြည်ပတင်ပို့တာရှိပါတယ်။

ပြည်ပကိုအဓိကတင်ပို့ရန် စိုက်တဲ့ပဲတွေကတော့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွန်းဖြူ၊ ထောပတ်ပဲ၊ စွန်တာနီ၊ စွန်တာပြာ၊ မြေထောက်ပဲ စတာတွေဖြစ်ပြီး ဒီအထဲက လည်း ပြည်တွင်းမှာ စားတာလည်း နည်းနည်းပါးပါးရှိပါတယ်။

မြန်မာနိုင်ငံမှာ ပဒေသရာဇ် (ဘုရင်) ခေတ်ကတည်းက ပဲကိုစိုက်ပျိုးစားသုံးမှုများ ရှိခဲ့ပါတယ်။ အထောက်အထားများအရ ကုန်းဘောင်ခေတ်နောက်ပိုင်းမှာ အထက်မြန်မာနိုင်ငံမှာ ပဲစိုက်ပျိုး ရောင်းဝယ်စားသုံးမှုများနှင့် အကျွမ်းတဝင်ရှိခဲ့ပြီး အောက်မြန်မာနိုင်ငံမှာ ကိုလိုနီခေတ်အစောပိုင်း အိန္ဒိယနွယ်ဖွားများရောက်ရှိလာပြီးနောက်ပိုင်း ပဲစိုက်ပျိုးစားသောက်မှုများလာကြောင်း သိရပါတယ်။ ပဲစိုက်သောခရိုင်များအဖြစ် စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ မန္တလေး၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မင်းဘူး၊ သရက်၊ ပြည်၊ သာယာဝတီ၊ ဟင်္သာတ၊ မအူပင်ဒေသဖြစ်ကြပြီး ဒုတိယကမ္ဘာစစ်ကာလအထိ ဧက ၁ ဒသမ ၃၅ သန်းအထိ ရှိခဲ့ရာမှာ စစ်အတွင်းအနည်းငယ်လျော့သွားပြီး လွတ်လပ်ရေးရခါနီးကာလတွင် ဧကတစ်သန်းနီးပါး ပြန်ဖြစ်လာပါတယ်။ ထိုစဉ်က အများဆုံးစိုက်ပျိုးတဲ့ပဲသည် ပဲစင်းငုံနှင့် ကုလားပဲများဖြစ်ပြီး အထက်မြန်မာပြည်နှင့် အလယ်ပိုင်းမှာ အများဆုံးစိုက်ပျိုးကြပါတယ်။

ပြည်ပတင်ပို့မှုကိုလေ့လာတဲ့အခါမှာ မြန်မာဘုရင်များလက်ထက်ကတည်းက ရှိခဲ့သော်လည်း ကိန်းဂဏန်းများတိတိကျကျမသိခဲ့ရပါ။ စာရင်းဇယားများအရ ၁၉၂၁-၂၂ မှာ ပဲမျိုးစုံ တန် ၁ ဒသမ ၃ သိန်းခန့်သာ တင်ပို့ရာမှ ၁၉၃၆-၃၇ မှာ ၁ ဒသမ ၇ သိန်းထိဖြစ်လာပါတယ်။ ထိုစဉ်ကတင်ပို့တဲ့ ပဲတွေက ကုလားပဲ၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ စွန်တာနီ၊ စွန်တာပြာ၊ ဗိုလ်ကိတ်ပဲ၊ ပဲယင်းတွေပါတယ်လို့ သိရပါတယ်။

၁၉၃၀ ပြည့်နှစ်လောက်ကစပြီး မအူပင်ခရိုင်မှာ စပါးစိုက်လယ်ယာမြေများမှာ ကောက်ရိတ်ပြီးချိန် အောက်တိုဘာလ၊ နိုဝင်ဘာလလောက်ကစပြီး ပဲစိုက်တဲ့ အလေ့အထရှိခဲ့ကြရာ အဲဒီအချိန်က သီးထပ်ဧက တစ်သောင်းလောက်ထိရှိတယ်လို့ သိရပါတယ်။ ယခုအခါ အောက်မြန်မာပြည် ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးတွေမှာ မိုးစပါးပြီးရင် ပဲစိုက်တဲ့အလေ့အထဟာ ဆိုရှယ်လစ်ခေတ်လောက်ကတည်းက ခေတ်စားလာတာ ယနေ့အထိပါ။

**ပဲမျိုးစုံပြည်ပတင်ပို့ခြင်း (၁၉၂၁-၂၂ မှ ၁၉၄၅-၄၆ ခုနှစ်အထိ)**

| စဉ် | ခုနှစ် | တင်ပို့မှု (တန်ထောင်ပေါင်း) | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|
| ၁ | ၁၉၂၁-၂၂ | ၁၃၀ | ၁၉ |
| ၂ | ၁၉၂၂-၂၃ | ၁၁၀ | ၁၄ |
| ၃ | ၁၉၂၃-၂၄ | ၁၃၀ | ၁၃ |
| ၄ | ၁၉၂၄-၂၅ | ၈၀ | ၈ |
| ၅ | ၁၉၂၅-၂၆ | ၇၀ | ၉ |
| ၆ | ၁၉၂၆-၂၇ | ၆၀ | ၇ |
| ၇ | ၁၉၂၇-၂၈ | ၉၀ | ၁၀ |
| ၈ | ၁၉၂၈-၂၉ | ၁၀၀ | ၁၃ |
| ၉ | ၁၉၂၉-၃၀ | ၉၀ | ၁၃ |
| ၁၀ | ၁၉၃၀-၃၁ | ၆၀ | ၆ |
| ၁၁ | ၁၉၃၁-၃၂ | ၉၀ | ၇ |
| ၁၂ | ၁၉၃၂-၃၃ | ၁၀၀ | ၇ |
| ၁၃ | ၁၉၃၃-၃၄ | ၈၀ | ၅ |
| ၁၄ | ၁၉၃၄-၃၅ | ၉၀ | ၆ |
| ၁၅ | ၁၉၃၅-၃၆ | ၁၄၀ | ၁၀ |
| ၁၆ | ၁၉၃၆-၃၇ | ၁၇၀ | ၁၂ |
| ၁၇ | ၁၉၃၇-၃၈ | ၈၀ | ၇ |
| ၁၈ | ၁၉၃၈-၃၉ | ၉၀ | ၇ |
| ၁၉ | ၁၉၃၉-၄၀ | ၁၃၀ | ၁၂ |
| ၂၀ | ၁၉၄၀-၄၁ | ၉၀ | ၈ |

*ဇာစ်မြစ်။ ပဒေသာပင်များစာအုပ်(ခေတ်ဟောင်း)*

### လွတ်လပ်ရေးရပြီးကာလ

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ပြည်တွင်းကုန်သည်များအား ပြည်ပပို့ကုန်လိုင်စင် Export License ထုတ်ပေးပြီး ပြည်ပသို့ ဆန်စပါး၊ ပဲမျိုးစုံအပါအဝင် ကောက်ပဲသီးနှံများကို ပြည်ပကို တင်ပို့ရန် စီစဉ်ပေးခဲ့ပါတယ်။ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ SAMB က ပထမပိုင်းမှာ ဆန်စပါးကိုသာအဓိကထား ဆောင်ရွက်ခဲ့ပြီး ၁၉၆၂ ခုနှစ် နောက်ပိုင်းမှသာ ပဲမျိုးစုံ အခြားသီးနှံရောင်းဝယ်ရေးကို ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။

လွတ်လပ်ရေးမရမီက ပဲတင်ပို့မှုပုံစံမှာ အိန္ဒိယနိုင်ငံကို ၇၀ ရာခိုင်နှုန်းခန့်တင်ပို့သော်လည်း နောက်ပိုင်းမှာ အခြားဈေးကွက်များ တိုးချဲ့တင်ပို့နိုင်ခဲ့ပါတယ်။ ၁၉၆၂-၆၃ ခုနှစ်နောက်ပိုင်းမှာ ပုံမှန်ပဲဝယ်ယူတဲ့ နိုင်ငံတွေအနေနဲ့ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ သီဟိုဠ်၊ ဟောင်ကောင်၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ UK၊ မော်ရစ်သျှနဲ့ အီတလီနိုင်ငံတွေဖြစ်ပါတယ်။

၁၉၆၄-၆၅ ခုနှစ် စာရင်းများအရ ဂျပန်နိုင်ငံကို မတ်ပဲ၊ ထောပတ်ပဲ၊ ဗိုလ်ကိတ်၊ ပဲယဉ်း၊ စွန်တာနီ၊ စွန်တာပြာစတဲ့ ပဲမျိုးစုံစုစုပေါင်းတန်ချိန် တစ်သိန်းကျော် တင်ပို့ခဲ့ပါတယ်။ ဒီအချိန်က ပဲစုစုပေါင်းတန်ချိန် ၃ သိန်းခန့်တင်ပို့တာဖြစ်လို့ မြန်မာပဲတင်ပို့မှုရဲ့ ၃၅ ရာခိုင်နှုန်းခန့်ဟာ ဂျပန်နိုင်ငံလို့ ပြောနိုင်ပါတယ်။ နောက်ပိုင်းမှာ ဂျပန်နိုင်ငံရဲ့ လူနေမှုအဆင့်အတန်းမြင့်မားလာတဲ့အလျောက် တင်သွင်းသည့် အစားအသောက်များရဲ့ အရည်အသွေးကိုလည်း မြှင့်တင်လာတဲ့အခါ မိမိတို့ဘက်က ပို့ကုန်သီးနှံများရဲ့ အရည်အသွေးကို အလေးထားမြှင့်တင်နိုင်ခြင်းမရှိခဲ့လို့ တဖြည်းဖြည်းတင်ပို့နိုင်မှုပမာဏလျော့နည်းလာပြီး နောက်ဆုံးဈေးကွက် ပျောက်သလိုဖြစ်ခဲ့ရပါတယ်၊ ဂျပန်ဈေးကွက် ပျောက်သွားခြင်းဟာ ပဲလောကရဲ့ကြီးမားတဲ့ဆုံးရှုံးမှုဖြစ်သလို နမူနာယူရမယ့် သင်ခန်းစာတစ်ခုဖြစ်ပါတယ်။ ဒီနေ့ ပို့ကုန်ဦးဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံစံ (Export Led Growth) အတွက် ဆောင်ရွက်နေတဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) လုပ်ငန်းစဉ်မှာ လယ်ယာထွက်ကုန်များထဲက ဆန်စပါး၊ ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံ၊ ရော်ဘာနဲ့ ရေထွက်ပစ္စည်းတွေကို ဦးစားပေးကဏ္ဍ (Priority Sector) အဖြစ် သတ်မှတ်တဲ့အပြင် ဒီကုန်ပစ္စည်းတွေရဲ့အရည်အသွေးပိုင်းကို မြှင့်တင်နိုင်အောင် အရည်အသွေးစီမံခန့်ခွဲမှု (Quality Management) ကို အထောက်အကူပြုကဏ္ဍ Cross Sector တစ်ခုအနေနဲ့ ထည့်သွင်းဆောင်ရွက်နေတာဖြစ်ပါတယ်။

**ပဲမျိုးစုံပြည်ပတင်ပို့ခြင်း အကျဉ်းဇယားဖော်ပြချက်**

| စဉ် | ခုနှစ် | အထွက် တန်/ထောင် | တင်ပို့ တန်/ထောင် | တန်ဖိုးကျပ် (သန်း) |
|---|---|---|---|---|
| ၁ | ၁၉၆၂-၆၃ | ၃၁၇ | ၁၂၆ | ၇၂ |
| ၂ | ၁၉၆၅-၆၆ | ၂၇၄ | ၈၀ | ၅၀ |
| ၃ | ၁၉၇၀-၇၁ | ၂၈၅ | ၅၈ | ၄၁ |
| ၄ | ၁၉၇၅-၇၆ | ၂၅၆ | ၃၇ | ၇၈ |
| ၅ | ၁၉၈၀-၈၁ | ၄၀၂ | ၇၀ | ၁၅၀ |
| ၆ | ၁၉၈၅-၈၆ | ၆၂၁ | ၈၉ | ၂၃၈ |
| ၇ | ၁၉၈၆-၈၇ | ၆၁၂ | ၈၆ | ၁၈၃ |
| ၈ | ၁၉၈၇-၈၈ | ၅၆၆ | ၇၂ | ၁၂၉ |

အရည်အသွေးထိန်းသိမ်းမှုနဲ့ပတ်သက်လို့ ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့တဲ့ EU နိုင်ငံများသို့ ပဲပင်ပေါက်အတွက် (Beans Sprouting) ပဲတီစိမ်းတင်ပို့ရေး ဆောင်ရွက်ခဲ့ပုံ အကျဉ်းကို တင်ပြလိုပါတယ်။ ပဲပင်ပေါက်ဟာ အစိမ်းအတိုင်းလည်း စားကြတာဖြစ်လို့ ကျန်းမာရေးနဲ့ ညီညွတ်ဖို့၊ ဗက်တီးရီးယားကင်းစင်ဖို့ အထူးလိုအပ်ပါတယ်။ ဒါကြောင့် EU နိုင်ငံများက အသိအမှတ်ပြုတဲ့ Audit Team ရဲ့စစ်ဆေးထောက်ခံချက် လိုပါတယ်။ မစိုက်ပျိုးမီ မြေပြုပြင်ချိန်မှစ၍ ထုပ်ပိုးပြီး ပြည်ပတင်ပို့သည့်အထိ Supply Chain တစ်လျှောက်လုံး ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း အဆင့်ဆင့်စစ်ဆေးထားတဲ့ Traceability Record အားလုံးပြည့်စုံမှ စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပေးတဲ့ Hygiene Certificate နဲ့ တင်ပို့နိုင်ပါတယ်။ ဒီလုပ်ငန်းစဉ်ကို စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများနဲ့ တင်ပို့သူကုမ္ပဏီလုပ်ငန်းရှင်များအားလုံး ညီညီညွတ်ညွတ်နဲ့ စနစ်တကျ ပူးပေါင်းဆောင်ရွက်ကြရပါတယ်။ အဓိက သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ကဝ၊ သနပ်ပင်၊ ပဲခူးမြို့နယ်များက ကျေးရွာအချို့မှာ ဆောင်ရွက်ကြပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်က တန်ချိန် တစ်သောင်းတစ်ထောင်ကျော်ထိ တင်ပို့နိုင်ခဲ့ပေမယ့်လည်း တစ်ဖက်က အရည်အသွေးနဲ့ပတ်သက်လို့ သတိပေးတဲ့တုံ့ပြန်ချက်များကိုလည်း ကြားနေရပါတယ်။ ဒါကြောင့် ရပြီးသားဈေးကွက် မပျောက်အောင် အားလုံးမှာတာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။ တစ်ဖက်က ဈေးကောင်းရချင်ရင် ကုန်ပစ္စည်းအရည်အသွေးကောင်းဖို့ လိုအပ်တယ်ဆိုတာကိုလည်း သတိပြုကြဖို့လိုပါတယ်။

ဆိုရှယ်လစ်စီးပွားရေးစနစ် မရုပ်သိမ်းမီ ၁၉၈၇-၈၈ ခုနှစ်မှာ စပါး၊ ပဲမျိုးစုံ၊ ပြောင်းအပါအဝင် ကန့်သတ် သီးနှံ ၉ မျိုးကို ပုဂ္ဂလိကကဏ္ဍသို့ လုပ်ပိုင်ခွင့်များ စတင်ခွင့်ပြုပေးခဲ့ပါတယ်။

**EU သို့ Beans Sprouting အတွက် ပဲတီစိမ်းတင်ပို့နိုင်မှု**

| စဉ် | ခုနှစ် (ဇန်နဝါရီ - ဒီဇင်ဘာ) | တင်ပို့နိုင်မှု (တန်) | မှတ်ချက် |
|---|---|---|---|
| ၁ | ၂၀၁၄ | ၃၅၁၄.၀၀၀ | |
| ၂ | ၂၀၁၅ | ၇၇၅၁.၂၅၀ | |
| ၃ | ၂၀၁၆ | ၇၁၆၃.၃၇၅ | |
| ၄ | ၂၀၁၇ | ၁၁၁၆၀.၀၇၅ | |
| ၅ | ၂၀၁၈(မေလအထိ) | ၆၄၉၈.၂၅၀ | |

ဆိုရှယ်လစ်စီးပွားရေးစနစ်ရုပ်သိမ်းပြီး ၁၉၈၉ ခုနှစ် နောက်ပိုင်းမှာ ပုဂ္ဂလိက၊ သမဝါယမ၊ ဖက်စပ်နှင့် အစိုးရဌာနအချို့က ပဲမျိုးစုံသီးနှံကို ကာလပေါက်ဈေးဖြင့် ဝယ်ယူရောင်းချခြင်းများ ပြုလုပ်ကြပြီး ကုန်သွယ်ရေးဝန်ကြီးဌာန (ယခုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)ရဲ့ ခွင့်ပြုချက်လိုင်စင်ဖြင့် ပြည်ပတင်ပို့ခွင့်ပြုခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်လောက်က ပဲစိုက်ဧက ၁ ဒသမ ၈ သန်းကျော်ရှိရာကနေ ၅ နှစ် ၆ နှစ်ခန့်အကြာ ၁၉၉၅-၉၆ မှာ ဧက ၄ ဒသမ ၈ သန်းထိ ၃ ဆ နီးပါး တိုးတက်လာရာ ပဲအထွက်ကလည်း တန်ချိန်တစ်သန်းကျော်လောက် ရှိလာတယ်လို့ အထောက်အထားများကဆိုပါတယ်။ အဓိက မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတွေ တိုးတက်စိုက်ပျိုးလာခြင်းဖြစ်ပါတယ်။ ၂၀၁၇-၁၈ မှာတော့ စာရင်းဇယားများအရ ပဲစိုက်ဧက ၁၁ သန်းကျော်လောက်ရှိပြီး အထွက်ကလည်း တင်းပေါင်း ၂၀၅ သန်းလောက်လို့သိရတယ်၊ ပဲတစ်တင်းအလေးချိန်(ထော၊ စွန်၊ ကုလား၊ ဖြူ၊ ကြီး၊ ကြား) ၆၉ ပေါင်၊ ကျန်ပဲတွေကို ၇၂ ပေါင်ဆိုတော့ ပျမ်းမျှ ၇၀ ပေါင်နဲ့ တွက်ရင်တောင် တန်ချိန် ၆ သန်းကျော် ထွက်ရှိနေတယ်လို့ တွက်ချက်ရရှိပါတယ်။ နှစ်စဉ်ပြည်ပကို ပဲတန်ချိန် ၁ ဒသမ ၅ သန်းလောက်တင်ပို့နိုင်ခဲ့ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**ပဲမျိုးစုံတင်ပို့မှုအခြေအနေ** — **တန်ဖိုး-ဒေါ်လာသန်း**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ |
|---|---|---|---|---|---|
| ၁ | မတ်ပဲ | US$ | ၄၉၈.၃၆၉ | ၆၃၂.၂၈၉ | ၃၄၄.၀၄၃ |
| | | မတန် | ၄၈၃၁၅၃ | ၅၆၁၇၆၆ | ၅၂၃၉၆၅ |
| ၂ | ပဲတီစိမ်း | US$ | ၃၃၂.၇၈၉ | ၃၄၉.၈၀၂ | ၂၇၀.၅၉၃ |
| | | မတန် | ၃၃၀၈၃၈ | ၄၀၃၅၉၅ | ၃၅၀၀၅၃ |
| ၃ | ပဲစင်းငုံ | US$ | ၂၂၉.၈၀၂ | ၁၅၉.၇၈၈ | ၉၉.၅၄၈ |
| | | မတန် | ၂၂၆၇၅၁ | ၁၈၄၆၁၀ | ၂၂၅၄၉၂ |
| ၄ | ကုလားပဲ | US$ | ၁၉.၅၀၂ | ၂၈.၆၀၈ | ၃၆.၁၅၄ |
| | | မတန် | ၃၅၂၉၈ | ၃၅၃၆၉ | ၄၃၃၅၁ |
| ၅ | အခြားပဲ | US$ | ၁၃၄.၅၂၉ | ၁၈၈.၄၁၈ | ၁၃၆.၃၇၃ |
| | | မတန် | ၁၆၆၆၄၃ | ၂၃၄၈၉၈ | ၁၇၀၇၀၂ |
| | စုစုပေါင်း | US$ | ၁၂၁၄.၉၉၁ | ၁၃၉၈.၉၀၅ | ၈၈၆.၇၁၅ |
| | | မတန် | ၁၂၄၂၆၈၂ | ၁၄၂၄၆၃၉ | ၁၃၁၇၉၆၇ |

**နိုင်ငံအလိုက် ပဲမျိုးစုံတင်ပို့ရောင်းချခြင်း အခြေပြဇယား (India နိုင်ငံမပါ)**

| စဉ် | နိုင်ငံများ | ၁၉၆၄-၆၅ | ၁၉၆၆-၆၇ | ၁၉၆၇-၆၈ | ၁၉၆၈-၆၉ | ၁၉၆၉-၇၀ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဂျပန် | ၁၀၅၄၀၇ | ၆၂၇၉၈ | ၄၉၄၅၂ | ၃၃၇၅၅ | ၄၀၅၄၉ | မတ်ပဲ၊ ထောပတ်ပဲ၊ ဘိုကိတ်၊ပဲယင်း၊ စွန်တာနီ/ပြာ |
| ၂ | မလေးရှား | ၁၁၁၈၀ | ၉၃၁၈ | ၆၅၂၅ | ၂၇၁၀ | ၂၀၂၁ | ပဲစင်းငုံ၊ ကုလားပဲ၊ မတ်ပဲ၊ ထောပတ်ပဲ |
| ၃ | စင်ကာပူ | ၆၄၇၅ | ၉၀၃၅ | ၉၇၆၇ | ၅၆၆၁ | ၂၀၈၅ | ပဲစင်းငုံ၊ မတ်ပဲ၊ ကုလားပဲ |
| ၄ | သီဟို(သီရိလင်္ကာ) | ၁၈၄၇၄ | ၁၁၇၈၂ | ၈၄၅၁ | ၁၃၉၂၃ | ၁၁၂၂၆ | |
| ၅ | ဟောင်ကောင် | ၄၃၄၅ | ၁၁၈ | ၄၄ | ၉၉၉ | ၅၀၅၂ | |
| ၆ | မောရစ်သျှ | ၄၃၂ | ၁၉၇ | ၇၄ | ၅၄ | - | |
| ၇ | အီတလီ | ၁၈၃၅ | ၇၄၀ | - | - | - | |
| ၈ | ယူကေ | - | - | - | ၆၅ | ၁၄၉ | |

# တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၆/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၂၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ၂၀၁၈ ခုနှစ် ဧပြီလမှစ၍ စက်ရုံကွက်သစ် (၂)လမ်း၊ အောင်လံမြို့နေ ငပိ(ခ)ဇင်ဝေထွန်းသည် ဆေးပြားနှင့် ဆေးခြောက်များ အရောင်းအဝယ် ပြုလုပ်နေကြောင်း၊ နေ့စဉ်လူငယ်များ အချိန်ပြည့် လာရောက်ဝယ်ယူနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၇-၂၀၁၈ ရက်နေ့တွင် အောင်လံမြို့ စက်ရုံကွက်သစ် (၂) လမ်းနေ ငပိ(ခ)ဇင်ဝေထွန်း (၂၀)နှစ်၊ (ဘ)ဦးမြင့်လွင် အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အောင်လံ) မယ(ပ)၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | လှိုင်မြို့နယ်၊ သီရိမင်္ဂလာဈေးသစ် တစ်ဝိုက်တွင် မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၇-၂၀၁၈ ရက်နေ့တွင် လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ရွှေပိတောက်ငါးဈေးအတွင်းရှိ သန့်စင်ခန်းတာဝန်ခံ မူးယစ်ဆေးဝါး ရောင်းချသူ မစန္ဒာခိုင်(၄၁)နှစ်၊(ဘ) ဦးမြင့်ဦးအား မူးယစ်ဆေးဝါးများနှင့် အတူဖမ်းဆီးရမိသဖြင့်နမစ(ပိတောက်ချောင်း) မယ(ပ)၆/၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ (၁၉/၂၀)လမ်းကြား၊ (၅၇/ ၅၈) လမ်းကြား၊ အကွက်(၄၈)၊ အနိုပ်တော်ရပ်ကွက်တွင် မူးယစ်ဆေးဝါးဖြန့်ဖြူး ရောင်းချခြင်းအား အကြီးအကျယ်ပြုလုပ်နေသည်မှာ အချိန်ကြာပြီဖြစ်ကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၇-၂၀၁၈ ရက်နေ့တွင် ၅၇ လမ်းနှင့် ၅၈ လမ်းကြား၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ Good Time Hotel အား သတင်းအရ စောင့်ကြည့်နေစဉ် အခန်းအမှတ် (၂၁၀) တွင်တည်းခိုလျက်ရှိသော ညီညီဇင်(ခ) ညီဇင် (၂၅)နှစ်၊ (ဘ)ဦးသက်နိုင်ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၁)(အောင်မြေသာစံ) မယ(ပ) ၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၄ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ နတ်မောက်ကန်ကျေးရွာတွင် မူးယစ်ဆေးဝါးများဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၇-၂၀၁၈ ရက်နေ့တွင် မူးယစ်ဆေးဝါးရောင်းချသည်ဟု သတင်းရရှိသူ မိုးညှင်းမြို့နယ်၊ ဟဲပုကျေးရွာအုပ်စု၊ နတ်မောက်ကန်ကျေးရွာ အောင်ကိုဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အောင်ကိုဝင်းအား တွေ့ရှိခြင်းမရှိဘဲ နေအိမ်ညှေ့ခန်း အတွင်း မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသည့် ဖိုးပြည့်(၅၆)နှစ်၊ (ဘ) ဦးအောင်နက်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ) မယ(ပ)၃၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမ္မတကမ်းခြေရပ်ကွက်၊ စံပြ(၃)လမ်းတွင် ဆေးခြောက်နှင့် မူးယစ်ဆေးဝါးများအား ဆိုင်ကယ်ဖြင့် ပေါ်ပေါ်ထင်ထင် ရောင်းချနေကြောင်း၊ ရပ်ကွက်အတွင်းရှိ ကျောင်းသားများနှင့် လူငယ်များမှာ မူးယစ်ဆေးဝါးများဝယ်ယူ သုံးစွဲနေကြကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၇-၂၀၁၈ ရက်နေ့တွင် ဒလမြို့နယ်၊ သမ္မတကမ်းခြေရပ်ကွက်၊(၁၁/၁၄) ရပ်၊ ပိတောက်လမ်း၊ အမှတ်(၄) အထက(ခွဲ)ကျောင်းရှေ့တွင်စောင့်ကြည့်နေစဉ် အောင်ဝဏ္ဏထွန်း (၄၀) နှစ်၊(ဘ)ဦးအောင်မြင့်နှင့် မျိုးမင်းမြတ်(ခ) ဖိုးကြွက်(၄၄)နှစ်၊ (ဘ)ဦးခင်ဇော်တို့(၂)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ) မယ(ပ) ၂၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပိတောက်လမ်း၊အမှတ်(မရှိ)နေ လှမျိုးဦး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ လှမျိုးဦးအား နေအိမ်တွင် မတွေ့ရှိဘဲ တိမ်းရှောင်နေပြီး နေအိမ်အောက်ထပ်မှ မူးယစ်ဆေးဝါးများ တွေ့ရှိသဖြင့် လှမျိုးဦး(ထွက်ပြေးတိမ်းရှောင်)အား မမစ(ဒလ) မယ (ပ)၂၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညည(၁၉)၊ သမန်းကုန်းရပ်ကွက်၊ ၅၆ × ၅၇ လမ်းကြား၊ ဗိုလ်ဗထူးလမ်းနှင့် အောင်ဆန်းလမ်းကြားနေ မင်းထွန်းသည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၇-၂၀၁၈ ရက်နေ့တွင် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ (၅၇)လမ်း၊ ဗိုလ်ဗထူးလမ်းနှင့် အောင်ဆန်းလမ်းကြား၊ အမှတ်(၆၅)၊ အကွက်(ညည-၁၉)ရှိ မင်းထွန်း (ခ)မင်းမင်းထွန်း (ခ)ပြောင်ကြီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် အောင်ဖြိုးဝေလင်း၊ ဥက္ကာကျော်၊ ထွန်းထွန်းနိုင်(ခ)ကုလား၊ ဇင်ဖြိုးဇော်(ခ)ဖိုးသားတို့အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပြည်ကြီးတံခွန်)မယ(ပ)၁၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၀ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၇ | ဟုမ္မလင်းမြို့၊ ပါဟုတ်ကြီး ကျေးရွာနေ ဦးမောင်ဦးသည် မူးယစ်ဆေးဝါး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ပါဟုတ်ကြီးကျေးရွာနေ မောင်ဦး (ခ)ဝင်းနိုင်ဦး အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်း၏ ကွင်းဆက်ဖော်ထုတ်ချက်အရ ၁၇-၇- ၂၀၁၈ ရက်နေ့တွင် နန်စီပွန်ဒေသ၊ ငှက်ပျောတောရပ်နေ တာဘူ (၂၉)နှစ်၊ (ဘ)ဦးရန်ရွှေနှင့် မင်းမင်းနိုင် (၃၈)နှစ်၊ (ဘ)ဦးမိုးတို့(၂)ဦးကိုလည်း မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီး ရမိသဖြင့် မမစ(ခန္တီး) မယ(ပ)၅၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၈ | ကိုမောင်မောင် အသက် ၃၅ ဝန်းကျင် ဆံပင်တစ်ထွာခန့်ရှည်လက်ရှိ ဒဂုံတောင်ပိုင်းတွင် အိမ်ငှားနေထိုင်ပြီး နေ့စဉ် တောင်ဒဂုံမှ အငှားကား ပေါင်းစုံ ငှားစီးလျက် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၇-၂၀၁၈ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ ကားမှတ်တိုင်အနီးတွင် မောင်မောင် (ခ)ထွန်းထွန်းဝင်း (၃၉)နှစ်၊ (ဘ)ဦးထွေးမောင်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီး ရမိသဖြင့် မမစ (မရမ်းကုန်း)မယ(ပ) ၁၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က)ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်းမ၊ တာမွေပလာဇာ၊ Sanfrancisco Club ၌ စိတ်ကြွဆေးပြား တစ်ပြားလျှင် ငါးထောင်နှုန်းဖြင့် ရေမှတက္ကစီသမားများ၊ အတွင်းရှိ လူငယ်များနှင့် ဝိတ်တာများမှ ရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၇-၂၀၁၈ ရက်နေ့တွင် တာမွေမြို့နယ်၊ Sanfrancisco Club အပေါ်ထပ်ရှိ ဆာကူရာစားသောက်ဆိုင်အား စောင့်ကြည့်စစ်ဆေးစဉ် မစန်းစန်းမြင့်အောင်(ခ)မဖြူ(၃၇)နှစ်၊ (ဘ) ဦးဝင်းအောင်၊ မင်းသွင် (၂၀) နှစ်၊ (ဘ)ဦးစန်းလွင်တို့(၂)ဦးနှင့် ၎င်းတို့၏ကွင်းဆက် တာမွေပလာဇာရှေ့တွင် စောင့်ဆိုင်းနေသည့် ဝီလျံမြင့်အောင်(၂၆)နှစ်၊ (ဘ)ဦးမြင့်အောင်နှင့် ဝေလင်းထက်(၂၇)နှစ်၊ (ဘ)ဦးတင်ကြည်တို့(၂)ဦး၊ ပေါင်း(၄)ဦးအား မူးယစ်ဆေးဝါးများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(တာမွေ) မယ(ပ)၂၆/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၁၀ | စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ် နှင့် ကသာ မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများအား တရုတ်ပြည်၊ ရွှေလီ၊ ကြယ်ခေါင်၊ မူဆယ် ဘက်မှနေ၍ ထိုကျေးရွာ အနီးနှင့် အခြားနီးစပ်ရာကျေးရွာများသို့ ရောင်းချခြင်း၊ သုံးစွဲခြင်းများရှိနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၇-၂၀၁၈ ရက်နေ့ ကသာမြို့နယ် အတွင်း စောင့်ကြည့်သတင်းရယူစိစစ်နေချိန်တွင် ပလပ်ရွှေကျေးရွာ ဆိပ်ကမ်းဘက်မှ ကသာမြို့ဆိပ်ကမ်းဘက်သို့ ဧရာဝတီမြစ်အား ဖြတ်ကူးဆိုက်ကပ်လာသည့် စက်လှေပေါ်မှ ငယ်ထွေး(ခ)တက်တူး(၂၆)နှစ်၊ (ဘ)ဦးခင်မောင်နှင့် မခင်စန်းရီ (၄၈)နှစ်၊ (ဘ)ဦးမောင်ကျေးတို့(၂) ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကသာ) မယ(ပ) ၄၆/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ နမ့်မော်လိုက် အုပ်စု၊ သရက်ကုန်းကျေးရွာနေ ကျားမင်း၊ ဇော်ဦး၊ အောင်သူမြင့် နှင့် မသူဇာတို့မှာ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၇-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သရက်ကုန်း ကျေးရွာနေ မသူဇာ(၃၀)နှစ်၊ (ဘ) ဦးမြင့်အောင် နှင့် တစ်ရွာတည်းနေ ဇော်မြင့်သန်း (၂၇) နှစ်၊ (ဘ)ဦးတင်ဝင်းတို့(၂) ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၄၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၂၀-၇-၂၀၁၈ ရက်နေ့တွင် သရက်ကုန်းကျေးရွာရှိ ကျားမင်း (ခ)မင်းဇော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ ဇနီးဖြစ်သူ မခင်ရွှေသန်း (၄၅)နှစ်၊ (ဘ)ဦးထွန်းပိုနှင့် ကျော်လင်းဦး (၃၉)နှစ်၊ (ဘ) ဦးအောင်ဖြူ၊ မျိုးမြင့် (၃၇)နှစ်၊ (ဘ) ဦးတင်လှိုင်၊ တင့်ဆန်း(၄၅)နှစ်၊ (ဘ) ဦးဘကြိုင်တို့(၄)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ)၄၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၁၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တံငါရွာနေ ထွန်းရီ၊ ကိုကျော်ရွှေတို့မှ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၇-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ တံငါကျေးရွာရှိ ကျော်ရွှေ (၅၆)နှစ်၊ (ဘ)ဦးမြဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ (ပ) ၄၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာနေ ထွန်းရီ (၅၁)နှစ်၊ (ဘ) ဦးအောင်ခင်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၄၆/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၁၂ သို့*

# ကရင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် စားနပ်ရိက္ခာထောက်ပံ့ပေးမှုများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

ကရင်ပြည်နယ်တွင် အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေ၊ ချောင်းရေများ မြင့်တက်၍ လူနေအိမ်များအတွင်း ရေဝင်ရောက်မှုကြောင့် မြို့နယ်အလိုက် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ရေဘေးသင့် အိမ်ထောင်စုများအား ရွှေ့ပြောင်းနေရာချထားပေးလျက်ရှိကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ဆန်၊ ရေသန့်၊ ခေါက်ဆွဲခြောက် စသည့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးခြင်း ဆောင်ရွက်ပေးထားကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။

ကရင်ပြည်နယ်တွင် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိမှုမှာ ဘားအံမြို့နယ်တွင် စခန်း ရှစ်ခု၌ အိမ်ထောင်စု ၈၁၈ စုအားလည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ်တွင် စခန်း ၁၂ ခု၊ အိမ်ထောင်စု ၃၂၀ စု၊ ကော့ကရိတ်မြို့နယ်တွင် စခန်း နှစ်ခု၊ အိမ်ထောင်စု ၆၅ စု၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် စခန်း နှစ်ခု၊ အိမ်ထောင်စု ၁၂၂ စု၊ မြဝတီမြို့နယ်တွင် စခန်း ကိုးခု၊ အိမ်ထောင်စု ၄၄၈ စု အားလည်းကောင်း နေရာချထားပေးလျက်ရှိကြောင်း။

ဘားအံမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ရေသန့်စက်ရုံမှ သောက်သုံးရေများ လုံလောက်စွာ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ လှိုင်းဘွဲ့မြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ အာလူး၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်ထုပ်များ ဝေငှပေးထားကြောင်း၊ မြဝတီမြို့နယ်တွင် ရေနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးထားကြောင်း၊ ဘားအံမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ရေ၊ မီး၊ နေရာထိုင်ခင်း လုံလောက်မှုရှိပြီး ကျန်းမာရေးဌာနကလည်း လိုအပ်သော ဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ မြဝတီမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ရေ၊ မီး၊ နေရာထိုင်ခင်း လုံလောက်မှုရှိပြီး ကယ်ဆယ်ရေးစခန်းတစ်ခုလျှင် သူနာပြုနှစ်ဦး၊ တိုင်းရင်းဆေး တစ်ဦး၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

ယနေ့ ညနေ ၄ နာရီအထိ တိုင်းထွာချက်များအရ ဘားအံမြို့တွင် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက် ၈၂၈ စင်တီမီတာသို့ ရောက်ရှိနေပြီး လှိုင်းဘွဲ့မြို့တွင် စိုးရိမ်ရေမှတ် ၉၀၀ စင်တီမီတာအထက် ၁၀၅၄ စင်တီမီတာသို့ လည်းကောင်း၊ ရွှေဂွန်းမြို့နယ်တွင် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ် ၉၀၀ အထက် ၁၀၆၁ စင်တီမီတာသို့ လည်းကောင်း မြင့်တက်လျက်ရှိသော်လည်း ကရင်ပြည်နယ်ရှိ ကျန်မြို့များတွင် ဂျိုင်း (ကျုံဒိုး)၊ ဟောင်သရော၊ ဇမိ၊ သောင်ရင်း၊ ယွန်းစလင်းနှင့် သံလွင်မြစ်ရေတို့မှာ စိုးရိမ်ရေမှတ်အထက် မြင့်တက်မှုမရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီနှင့် လှိုင်းဘွဲ့မြို့နယ်များ၌ ရေကြီးမှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထား

**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် တောင်ကျချောင်းရေကျဆင်းလာမှုကြောင့် လှိုင်းဘွဲ့ချောင်းရေများ မြင့်တက်လာသဖြင့် ရပ်ကွက်ကျေးရွာများအတွင်း ရေလွှမ်းနေသောကြောင့် ကျောင်းသား ကျောင်းသူများ ရေဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် အခြေခံပညာကျောင်း ၄၀ ကို ရေကြီးနေစဉ်ကာလအတွင်း ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

အဆိုပါပိတ်ထားသောကျောင်းများမှာ အမက ကျောင်း ၂၀၊ မူလွန်ခုနစ်ကျောင်း၊ အလကခွဲနှစ်ကျောင်း၊ အလကနှစ်ကျောင်း၊ အထကသုံးကျောင်းနှင့် အထကခွဲ ခြောက်ကျောင်း စုစုပေါင်း စာသင်ကျောင်း ၄၀ အား ယာယီပိတ်ထားခဲ့ရပြီး အမက(ကွမ်ဘီ)ကျောင်းတစ်ကျောင်းသာလျှင် ကျောင်းရှေ့အုတ်တံတိုင်း ပြိုကျပျက်စီးသွားခဲ့ကြောင်း ပညာရေးဌာနမှ သိရသည်။

အလားတူ လှိုင်းဘွဲ့မြို့နယ်တွင် တောင်ကျချောင်း ရေကျဆင်းလာမှုကြောင့် လှိုင်းဘွဲ့ချောင်းရေများ မြင့်တက်လာသဖြင့် အိမ်ထောင်စုများကို ပြောင်းရွှေ့နေရာချထားပေးခဲ့ရသည်။ အဆိုပါရေဘေးသင့် အိမ်ထောင်စုများမှ ပြည်သူများအား အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လာရောက်တွေ့ဆုံကာ မြို့မပရိယတ္တိစာသင်တိုက်သို့ ပြောင်းရွှေ့ထားသော လူနာ ၂၀ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက လူနာတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ မူကြိုကျောင်းနှင့် ပြန်/ဆက်ရုံးရှိ အိမ်ထောင်စု ၃၈ စု၊ ဆိုင်ကလုန်းရှက်တာနှင့် ကမော့ကချူး စာသင်ကျောင်းရှိ အိမ်ထောင်စု ၆၃စုအတွက် အိမ်ထောင်တစ်စုလျှင် ငွေကျပ် ၁၀၀၀၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

အလားတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက ကမော့ကချူးကျေးရွာအုပ်စု ကယ်ဆယ်ရေးစခန်း နှစ်ခုအတွက် ဆန်လေးအိတ်၊ မာမား ၁၁ ဗူး၊ ကြက်ဥ ၁၁ ကတ်၊ ကြက်သွန်ပိဿာ ၇၀ တို့ကိုလည်းကောင်း၊ မူကြိုကျောင်းနှင့် ပြန်/ဆက်ရုံးရှိ ပြည်သူများအတွက် ဆန်လေးအိတ်၊ မာမား ၁၂ ဗူး၊ ကြက်ဥ ကတ် ၃၅၀၊ ကြက်သွန်ခုနစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

**မြဝတီ**

မြဝတီမြို့နယ်၌ သောင်ရင်းမြစ်ရေလျှံမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေများဝင်ရောက်ခဲ့ပြီး ဇူလိုင် ၂၃ ရက်အထိ အိမ်ထောင်စု ၆၂၀ စုမှ လူဦးရေ ၂၂၇၇ ဦးအား ကယ်ဆယ်ရေးစခန်း ၁၀ ခု ဖွင့်လှစ်၍ ရွှေ့ပြောင်းထားခဲ့ရကြောင်း သိရသည်။ သောင်ရင်းမြစ်ရေသည် မြဝတီမြို့ပေါ် အနိမ့်ပိုင်း ရပ်ကွက်များ ရေဝင်ရောက်မှုကြောင့် ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အထိ သောင်ရင်းမြစ်ရေသည် ကျဆင်းခြင်းမရှိဘဲ ထပ်မံ တိုးလာသော အခြေအနေများကြောင့် ကယ်ဆယ်ရေးစခန်း ၁၀ ခုအထိ တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ယနေ့ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းအထိ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ရသည့် အိမ်ထောင်စု ၆၂၀ စု၊ ကျား ၁၀၉၀ ဦး၊ မ ၁၁၈၇ ဦး စုစုပေါင်း ၂၂၇၇ ဦးအထိ ရှိလာကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၁ မှ*

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁၃ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ ပန်းလားအုပ်စု၊ မန်ကင်းကျေးရွာနေ ဦးမောင်ဆိုင်သည် မူးယစ်ဆေးဝါးများအား အကြီးအကျယ်ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၇-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မှန်ကင်းကျေးရွာနေ ဦးမောင်ဆိုင်(၅၇)နှစ်၊ (ဘ) ဦးဝိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် ဇနီးဖြစ်သူ ဒေါ်ဝင်းကြည်(၅၀)နှစ်၊ (ဘ)ဦးသာလှိုင်တို့အား မူးယစ်ဆေးဝါးများနှင့် ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ)မယ (ပ)၃၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာငယ်အုပ်စု၊ ရွာငယ်ရွာနေ ဦးအောင်ရင်၏ နေအိမ်တွင် အရက်နှင့် ဘီယာရောင်းချသည့်အပြင် မူးယစ်ဆေးဝါးကိုပါ ရောင်းချနေကြောင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများမှာ ညနေပိုင်းတွင် လာရောက်သုံးစွဲလေ့ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၇-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့နယ်၊ ရွာငယ် ကျေးရွာနေ အောင်ရင်(၅၂)နှစ်၊ (ဘ)ဦးချစ်မောင်အား မူးယစ်ဆေးဝါးများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရေဦး)မယ(ပ)၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၅ | မန္တလေးတိုင်းနှင့် မကွေးတိုင်း နယ်စပ် လွှစင်ရွာတစ်ရွာလုံး သုံးစွဲခြင်း၊ ဖြန့်ဝေခြင်း အဓိကလုပ်ကိုင်နေကြပြီး ခေါင်းစွဲရွာ၊ ရွာတော်၊ ကျွန်းတော၊ ညောင်ကုန်းရွာများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း၊ လွှစင်ရွာနေ ရဲလေး၊ ကိုမင်းတို့မှ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ရဲတပ်ဖွဲ့ဝင်အင်အား ၂၀၀ ကျော် အသုံးပြု၍ ကျေးရွာများအားလုံးသို့ တစ်ပြိုင်တည်းစီစစ်ရာ ၁၈-၇-၂၀၁၈ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ လွှစင်ကျေးရွာနေ ရဲလေး(ခ) ဇော်ကြီး (၂၄)နှစ်၊ (ဘ)ဦးစောအောင်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ရကစ (ညောင်ကုန်း) မယ(ပ)၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပျော်ဘွယ်မြို့ ရွှေပြည်ရန်နိုင်ရပ်နေ ဖီရို(ခ)ကျော်လင်း(၃၃)နှစ်၊ (ဘ)ဦးသန်းအောင်အား မူးယစ် |
| | | ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပျော်ဘွယ်) မယ(ပ)၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပျော်ဘွယ်မြို့ ရွှေပြည်ရန်နိုင်ရပ်နေ အာကာ(ခ) အာဇစ်(၁၈)နှစ်၊(ဘ)ဦးခင်မောင်မြင့်အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပျော်ဘွယ်) မယ(ပ) ၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်သတင်းများအရ တပ်ကုန်းမြို့နယ်၊ အေးသာယာကျေးရွာရှိ ဦးကျော်ညဏ်(၆၅)နှစ်၊ (ဘ)ဦးစိုး၏ နေအိမ်အား ရှာဖွေရာ နေအိမ်မှ မူးယစ်ဆေးဝါးများ တွေ့ရှိသိမ်းဆည်းရမိသဖြင့် မမစ(တပ်ကုန်း) မယ(ပ) ၉/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)ဖြင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာနေ သန်းလွင်(၄၄)နှစ်၊(ဘ) ဦးကျော်ညဏ် (ထွက်ပြေး)နှင့် ဇနီးဖြစ်သူ မဝင်းအေး(၃၇)နှစ်၊(ဘ) ဦးမိုးဟိန်း(ထွက်ပြေး)တို့၏ နေအိမ်မှ မူးယစ်ဆေးဝါးများ တွေ့ရှိသိမ်းဆည်းရမိသဖြင့် မမစ (တပ်ကုန်း)မယ(ပ) ၁၀/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၁၉(က)/၂၀(က)/၂၁/၂၂(ခ) ဖြင့် လည်းကောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ လွှစဉ်ကျေးရွာအုပ်စု၊ တောင်ကြီးကျေးရွာနေ ဌေးအောင်(၄၈)နှစ်၊ (ဘ)ဦးကျော်သောင်းအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ရကစ (ရွာတန်း)မယ(ပ)၅/၂၀၁၈၊မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | တောင်ကြီးမြို့နယ်၊ တောင်လေးလုံး ကျေးရွာအုပ်စု၊ ဘက်စုံကျေးရွာနှင့် ရွှေညောင်မြို့နယ်၊ နန်းသီတာကျေးရွာ၊ နန်းသီတာစခန်း(၁)၏ အနောက်တောင်ဘက်ရှိ စစ်မှုထမ်းဟောင်း လိုင်းခန်းတွင်နေထိုင်သော ကိုညီညို၊ ကိုအာကြီး ညီအစ်ကို နှစ်ယောက်သည် မူးယစ်ဆေးဝါးများကို ကိုယ်တိုင်သုံးစွဲရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၇-၂၀၁၈ ရက်နေ့တွင် တောင်လေးလုံးကျေးရွာအုပ်စု၊ ဘက်စုံကျေးရွာ၊ စစ်မှုထမ်းဟောင်း လိုင်းခန်းနေ ကိုညီညို(ခ) ကျော်ဆန်းဝင်း (၃၄)နှစ်၊ (ဘ)ဦးအန်ဘရောဘိုနှင့် ဖြိုးထက်ဇော် (၂၅)နှစ်၊ (ဘ) ဦးဇော်ဝင်း၊ ရဲမင်းအောင် (၂၃) နှစ်၊ (ဘ)ဦးမောင်မောင်ခန့်(ခ) ဦးမောင်ကြီး၊ ကျော်အောင် (ခ)စံရှား (၂၈) နှစ်၊ (ဘ)ဦးခင်တို့(၄)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ညောင်ရွှေ) မယ(ပ)၁၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် ပြည်ထဲရေးဝန်ကြီးဌာနက ၂၁-၇-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်အရ အမှုပေါင်း ၄၆ မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား ၆၁ ဦး၊ မ ၁၂ ဦး ပေါင်း ၇၃ ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ ၅၄၄.၆၅ ဂရမ်၊ ICE ၀.၅၅ ဂရမ်၊ ဘိန်းမဲ ၃၀ ဂရမ်၊ ဘိန်းစိမ်း ၂၆၀၀ ဂရမ်၊ အဝတ်ဘိန်း ၁၀ ဂရမ်၊ ဘိန်းချေးခဲ ၂၄.၅၀ ဂရမ်၊ ဘိန်းစာမှုန့် ၃၀ ဂရမ်၊ စိတ်ကြွဆေးပြား ၁၃၃၅၃ ပြား၊ ဆေးခြောက် ၁၃၁.၀၈ ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm



## ဟုမ္မလင်းမြို့နယ်၌ သေဆုံးနေသည့် တောဆင်ရိုင်းတစ်ကောင် တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် လက်ပံသာကျေးရွာအနီး ကညင်ပင်ခြောက်တော၌ ဇူလိုင် ၂၀ ရက် နံနက် ၁၁ နာရီက တောဆင်ရိုင်းအမတစ်ကောင် သေဆုံးနေကြောင်းသတင်းအရ သောင်သွပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် တောအုပ် ဦးအေးမင်းဦးစီးအဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့သည်။ ထို့နောက် မော်လိုက်သစ်ထုတ်ရေးဌာနသို့ အကြောင်းကြားခဲ့ရာ ဇူလိုင် ၂၂ ရက် ညနေ ၄ နာရီက ဆင်ဆရာဝန် ဦးမျိုးမင်းအောင်နှင့် အဖွဲ့သည် ဟုမ္မလင်းမြို့နယ် သောင်သွပ်ကျေးရွာသို့ရောက်ရှိခဲ့ပြီး ဇူလိုင် ၂၃ ရက်က အဆိုပါ ဆင်သေဆုံးမှုအား သွားရောက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

## မိုးကောင်းမြို့နယ်၌ ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**မိုးကောင်း ဇူလိုင် ၂၃**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် သူငွေကုန်းကျေးရွာ၌ ဇူလိုင် ၂၂ ရက် ည ၁၀ နာရီခွဲက မော်တော်ယာဉ်နှစ်စီးဖြင့် သယ်ဆောင်လာသည့် တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နမ္မတီးနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ဇော်လွန်းအောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မိုးကောင်းမြို့နယ် သူငွေးကုန်းကျေးရွာ စံပယ်ရပ်ကွက်ရှိ ကျေးရွာတွင်းလမ်းမပေါ်၌ မိုးညှင်းမြို့နယ် နန်းမားကျေးရွာ ရှမ်းစုရပ်နေ အိုက်မောင်(ခ) ညီညီစိုး (၂၈ နှစ်) မောင်းနှင်လာသည့် YGN/6J---- လင်ခရူဆာယာဉ်နှင့် အိုက်ဦး (ခ) အောင်နိုင်ဦး(၃၀ နှစ်) မောင်းနှင်လာသည့် YGN/6M---- လင်ခရူဆာယာဉ်နှစ်စီးကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံး အလျား ၂၃ လက်မ၊ အနံ ၁၁ လက်မ၊ ဗျက် ၁၇ လက်မရှိ တစ်တုံး၊ အလျား ၄၁ လက်မ၊ အနံ ၁၄ လက်မ၊ ဗျက် လက်မ ၃၀ ရှိ တစ်တုံး၊ အလျား ၂၉ လက်မ၊ အနံ ၃၂ လက်မ၊ ဗျက် လက်မ ၃၀ ရှိ တစ်တုံး၊ အလျား ၂၂ လက်မ၊ အနံ လက်မ ၂၀၊ ဗျက် ၁၂ လက်မရှိ တစ်တုံး၊ အလျား ၂၀ လက်မ၊ အနံ ၁၆ လက်မ၊ ဗျက် ၄ လက်မရှိ တစ်တုံး၊ အလျား ၄၇ လက်မ၊ အနံ ၁၀ လက်မ၊ ဗျက် ၁၇ လက်မရှိ တစ်တုံး၊ အလျား လက်မ ၃၀၊ အနံ ၂၄ လက်မ၊ ဗျက် ၄၆ လက်မရှိ တစ်တုံး စုစုပေါင်း တရားမဝင် ကျောက်စိမ်းအရိုင်းတုံး ခုနစ်တုံး အလေးချိန်နှင့် တန်ဖိုး(စိစစ်ဆဲ)ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသည့် ကျောက်စိမ်းအရိုင်းတုံး ပိုင်ရှင်မှာ မြစ်ကြီးနားမြို့နေ ဦးအေးထွန်း ဖြစ်ကြောင်း သိရှိရ၍ အိုက်မောင်(ခ) ညီညီစိုး၊ အိုက်ဦး(ခ)အောင်နိုင်ဦးနှင့် ဦးအေးထွန်း (စုံစမ်းဆဲ) တို့သုံးဦးကို နမ္မတီးနယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



## မြန်မာ့ရုပ်မြင်သံကြား

၂၄ -၇- ၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "လူချင်းအတူတူ"
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၃း၃၅ - "ဇူလိုင်လအတွက် လပတ် မိုးလေဝသအစီအစဉ်"
- ၁၃း၅၀ - Yes or No Talk Show

**ညပိုင်း**

- ၁၆း၂၅ - YTN (Science) (ဗိုင်းရပ်စ်တိုက်ခိုက်မှု)
- ၁၇း၁၅ - "ဆံရစ်ဝိုင်းတို့ကျွန်းခိုရာဌာနေ"
- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း
- ၁၈း၄၀ - "ဘွဲ့ထူးပိုင်၍ စံပြုထိုက်သူ သူလိုလူ"
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၂၈)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - မူပိုင်ခွင့်အကြောင်း သိကောင်းစရာ "တီထွင်မှု မူပိုင်ခွင့်အကြောင်း သိကောင်းစရာများ"
- - အနုပညာခန်းရိပ်သာ "အကော်ဒီယံအုန်းကျော် အကြောင်းဆွေးနွေးခြင်း"
- - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၄၀)

## တောင်ကြီး၊ ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၃**

တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် ည ၇ နာရီခွဲက တောင်ကြီးမြို့နယ် လွယ်တော်ကျေးရွာအနီး တောင်ကြီး-မိုင်းပျဉ်းသွားကားလမ်းတွင် ဖြိုးသီဟ မောင်းနှင်ပြီး ထွန်းထွန်း(ခ)အစ္စမန်းနှင့် မအိအိထွေးတို့ လိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၀ ကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၂၁ ရက် နံနက် ၈နာရီက ကျိုင်းတုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု ကုန်းမကျေးရွာအနီးလမ်းဆုံတွင် ကျတဲ(ခ) ကားဂါ မောင်းနှင်ပြီး မနာန္ဒး လိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၀ နာရီခွဲတွင် ကတ်ထိုက်ကျေးရွာအုပ်စု ဟွေပုံ(အောက်)ကျေးရွာရှိ မနာလား၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် ငွေကျပ် ၅၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဆော်ဒီလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်း ရန်ကုန်လေဆိပ်သို့ အရေးပေါ်ဆင်းသက်

ရန်ကုန် ဇူလိုင် ၂၃

**အရေးပေါ်ဆေးကုသမှုခံယူရန် လိုအပ်သောခရီးသည်ကြောင့် ဆော်ဒီလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်း ဇူလိုင် ၂၂ ရက် ညက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ကြောင်း လေကြောင်းဦးစီးဌာနမှ သိရသည်။**

ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း စုစုပေါင်း ၃၉၀ တင်ဆောင်လာသော ဆော်ဒီလေကြောင်းလိုင်း ခရီးစဉ်အမှတ် SV871၊ Boeing 777-3FG(ER) လေယာဉ်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဒေသစံတော်ချိန် ၁၇း၀၅ နာရီတွင် ဆော်ဒီအာရေဗျနိုင်ငံ Medina လေဆိပ်သို့ ဦးတည် ထွက်ခွာခဲ့ရာ မြန်မာစံတော်ချိန် ည ၇ နာရီ ၅၆ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ရန် ခွင့်ပြုချက်ရယူပြီး ဆင်းသက်လာခဲ့ကြောင်း သိရသည်။

လေယာဉ် ဆင်းသက်ပြီးနောက် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးပေါ်ဆေးကုသရေးအဖွဲ့မှ လေယာဉ်ပေါ်ရှိအရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သောခရီးသည်ကို သွားရောက်ပြုစုစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ ဇူလိုင် ၂၃ ရက် ညနေပိုင်းတွင် လေကြောင်းဦးစီးဌာနသို့ စုံစမ်းမှုများအရ အဆိုပါခရီးသည်မှာ ဖိလစ်ပိုင်အမျိုးသမီးတစ်ဦး ဖြစ်ပြီး အသက် ၇၅ နှစ်ဖြစ်ကြောင်း သိရသည်။ အသက် ၆၀ အရွယ် အဖော်တစ်ဦးပါပြီး လက်ရှိအချိန်တွင် ပုဂ္ဂလိကဆေးရုံတစ်ခု၌ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြောင်း သိရသည်။

ဆော်ဒီလေကြောင်းလိုင်း ခရီးစဉ်အမှတ် SV871 သည် မြေပြင်ပေါ်တွင် ၆ နာရီ ၁၇ မိနစ်ကြာ စောင့်ဆိုင်းပြီးနောက် မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၁၃ မိနစ် တွင် Medina လေဆိပ်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ဝမ်းတွင်းမြို့နယ်၌ ခရီးသည်တင်ယာဉ် ဘရိတ်ပေါက်၍ တိမ်းမှောက်သဖြင့် သုံးဦးဒဏ်ရာရ

**ဝမ်းတွင်း ဇူလိုင် ၂၃**

ဝမ်းတွင်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်းတွင် ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်က မန္တလာထွန်းခရီးသည်တင်မှန်လုံယာဉ် ဘရိတ်ပေါက်ပြီး ကားလမ်းဝဲဘက်သို့ တိမ်းမှောက်ခဲ့သဖြင့် ခရီးသည်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝမ်းတွင်းမြို့ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၃၇၆/၅ နှင့် ၃၇၆/၆)ကြား ကျွဲတပ်ကားဂိတ်အနီးတွင် ယာဉ်မောင်း ကျော်ကျော်လင်း (၃၈ နှစ်)မင်းဘူးမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် IP/---- HIBER မန္တလာထွန်းခရီးသည်တင်မှန်လုံယာဉ်မှာ ဘရိတ်ပေါက်ပြီး ကားလမ်းဝဲဘက်သို့ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ ခရီးသည် ခြောက်ဦးအနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ ဒဏ်ရာများရရှိခဲ့သဖြင့် ဝမ်းတွင်းပြည်သူ့ဆေးရုံကြီး ပြင်ပဌာနတွင် တက်ရောက်ကုသလျက်ရှိသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်း ကျော်ကျော်လင်းကို ရွှေတောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မိုးရေချိုးနေစဉ် မိုးကြိုးပစ်ခံရ၊ တစ်ဦးသေဆုံး

**နေပြည်တော် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လိပ္ပျတ်ကျေးရွာ၌ ဇူလိုင် ၂၂ ရက် ညနေ ၆ နာရီက လူတစ်ဦးမိုးကြိုးပစ်ခံရ၍ သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

သတင်းအရ မှော်ဘီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ လိပ္ပျတ်ကျေးရွာနေ မဖြူဇင်ဦး (၂၂ နှစ်)သည် အုတ်ကွင်းရှိ ၎င်း၏နေအိမ်မှ မိုးရေချိုးရန်ထွက်လာစဉ် မိုးကြိုးပစ်ခံရ၍ နေအိမ်ရှေ့မြေပြင်ပေါ်တွင် ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရ၍ မှော်ဘီမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

## မန်းရေနံမြေရှိ သဘာဝဘေးဒဏ်သင့် အိမ်ထောင်စုများ ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ငွေ ပေးအပ်

**မင်းဘူး ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကုမြို့နယ်)အတွင်းရှိ မန်းရေနံနှင့် ထိစပ်ကျေးရွာများဖြစ်သည့် ချင်တောင်၊ ကျွဲချကျေးရွာများတွင် ယခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မန်းချောင်းရေ တိုက်စားမှုများဖြစ်ပေါ်ခဲ့ရာ မန်းချောင်းအနီးရှိ နေအိမ်အချို့ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ယင်းသို့ ကမ်းပါးပြို၍ နေအိမ်များပျက်စီးခဲ့သည့် ချင်တောင်၊ ကျွဲချကျေးရွာများရှိ အိမ်ထောင်စုများ ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက်တွင် အဆိုပါ ကျေးရွာ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်နှင့် MPRL E&P Pte Ltd. ၏ ရေနံမြေမန်နေဂျာ ဦးမိုးဇော်တင့်၊ CSR & Communications Department မှ တာဝန်ရှိသူများ၊ ချင်တောင်၊ ကျွဲချကျေးရွာနေ သဘာဝဘေးဒဏ်သင့် အိမ်ထောင်စုဝင်များ တက်ရောက်ခဲ့ကြသည်။

ထောက်ပံ့ငွေပေးအပ်လှူဒါန်းရာတွင် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၃၂ စု အတွက် စုစုပေါင်းထောက်ပံ့လှူဒါန်းငွေကျပ် ၄၈ သိန်းကို MPRL E&P Pte Ltd. မှ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




### ကျောဖုံးမှ

လည်းကောင်း၊ ပထမဆုရရှိသွားသော အနောက်ပိုင်းခရိုင်အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဆုဖလားနှင့် ငွေသားဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အေကေလင်း**

## မန်တုံမြို့ရှိ စစ်ဘေးရှောင်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့

**မန်တုံ ဇူလိုင် ၂၃**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်၌ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ကျောက်မဲခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ စစ်ဘေးရှောင်ပြည်သူများအတွက် ဆန်၊ ဆီ၊ ပဲနှင့် ဆားများ ထောက်ပံ့ပေးအပ်ခဲ့သည်။ မန်တုံမြို့နယ် ကက်သလစ်ဘုရားကျောင်းဝင်းအတွင်း ခိုလှုံလျက်ရှိသော အိမ်ထောင်စု ၃၂ စုနှင့် ကချင်နှစ်ခြင်းဘုရားကျောင်းဝင်းအတွင်း ခိုလှုံလျက်ရှိသည့် အိမ်ထောင်စု ၃၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စုစုပေါင်း ဆန်အိတ် ၄၉ အိတ်၊ ဆားတစ်အိတ်၊ ပဲအိတ်နှစ်အိတ်နှင့် ဆီတစ်ပိဿာဝင် ၆၂ ဘူးတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **စည်သူမောင်မောင် (ပြန်/ဆက်)**

# ဖိလစ်ပိုင်မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငါးဦးသေဆုံးပြီး ခုနစ်သိန်းကျော် ဘေးလွတ်ရာသို့ပြောင်းရွှေ့

**မနီလာ ဇူလိုင် ၂၃**

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးများ ဆက်တိုက်ရွာသွန်းမှုကြောင့် ငါးဦးသေဆုံးပြီး ရေဘေးသင့်သူ ၇၂၀၀၀၀ ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံအစိုးရက မကြာသေးမီတွင် ပြောသည်။

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း မောင်တင်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး နိုင်ငံအလယ်ပိုင်း နီဂရိုစ့်အိုရီရန်တယ် ပြည်နယ်တွင် မြစ်ရေမြင့်တက်မှုကြောင့် တစ်ဦးရေနစ်သေဆုံးခဲ့ကြောင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုကောင်စီက ဇူလိုင် ၂၂ ရက်တွင် ကြေညာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ အန်းတစ်ပြည်နယ်တွင်လည်း မြေပြိုမှုကြောင့် ကလေးနှစ်ဦးသေဆုံးခဲ့ပြီး နီဂရိုစ့်အိုရီရန်တယ်ပြည်နယ်တွင်လည်း ရေကြီး ရေလျှံမှုဖြစ်ပွားရာ လူတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

ရက်သတ္တတစ်ပတ်ကြာ ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ရေဘေးသင့်ပြည်သူ ၇၂၀၀၀၀ ရှိပြီး ၎င်းတို့အနက် ၂၃၀၀၀၀မှာ အစိုးရဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံလျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများမှာ ရပ်တန့်မသွားဘဲ နောက်ထပ် ရက်အနည်းငယ်အထိ ဆက်လက်ရွာသွန်းနိုင်ကြောင်း ဖိလစ်ပိုင် မိုးဇလက ခန့်မှန်းထားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် နှစ်စဉ် တိုင်ဖွန်းမုန်တိုင်း အကြိမ် ၂၀ ခန့် တိုက်ခတ်လေ့ရှိရာ အများအားဖြင့် မိုးရာသီကာလဖြစ်သည့် ဇွန်လမှ နိုဝင်ဘာလကြားတွင် ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**




# တိုရွန်တိုမြို့၌ ပစ်ခတ်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရ

**တိုရွန်တို ဇူလိုင် ၂၃**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့ ဂရိတောင်းအရပ်၌ တနင်္ဂနွေနေ့က ပစ်ခတ်မှုဖြစ်ပွားရာသေနတ်သမားအပါအဝင် နှစ်ဦးသေဆုံးခဲ့ပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။

ဗီဒီယိုဖိုင်တွင် ဖော်ပြချက်အရ အနက်ရောင်ဝတ်ဆင်ထားသော အမျိုးသားတစ်ဦးသည် စကြံလမ်းတွင် လမ်းလျှောက်နေခဲ့ပြီးနောက် နောက်သို့လှည့်ကာ ပစ်ခတ်မှုပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး နောက်ထပ် အမျိုးသမီးငယ်တစ်ဦးမှာလည်း အသက်အန္တရာယ်စိုးရိမ်နေရကြောင်း တိုရွန်တိုရဲတပ်ဖွဲ့က ပြောသည်။ စုစုပေါင်း ၁၄ ဦး ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခံရကြောင်း တိုရွန်တိုရဲတပ်ဖွဲ့က တွစ်တာ စာမျက်နှာတွင် ရေးသားထားသည်။




ပစ်ခတ်သူဟု သံသယရှိသူမှာလည်း သေဆုံးသွားကြောင်း သိရပြီး နောက်ထပ်ဖြစ်လာနိုင်ဖွယ်ရှိသည့် အခြေအနေများကိုလည်း စောင့်ကြည့်နေကြောင်း ရဲများက ပြောသည်။ မြို့တော်ဝန်မှာလည်း ရဲများထံမှ နောက်ထပ်သတင်းများမရမချင်း ထင်ရာမြင်ရာ ပြောကြားမှုများ မပြုကြရန် ပြောကြားသည်။

ထို့ပြင် ယခုဖြစ်ပွားခဲ့သော ပစ်ခတ်မှုမှာ စက်ဆုတ်ဖွယ်ကောင်းကြောင်းလည်း သူ၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားထားသည်။ သေနတ်ပစ်ခတ်ခံရသည့်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက်လည်း စိတ်မကောင်းဖြစ်ရကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

သေနတ်သမားသေဆုံးသွားရခြင်းမှာ ၎င်းကိုယ်တိုင် အဆုံးစီရင်ခြင်းလား သို့မဟုတ် ရဲများ၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားရခြင်းလား ဆိုသည်ကိုမူ တိတိကျကျမသိရသေးပေ။ **အေအက်ဖ်ပီ**

# အမေရိကန်ကို ခြိမ်းခြောက်မှု မပြုရန် သမ္မတထရန့်က အီရန်ကို သတိပေး

**ဝါရှင်တန် ဇူလိုင် ၂၃**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အီရန်သည် အမေရိကန်ကို ခြိမ်းခြောက်ပါက သမိုင်းတစ်လျှောက်ခံစားခဲ့ရသလို ခံစားရလိမ့်မည်ဟု လူမှုကွန်ရက်တွင် သတိပေးပြောကြားခဲ့သည်။

"အမေရိကန်ပြည်ထောင်စုကို နောက်ထပ် ဘယ်တော့မှ ခြိမ်းခြောက်မှုထပ်မံမပြုလုပ်ရန်နှင့် ထိုကဲ့သို့ ပြုလုပ်ပါက အီရန်နိုင်ငံအနေဖြင့် သမိုင်းတစ်လျှောက် ခံစားခဲ့ရသလို အကျိုးဆက်များခံစားရလိမ့်မည်" ဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အီရန်သမ္မတ ဟက်ဆန် ရူဟာနီထံသို့ တိုက်ရိုက်ပေးပို့သော တွစ်တာမက်ဆေ့ချ်တွင် ရေးသားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အီရန်နိုင်ငံ၏ အကြမ်းဖက်စကားလုံးများနှင့် ရက်စက်အကြမ်းဖက်မှုများကို လက်ခံမည့် နိုင်ငံတစ်ခုမဟုတ်သည်ကို အီရန်အနေဖြင့် သတိထားရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အလေးအနက်ထား ဖော်ပြလိုက်သည်။

အီရန်သမ္မတ ဟက်ဆန်ရူဟာနီက အမေရိကန်ခေါင်းဆောင်ကို ခြင်္သေ့အမြီးနှင့် လာမကစားရန် ပြောကြားခဲ့သကဲ့သို့ အီရန်နှင့် ငြိမ်းချမ်းခြင်းသည် အားလုံးသော ငြိမ်းချမ်းရေးတို့၏ မိခင်ဖြစ်သကဲ့သို့ အီရန်နှင့် စစ်ဖြစ်ပါကလည်း စစ်ပွဲတကာတို့၏ မိခင်ဖြစ်မည်ဆိုသည်ကို သိသင့်ကြောင်း ပြောကြားပြီးနောက် ယခုကဲ့သို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ သတိပေးခြိမ်းခြောက်သံ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

အီရန်နှင့်အမေရိကန်တို့ ယခုအချိန်မှာ သူနိုင်ကိုယ်နိုင်အပြိုင်ကြဲကာ စကားစစ်ခင်းခဲ့သလို လွန်ခဲ့သည့်နှစ် ယခုလိုအချိန်ကလည်း အမေရိကန်နှင့်မြောက်ကိုရီးယားခေါင်းဆောင်တို့ သူနိုင်ကိုယ်နိုင် စကားစစ်ထိုးခဲ့ဖူးကြောင်း သိရသည်။

သို့ရာတွင် ယခုအခါ မြောက်ကိုရီးယားနှင့် သမိုင်းဝင်ဆွေးနွေးပွဲ ပြုလုပ်နိုင်ပြီး နျူကလီးယားကင်းစင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့သည်။

မြောက်ကိုရီးယားနှင့် မမျှော်လင့်ဘဲ နျူကလီးယားအရေး ပြေလည်မှုရရှိပြီးနောက် အမေရိကန်၏ နောက်ထပ်ပစ်မှတ်တစ်ခုသည် အီရန်နျူကလီးယားစွန့်လွှတ်ရန် ဖြစ်ကောင်းဖြစ်နိုင်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



# ရုရှားနှင့် ဂျော်ဒန် နိုင်ငံခြားရေးဝန်ကြီးများ ဆီးရီးယားအရေးဆွေးနွေး

**မော်စကို ဇူလိုင် ၂၃**

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရော့ဘ်နှင့် ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး အေမန်ဆာဖာဒီတို့သည် တနင်္ဂနွေနေ့က အနာဂတ်ကာလတွင် ဆီးရီးယားအရေးပူးပေါင်းဆောင်ရွက်မှုများအတွက် တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးရုံးမှ ပြောသည်။

ဆီးရီးယားအရေး၊ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့် ဆီးရီးယားနိုင်ငံအနောက်တောင်ပိုင်း အကြမ်းဖက်သမားများကို အောင်မြင်စွာနှိမ်နင်းနိုင်ခဲ့ခြင်းအစရှိသည်တို့ကို အလေးပေးဆွေးနွေးခဲ့ကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနဖေ့စ်ဘွတ်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# ကိုရီးယားစစ်ပွဲအဆုံးသတ်စေရေး တောင်ကိုရီးယားက အကူအညီပေးရန် မြောက်ကိုရီးယားတောင်းဆို

**ပြုံယမ်း ဇူလိုင် ၂၃**

ကိုရီးယားစစ်ပွဲအဆုံးသတ်စေရေး အမေရိကန်အနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများ တရားဝင်ပြုလုပ်သွားရန် တောင်ကိုရီးယားက တိုက်တွန်းပေးစေလိုကြောင်း မြောက်ကိုရီးယားဘက်မှ တောင်းဆိုခဲ့သည်။ အမေရိကန်နှင့်မြောက်ကိုရီးယားကြား သဘောထားကွဲလွဲမှုများမှာ ဆက်လက်ရှိနေဆဲဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက မြောက်ကိုရီးယားကို နျူကလီးယား လက်နက်ကင်းစင်စေရေး အရင်ပြုလုပ်သင့်သည်ဟု တောင်းဆိုနေပြီး မြောက်ကိုရီးယားဘက်မှလည်း နှစ်ဦးနှစ်ဖက်ယုံကြည်မှုကို အရင်တည်ဆောက်သင့်ကြောင်း ပြောကြားသည်။ တနင်္လာနေ့က မြောက်ကိုရီးယားဝက်ဘ်ဆိုက်မှ ဝါရှင်တန်သည် ကိုရီးယားစစ်ပွဲပြီးဆုံးကြောင်းကြေညာရန် စိတ်ပါလက်ပါမရှိဟု ဝေဖန်ရေးသားခဲ့သည်။

ယင်းဝေဖန်ချက်တွင် တောင်ကိုရီးယားအနေဖြင့်လည်း ကိုရီးယားစစ်ပွဲပြီးဆုံးကြောင်းကြေညာနိုင်ရေး ပူးပေါင်းလုပ်ဆောင်သင့်ကြောင်းပါရှိသည်။ မြောက်ကိုရီးယားသည် အမေရိကန်နှင့် ဆွေးနွေးညှိနှိုင်းရာတွင် တောင်ကိုရီးယား၏ ထောက်ခံအားပေးမှုကို လိုလားနေသည်ဟုလည်း လေ့လာသူများက ပြောကြားသည်။ **အင်န်အိတ်ခ်ျကေ**

## အိန္ဒိယနိုင်ငံမြို့တော်အနီးတွင် ဆောက်လက်စအဆောက်အအုံတစ်လုံး ပြိုကျရာ တစ်ဦးသေဆုံး

**နယူးဒေလီ ဇူလိုင် ၂၃**

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၏ အနီးတွင် ဇူလိုင် ၂၂ ရက်က ဆောက်လက်စ အဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ အနည်းဆုံး အလုပ်သမားတစ်ဦးသေဆုံးပြီး အခြားခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

မတော်တဆမှုသည် မြို့တော်နယူးဒေလီမှ ကီလိုမီတာ ၅၀ အကွာ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ် ပြည်နယ် ဂါဇီယာဘတ်ခရိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဂါဇီယာဘတ်ခရိုင် ဒတ်စ်နာရေိယာတွင် ဆောက်လက်စ ငါးထပ်အဆောက်အအုံတစ်လုံး ပြိုကျခဲ့ကြောင်းနှင့် အပျက်အစီးများအောက်မှ ရုပ်အလောင်းတစ်လောင်း ဆွဲထုတ်နိုင်ခဲ့ပြီး ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံတစ်ရုံသို့ ပို့ဆောင်ထားကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးတာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

လတ်တလောတွင် ပြိုကျအပျက်အစီးများအောက်တွင် အလုပ်သမားအချို့ ပိတ်မိနေဆဲဖြစ်ပြီး ၎င်းတို့အား ကယ်ဆယ်ရန် ကြိုးစားအားထုတ်နေဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အဆိုပါဖြစ်စဉ်အား သက်ဆိုင်ရာက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်ရန်ကျူးဘားသမ္မတ တိုက်တွန်း

ဟာဗားနား ဇူလိုင် ၂၃

ကျူးဘားသမ္မတ မီဂွယ်လ်ဒီယက်ဇ် ကနယ်လ်သည် ကျူးဘား၌ အကျင့်ပျက်ခြစားမှုများနှင့် ရာဇဝတ်မှုများကို တိုက်ဖျက်သွားရန် တနင်္ဂနွေနေ့က တိုက်တွန်းခဲ့သည်။ ပုံမှန်ကျင်းပလေ့ရှိသော အမျိုးသားညီလာခံအပိတ်မိန့်ခွန်းတွင် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးမှာ အစိုးရနှင့် ရဲတပ်ဖွဲ့၏ တာဝန်မျှသာမဟုတ်၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့်လည်း သက်ဆိုင်ကြောင်း ပြောကြားခဲ့သည်။

ပြည်သူများ စည်းလုံးညီညွတ်မှုသည် အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ရာတွင် အဓိကလက်နက်လည်း ဖြစ်ကြောင်း ကျူးဘားသမ္မတက ဆက်ပြောသည်။ ကျူးဘားအာဏာပိုင်များသည် အကျင့်ပျက်ခြစားမှုကို တိုင်းပြည်၏ အဓိကခြိမ်းခြောက်မှုတစ်ခုအဖြစ် သတ်မှတ်ထားကြသည်။ အကျင့်ပျက်ခြစားမှုကြောင့် လက်ရှိ ကြုံတွေ့နေရသော ဘဏ္ဍာရေးအခက်အခဲများထက် ဆိုရှယ်လစ်အတွေးအခေါ်များကို ပို၍ ထိခိုက်စေသည်ဟုယူဆကြသည်။ အကျင့်ပျက်ခြစားမှုများကို နှိမ်နင်းရန် အထူးသဖြင့် နိုင်ငံပိုင်လုပ်ငန်းကြီးများတွင် အကျင့်ပျက်ခြစားမှုမရှိစေရေးအတွက် စာရင်းစစ်ရုံးကို သမ္မတရာအူးလ်ကတ်စထရိုလက်ထက် ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ **ဆင်ဟွာ**

## ဗီယက်နမ်၌ တိုင်ဖွန်းမုန်တိုင်းကြောင့် ၃၂ ဦးထက်မနည်း သေဆုံး

ဟန္ဒိုင်း ဇူလိုင် ၂၃

ဗီယက်နမ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းကြောင့် မြေပြိုမှုနှင့် ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ ၃၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်းသိရသည်။ တိုင်ဖွန်း Son Tinh ဟုအမည်ရသောမုန်တိုင်းသည် လွန်ခဲ့သော သီတင်းပတ် အင်္ဂါနေ့က တောင်တရုတ်ပင်လယ်တွင်ဖြစ်ပေါ်ခဲ့ရာ နှစ်ရက်အကြာတွင် ဗီယက်နမ်နိုင်ငံသို့ ချင်းနင်းဝင်ရောက်လာသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တော်ဟန္ဒိုင်းအပါအဝင် အချို့သောနေရာများတွင် ရေကြီးမြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။

လက်ရှိအချိန်အထိ ၃၂ ဦး သေဆုံးပြီး ၁၇ ဦး ပျောက်ဆုံးနေကြောင်း ဗီယက်နမ်အာဏာပိုင်များက တနင်္ဂနွေနေ့တွင် အတည်ပြုပြောကြားသည်။ လူနေအိမ် ငါးထောင်ကျော် ပျက်စီးခဲ့ရပြီး လယ်မြေ ၈၂၀၀၀ ဟက်တာခန့် ရေလွှမ်းခံရသည်။

မုန်တိုင်းမှာ အားပျော့သွားပြီး အပူပိုင်းမုန်တိုင်းအဖြစ် ပြောင်းလဲသွားသော်လည်း လာမည့်ရက်အနည်းငယ်အထိ မိုးဆက်လက် သည်းနိုင်သေးကြောင်း ဗီယက်နမ်အာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားသည်။

**အင်န်အိတ်ချ်ကေ**

# ဥရောပမှာ အခြေချခွင့်ရတော့မယ့် အဖြူရောင်ခမောက်အဖွဲ့သားများ

**ဖြိုးစန္ဒီနွေး**

White Helmets မြန်မာလို ဆိုရင်တော့ အဖြူရောင်ခမောက်များလို့ အမည်ရတဲ့အဖွဲ့ဟာ ဆီးရီးယားစစ်ပွဲနဲ့ အတူ လူသိများလာတဲ့အဖွဲ့လည်း ဖြစ်တယ်။ အကြမ်းဖက်သမားတွေ၊ အစွန်းရောက်အဖွဲ့တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပေါ်ပေါက်လာပြီး တိုင်းပြည်ကို မငြိမ်းမချမ်းဖြစ်စေတဲ့အချိန်မှာ တိုက်ပွဲအတွင်းမှာ ဒဏ်ရာရရှိသူတွေကို အသက်စွန့်ကယ်တင်ကြတဲ့ အဖြူရောင်ခမောက်များဆိုတဲ့အဖွဲ့လည်း ပေါ်ထွက်လာခဲ့ပါတယ်။



### အဖြူရောင်ခမောက်များ

ဒီအဖွဲ့ဟာ ၂၀၁၄ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး ဗုံးဒဏ်ခံဒေသတွေမှာ လူတွေကို ရှာဖွေကယ်ဆယ်ပြီး ဆေးဝါးကုသပေးတာမျိုး၊ အန္တရာယ်ရှိတဲ့အရပ်ကနေ လူတွေကို ကယ်တင်ပေးတာမျိုး၊ လိုအပ်တဲ့အခါ တိုက်ပွဲမဖြစ်ပွားတဲ့နေရာတွေကို လိုက်လံပို့ဆောင်ပေးတာမျိုးတွေ ပြုလုပ်ပေးတဲ့ စေတနာ့ဝန်ထမ်းအဖွဲ့လည်း ဖြစ်တယ်။

သူတို့လှုပ်ရှားတဲ့ အဓိကနယ်မြေတွေကတော့ သူပုန်တွေထိန်းချုပ်ထားတဲ့ ဒေသတွေမှာပဲဖြစ်တယ်။ ၂၀၁၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ ဒီအဖွဲ့ဟာ အခု ၂၀၁၈ ခုနှစ်အထိဆိုရင် အရပ်သားပေါင်း တစ်သိန်းတစ်သောင်းလေးထောင်ကျော်ရဲ့ အသက်ကို ကယ်တင်ခဲ့ပြီးပါပြီ။

ဒီပမာဏဟာ နည်းတဲ့ပမာဏတော့ မဟုတ်ပါဘူး။ ဒီလိုကယ်တင်မှုနဲ့အတူ အဖြူရောင်ခမောက်အဖွဲ့က အဖွဲ့ဝင်ပေါင်း ၂၀၄ ဦးဟာလည်း အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဒဏ်ရာရရှိခဲ့တဲ့ အရေအတွက်ကတော့ ၅၀၀ ကျော် ရှိပါတယ်။

### အသက်အန္တရာယ်ခြိမ်းခြောက်ခံနေရ

အခုအချိန်မှာတော့ အဖြူရောင်ခမောက်အဖွဲ့သားတွေရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်ခံနေရပါတယ်။ ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်တွေရဲ့ခြိမ်းခြောက်မှုအန္တရာယ်ကြောင့် အဖြူရောင်ခမောက်အဖွဲ့သား ၈၀၀ ကျော်နဲ့ သူတို့ရဲ့ မိသားစုဝင်တွေကို အစ္စရေးတပ်ဖွဲ့က ကယ်တင်ခဲ့ပြီး ဂျော်ဒန်နိုင်ငံကို ပို့ဆောင်ပေးခဲ့ရတယ်လို့ သိရပါတယ်။ အစ္စရေးတပ်ဖွဲ့ဝင်တွေရဲ့ ကယ်တင်မှုသတင်းကို အစ္စရေးအစိုးရကလည်း အတည်ပြုပြီးပါပြီ။

အမေရိကန်၊ ကနေဒါ၊ ဥရောပနိုင်ငံတွေရဲ့ မေတ္တာရပ်ခံမှုနဲ့အတူ အစ္စရေးဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်မှုတစ်ရပ်အဖြစ် ဆီးရီးယားလူမှုအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အဖြူရောင်ခမောက်အဖွဲ့ဝင်တွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေကို ကယ်ဆယ်နိုင်ခဲ့ပြီး ဖြစ်တယ်လို့ အစ္စရေးနိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အီမန်နျူရယ်နက်ရှ်ရှုံးက ပြောပါတယ်။

ဂျော်ဒန်နိုင်ငံဘက်မှလည်း အစ္စရေးနိုင်ငံက ပို့ဆောင်ပေးလိုက်တဲ့ အဖြူရောင်ခမောက်များအဖွဲ့သား ၈၀၀ နဲ့ သူတို့ရဲ့ မိသားစုဝင်တွေဟာ ဂျော်ဒန်နိုင်ငံကို တနင်္ဂနွေနေ့ကပဲ ရောက်ရှိလာပြီဖြစ်ပါတယ်။ ဗြိတိန်၊ ကနေဒါနဲ့ ဂျာမနီနိုင်ငံတို့ကို လွှဲပြောင်းပေးအပ်သွားဖို့ အစီအစဉ်ရှိတယ်လို့ ပြောပါတယ်။

### တရားဝင်ဆွေးနွေးမှုတွေ လုပ်ဆောင်

အနောက်နိုင်ငံတွေမှာ ဒီလူတွေ အခြေချနိုင်ဖို့အတွက် ဂျော်ဒန်နိုင်ငံက ကူညီလုပ်ဆောင်ပေးနေတယ်လို့ ဂျော်ဒန်အစိုးရက ပြောပါတယ်။ ဒီလူတွေရဲ့ အသက်အန္တရာယ် စိုးရိမ်ရတဲ့အတွက် ဗြိတိန်၊ ဂျာမနီ၊ ကနေဒါနိုင်ငံတို့ဟာ ကန့်သတ်ထားတဲ့အချိန်အတွင်းမှာ ဒီလူတွေရဲ့အခြေချနေထိုင်မှုကို ဆောင်ရွက်ပေးနိုင်ရေး တရားဝင်ဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။

ဆီးရီးယားနိုင်ငံရဲ့ အိမ်နီးချင်း ဂျော်ဒန်နိုင်ငံဟာလည်း ဆီးရီးယားဒုက္ခသည် အမြောက်အမြားကို ဒုက္ခသည်စခန်းတွေမှာ လက်ခံထားရတာဖြစ်တယ်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးရဲ့မှတ်တမ်းတွေအရ ဂျော်ဒန်နိုင်ငံမှာ ဆီးရီးယားဒုက္ခသည်ပေါင်း ခြောက်သိန်းကျော် နေထိုင်လျက်ရှိပါတယ်။

ဒါပေမယ့် ဂျော်ဒန်နိုင်ငံကတော့ သူတို့ အမှန်တကယ် လက်ခံထားရတဲ့ အရေအတွက်ဟာ ၁ ဒသမ ၃ သန်းနီးပါး ရှိတယ်လို့ ဆိုပါတယ်။

### ဆီးရီးယားအစိုးရရဲ့သံသယ

အဖြူရောင်ခမောက်များအဖွဲ့သားတွေဟာ ဆီးရီးယားနိုင်ငံသားတွေဖြစ်ပြီး ပြည်တွင်းစစ်ပွဲကာလမှာ ခက်ခက်ခဲခဲ ကယ်ဆယ်မှုတွေကို လုပ်ဆောင်ခဲ့ကြတဲ့အဖွဲ့လည်း ဖြစ်တယ်။ သူတို့အဓိကလှုပ်ရှားတဲ့နေရာတွေကတော့ သူပုန်တွေထိန်းချုပ်ထားတဲ့ နယ်မြေတွေမှာ ကျင်လည်လှုပ်ရှားကြတာဖြစ်ပြီး သူပုန်တွေ ထိန်းချုပ်ထားတဲ့ နယ်မြေတွေကို အစိုးရတပ်တွေက ပြန်လည်သိမ်းပိုက်လိုက်တဲ့အခါမှာတော့ အဖြူရောင်ခမောက်များအဖွဲ့သားတွေဟာ အဲဒီနေရာကနေ ထွက်ပြေးကြရပါတော့တယ်။

အဖြူရောင်ခမောက်များ အဖွဲ့ဆိုတာ အကြမ်းဖက်သမားတွေနဲ့လည်း ရင်းနှီးတဲ့ ဆက်ဆံရေးရှိတယ်။ ပြီးတော့ အခြားသော လျှို့ဝှက်ပူးပေါင်းမှုအစီအစဉ်တွေလည်းရှိနိုင်တယ်ဆိုတဲ့ အထင်အမြင်မျိုးတွေ ဆီးရီးယားအစိုးရတပ်တွေဆီမှာရှိနေတဲ့အတွက် သူတို့ရဲ့ အသက်အန္တရာယ်ဟာ စိုးရိမ်စရာရှိလာတာလည်း ဖြစ်တယ်။

ဒီအဖွဲ့ဟာ သူပုန်တွေထိန်းချုပ်ရာ နယ်မြေမှာ ကျင်လည်ခဲ့တဲ့အတွက် အစိုးရတပ်အနေနဲ့ ဒီလိုမျိုး သံသယတွေ ဖြစ်ပေါ်လာတာလည်း ဖြစ်တယ်။

ကနေဒါ နိုင်ငံခြားရေးဝန်ကြီး ခရစ္စတီယားဖရီးလန်း ကတော့ ကနေဒါနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာက ဝိုင်းဝန်းကြိုးပမ်းနေကြတဲ့ အဖြူရောင်ခမောက်များအဖွဲ့သားတွေနဲ့ သူတို့ မိသားစုဝင်တွေကို ကယ်တင်ဖို့ သူ့ရဲ့ မိတ်ဖက်နိုင်ငံတွေဖြစ်ကြတဲ့ ဗြိတိန်၊ ဂျာမနီတို့နဲ့အတူ အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိတယ်လို့ ပြောပါတယ်။ ကနေဒါနိုင်ငံခြားရေးဝန်ကြီးဟာ လွန်ခဲ့တဲ့ တစ်ပတ်ခန့်က ကျင်းပခဲ့တဲ့ နေတိုးထိပ်သီးအစည်းအဝေးပွဲမှာလည်း နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ တွေ့ဆုံတဲ့အခါ ဒီအဖြူရောင်ခမောက်များအဖွဲ့သားတွေကို ကယ်တင်ဖို့ နိုင်ငံတကာကလည်း ဝိုင်းဝန်းအကူအညီပေးကြဖို့ တောင်းဆိုခဲ့သူပါ။

### အဖွဲ့၏ လုပ်ဆောင်ချက်

ဆီးရီးယားပြည်တွင်းစစ်ပွဲအတွင်း အစိုးရနဲ့ အတိုက်အခံဖြစ်နေတဲ့ သူပုန်တွေ ထိန်းချုပ်ထားတဲ့နေရာတွေမှာ တိုက်ပွဲတွေဖြစ်ပြီး ပိတ်မိနေတဲ့ အရပ်သားတွေရှိရင် အဖြူရောင်ခမောက်များအဖွဲ့သားတွေဟာ ကယ်တင်ကြပါတယ်။

အဖွဲ့ရဲ့ ဆောင်ပုဒ်ကတော့ တစ်ဦးတစ်ယောက်ရဲ့အသက်ကို ကယ်တင်တာဟာ လူသားမျိုးနွယ်တစ်ခုလုံးကို ကယ်တင်တာပါပဲ။ အဖြူရောင်ခမောက်များအဖွဲ့သားတွေဟာ လူမျိုးဘာသာမရွေး ကယ်တင်ကြတယ်လို့လည်း သိရပါတယ်။ အချို့သောအဖွဲ့သားတွေဟာ နိုင်ငံရပ်ခြားမှာ လေ့ကျင့်သင်ကြားမှုတွေ ရရှိခဲ့ပါတယ်။

တူရကီနိုင်ငံအပါအဝင် အခြားသော တိုင်းပြည်တွေမှာ ကယ်ဆယ်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး သင်ယူတာမျိုး ပြုလုပ်ကြပါတယ်။ ပြီးရင်တော့ တိုင်းပြည်အတွင်းကိုပြန်လာပြီး အခြားအဖွဲ့သားတွေကို လက်ဆင့်ကမ်းပြန်လည်သင်ကြားပေးပါတယ်။

ဆီးရီးယားတောင်ပိုင်းမှာ တိုက်ပွဲတွေပြင်းထန်နေပြီး အသက်အန္တရာယ်စိုးရိမ်ရတဲ့အတွက် အရပ်သားတွေကို တိုက်ပွဲဖြစ်ပွားရာ ဇုန်ကနေ အခြားတစ်နေရာကို ကယ်တင်ပေးတာတွေ လုပ်ဆောင်နေရပါတယ်။

အစ္စရေးကတော့ ဆီးရီးယားစစ်ပွဲအတွင်း ကြားဝင် ပါဝင်မှုမရှိဘူးဆိုတဲ့ မူဝါဒကို ဆက်လက်ကျင့်သုံးဆဲပါ။ ဆီးရီးယားနယ်မြေတစ်ခုလုံးရဲ့ လှုပ်ရှားမှုတွေမှာ ဆီးရီးယားအစိုးရတပ်တွေမှာ တာဝန်ရှိတယ်ဆိုတာကို လက်ခံထားဆဲပါ။

တိုက်ပွဲတွေကနေ ထွက်ပြေးလာပြီး ဂိုလန်ကုန်းမြင့်မှာ ရောက်နေတဲ့ အရပ်သားတွေအတွက် ကျန်းမာရေးဆိုင်ရာအကူအညီပေးဖို့ အစ္စရေးက လုပ်ဆောင်နေပါတယ်။ ၁၉၆၇ ခုနှစ် ခြောက်ရက်ကြာ စစ်ပွဲအတွင်းမှာ ဂိုလန်ကုန်းမြင့်ရဲ့ စတုရန်းမိုင် ၄၆၀ ကို အစ္စရေးတပ်ဖွဲ့တွေက သိမ်းပိုက်ခဲ့ပါတယ်။

### ရှားပါးတဲ့ဖြစ်စဉ်

ဂျော်ဒန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အယ်ကေးခ်က သူတို့နိုင်ငံအနေနဲ့ အဖြူရောင်ခမောက်များ အဖွဲ့သားတွေကို လက်ခံထားတာဟာဆိုရင် သန့်စင်တဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကြောင်းပြချက်ကြောင့်ပဲ ဖြစ်တယ်လို့ ပြောပါတယ်။

အခု သူတို့လက်ခံထားတဲ့ အဖြူရောင်ခမောက်များ အဖွဲ့သားတွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေကို သီးသန့်နေရာမှာထားရှိပြီး သုံးလအတွင်းမှာ ဗြိတိန်၊ ကနေဒါနဲ့ ဂျာမနီနိုင်ငံတို့ဆီ ပေးပို့မှာပဲဖြစ်တယ်လို့ ဆက်ပြောပါတယ်။

အခုဆိုရင် အဖွဲ့ဝင်ပေါင်း ၃၀၀၀ ကျော်ရှိတဲ့ အဖြူရောင်ခမောက်များ အဖွဲ့သားတွေထဲက ၈၀၀ ကျော်ကိုတော့ ကယ်တင်လို့ ပြီးပါပြီ။ ဒီလူတွေဟာ မကြာခင်မှာပဲ အနောက်နိုင်ငံတွေမှာ ပြန်လည်အခြေချခွင့်ရတော့မှာပါ။ ဒုက္ခသည်တွေ လက်ခံမှုကြောင့် ဥရောပနိုင်ငံတွေမှာ ပြဿနာပေါင်းစုံတက်နေချိန်မှာ အချို့သောဒုက္ခသည်ဆိုင်ရာ သတ်မှတ်ချက်တွေနဲ့ မပြည့်စုံသူတွေကိုလည်း နေရပ်ပြန်ပို့တာတွေ လုပ်ဆောင်နေပါတယ်။

ဒီလိုမျိုးအချိန်မှာ အဖြူရောင်ခမောက်များအဖွဲ့သားတွေကို လက်ခံပေးတာဟာဆိုရင် ရှားပါးတဲ့ဖြစ်စဉ်တစ်ခုလို့ ဆိုရမှာပါ။ ။

**ကိုးကား -အေအက်ဖ်ပီ**

“ ဒီအဖွဲ့ဟာ ၂၀၁၄ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး ဗုံးဒဏ်ခံဒေသတွေမှာ လူတွေကို ရှာဖွေကယ်ဆယ်ပြီး ဆေးဝါးကုသပေးတာမျိုး၊ အန္တရာယ်ရှိတဲ့အရပ်ကနေ လူတွေကို ကယ်တင်ပေးတာမျိုး၊ လိုအပ်တဲ့အခါ တိုက်ပွဲမဖြစ်ပွားတဲ့နေရာတွေကို လိုက်လံပို့ဆောင်ပေးတာမျိုးတွေ ပြုလုပ်ပေးတဲ့ စေတနာ့ဝန်ထမ်းအဖွဲ့လည်းဖြစ်”

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၀ ပြည့်နှစ်၊ ရက်**
**(၂၀၁၈ ခုနှစ်၊ လ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန / ကဏ္ဍအလိုက် ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်း အစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါ စီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေး တစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်**ဆိုသည်မှာ အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့ အထိကာလဖြစ်ပါသည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သစ်အရ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ခုနှစ်၊ မတ်လအထိ အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများကိုဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်း အရ -

(၁) ကချင်ပြည်နယ်တွင် ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၈.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၇.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၆.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၈.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၉.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၉.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၃.၀ ရာခိုင်နှုန်းမှ ၂၁.၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆.၄ ရာခိုင်နှုန်းမှ ၃၇.၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၄၀.၆ ရာခိုင်နှုန်းမှ ၄၀.၈ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကိုကျပ် ၇၁,၇၅၇.၉ ဘီလီယံ ဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှအချိုးအစားအားဖြင့် ၂၅.၄ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၄.၆ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို ကျပ် ၂၀,၈၀၈.၀ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၂၁,၄၈၈.၀ ဘီလီယံ တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၇၇၃,၆၁၅ မှ ကျပ် ၁,၉၇၈,၄၈၆ သို့ ဖြစ်ပေါ်လာရန်၊

**အခန်း(၃)**

**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊(၂)၊(၃)၊(၄)၊(၅)၊(၆) နှင့် (၇)တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည် ဖြစ်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက်လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် အညီ မြို့နယ်အဆင့်မှ စတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် တာဝန်ရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန် ၆၆၂ အိတ်ထောက်ပံ့

**တနင်္သာရီ ဇူလိုင် ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေကြီးပြီး ရပ်ကွက်၊ ကျေးရွာများအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် မြို့နယ်အတွင်းမှ ရေဘေးသင့်အိမ်ထောင်စု ၁၀၅၅ စုတို့မှ ရေဘေးသင့်ပြည်သူဦးရေ ၅၄၇၇ ဦးတို့ ယာယီကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံနေကြရကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆန်ငါးပြည်ဝင်အိတ် ၆၆၂ အိတ်ကို တနင်္သာရီမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ယာယီဖွင့်လှစ်ထားရှိသော ရေဘေးကယ်ဆယ်ရေးစခန်းအလှူခံဌာနနှင့် ယာယီကွပ်ကဲရေးမှူးရုံးသို့ ဇူလိုင် ၂၁ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူဒါန်းပေးပို့ခဲ့သည့် ဆန်အိတ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းခဲ့သော ငါးသေတ္တာများနှင့် ဆန်ဖိုးငွေများနှင့်အခြားလူမှုရေးအဖွဲ့အစည်းများမှ လှူဒါန်းသည့် ရေသန့်ဘူးများ၊ မာမားခေါက်ဆွဲ၊ မုန့်ခြောက်များကို ကျေးရွာများရှိ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ အဖွဲ့ခွဲကာ သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ထောက်ပံ့ပစ္စည်းများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ တိုင်းဒေသကြီးအမှတ် (၂) ကိုယ်စားလှယ်ဦးရဲမြင့်ဆွေနှင့်အဖွဲ့၊ တိုင်းဒေသကြီးအမှတ် (၁) ကိုယ်စားလှယ် ဦးအောင်သူရနှင့်အဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အဖွဲ့များခွဲကာ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းမှစ၍ ရေဘေးသင့်ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ပြည်ကြီးတံခွန်(၄) နှစ်ထပ်ရေယာဉ် စတင်ပြေးဆွဲ၍ ခရီးသွားပြည်သူများအဆင်ပြေ

**ဇန်းမော် ဇူလိုင် ၂၃**

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ရောဝတီဌာနခွဲမှ ပြည်ကြီးတံခွန်(၄) အထူးအမြန်ရေယာဉ်သည် မန္တလေး-ဇန်းမော် ရေယာဉ်ခရီးစဉ်လိုင်းကို ဇူလိုင် ၁၉ ရက်က စတင်ပြေးဆွဲပေးခဲ့ပြီးနောက် ထိုသို့ပြေးဆွဲပေးခြင်းကြောင့် ရေယာဉ်စီးခရီးသွားပြည်သူများ သွားလာမှုအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ အထူးအမြန်ရေယာဉ်သည် ဇူလိုင် ၁၉ ရက် နံနက် ၆ နာရီက မန္တလေးမှ ဇန်းမော်သို့ စတင်ထွက်ခွာပြေးဆွဲခဲ့ပြီး အဆန် နှစ်ညအိပ်ခရီးစဉ်ဖြစ်၍ ဇူလိုင် ၂၀ ရက် ညနေပိုင်းတွင် ဇန်းမော်သို့ ရောက်ရှိကာ ရောဝတီမြစ်ရေမြင့်တက်သည့်ကာလဖြစ်၍ ရွှေဇန်းမော်ဆိပ်ကမ်းတွင် ဆိုက်ကပ်ရပ်နားခဲ့သည်။ ထို့နောက် ဇူလိုင် ၂၂ ရက်တွင် ကုန်တင်ကုန်ချလုပ်ငန်းများဆောင်ရွက်ကာ ဇူလိုင် ၂၃ ရက် နံနက် ၇ နာရီတွင် ကုန်စည်နှင့် ခရီးသည်များတင်ဆောင်ပြီး ရွှေဇန်းမော်ဆိပ်ကမ်းမှ မန္တလေးသို့ပြန်လည်ထွက်ခွာခဲ့သည်။

ပြည်ကြီးတံခွန်(၄) နှစ်ထပ်ရေယာဉ်ဖြင့် မန္တလေး-ဇန်းမော် ရေယာဉ်စီးခမှာ ခရီးသည်တစ်ဦးလျှင် ရိုးရိုးတန်း ကျပ် ၄၇၀၀ နှင့် အထက်တန်းခန်း ကျပ် ၁၄၉၀၀ ဖြစ်ပြီး ဇန်းမော်မှ မန္တလေးသို့ သွားမည့် ခရီးသည်များမှာ ဇူလိုင် ၂၂ ရက် ညတွင် ရေယာဉ်ပေါ်၌ ညအိပ်စောင့်ဆိုင်းနိုင်ကြသောကြောင့် အဆင်ပြေကြကြောင်း သိရသည်။

"ဇန်းမော်ကနေ မန္တလေးကို အထူးအမြန်သင်္ဘောနဲ့ ခရီးသွားရတာ အဆင်ပြေတယ်၊ လိုရာခရီး မြန်မြန်ရောက်တယ်။ ငွေကုန်ကျစရိတ်သက်သာတယ် ။ သက်သောင့်သက်သာနဲ့ အိပ်စက်နားနေပြီး လိုက်ပါနိုင်တယ်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများနဲ့ ကလေးသူငယ်တွေ၊ ကျန်းမာရေးချို့တဲ့သူတွေအတွက် ပိုအဆင်ပြေတယ်"ဟု ရေယာဉ်စီးခရီးသည်တစ်ဦးက ပြောသည်။

အဆိုပါ ပြည်ကြီးတံခွန်(၄) အထူးအမြန်ရေယာဉ်သည် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၆ နာရီတွင် မန္တလေးမှ ဇန်းမော်သို့ ထွက်ခွာပြေးဆွဲပေးပြီး နှစ်ထပ်အမြန်ရေယာဉ်များသည် တနင်္လာ၊ စနေနေ့များတွင် ထွက်ခွာကာ ဇန်းမော်မှ မန္တလေးသို့ ခရီးစဉ်တွင် အထူးအမြန်ရေယာဉ်က တနင်္လာနေ့တွင်လည်းကောင်း၊ နှစ်ထပ်အမြန်ရေယာဉ်များက ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင်လည်းကောင်း ပြန်လည်ထွက်ခွာပြေးဆွဲကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရောဝတီဌာနခွဲ(ဇန်းမော်)မှ မန်နေဂျာ ဦးတင့်လွင်၏ ပြောကြားချက်အရ သိရသည်။ **ဆီမီးခုံ-နန်းရီ**



ဇူလိုင် ၂၃ ရက်က ရွှေဇန်းမော်ဆိပ်ကမ်းတွင် ပြည်ကြီးတံခွန်(၄) အထူးအမြန်ရေယာဉ်ကို တွေ့ရစဉ်။

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၃-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၂၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၆၇ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၄၃ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၆ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၇၉ · ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၄ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၀၉ · ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၆၅၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ · ၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၀ · ၄၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၅၉၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ဝါးခယ်မမြို့နယ်တွင် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း ဧက ၂၁၀ စိုက်ပျိုးထား

**ဝါးခယ်မ ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံတောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုးနိုင်ရေးနှင့် သီးနှံအထွက်နှုန်း ကောင်းမွန်စေရေးအတွက် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများကို ယခုနှစ်တွင် တစ်မြို့နယ်လုံးအနေဖြင့် ဧက ၂၁၀ အထိ စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဒေသခံတောင်သူလယ်သမားများ၏ ဝင်ငွေတိုးပွားစေရေး စီးပွားဖြစ်မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း စံပြကွက်ကို ကြာဖြူကျေးရွာအုပ်စု သဲကုန်းကျေးရွာ၌ စိုက်ပျိုးထားပြီး ဒေသခံတောင်သူများ၊ အနီး အနားရှိ ကျေးရွာများမှ တောင်သူများအား မျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးမှုအဆင့်ဆင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ နည်းပညာများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက စဉ်ဆက်မပြတ် အသိပညာပေးဆွေးနွေးမှုများ၊ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူပင် ကံကွင်းကျေးရွာ၌လည်း စပါးဖျက်ရွှေခရုအန္တရာယ် ကာကွယ်နှိမ်နင်းရေး စမ်းသပ်ကွက်ကို စိုက်ပျိုးထားရှိပြီး တောင်သူလယ်သမားများအား စပါးဖျက်ရွှေခရုအန္တရာယ်ကာကွယ်နှိမ်နင်းရေး အသိပညာပေးမှုများနှင့် လက်တွေ့ပညာပေးအစီအစဉ်များ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်ခင်းများကို ဝါးခယ်မတစ်မြို့နယ်လုံးအနေဖြင့် ယမန်နှစ်က ဧက ၁၀၀ စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၂၁၀ အထိ ပိုမိုစိုက်ပျိုးထားရှိခြင်းဖြစ်ကာ မြို့နယ်အတွင်း ဆောင်ရွက်ထားရှိသော စံပြကွက်များကိုလည်း စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်၊ မျိုးစေ့ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန့်ဇင်မောင်၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်းလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချစ်ကိုနိုင်၏ ပြောကြားချက်အရ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

# ကျောင်းအခြေပြု မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြပွဲ ထန်တလန်၌ ပြုလုပ်

**ထန်တလန် ဇူလိုင် ၂၃**

ချင်းပြည်နယ် ထန်တလန်မြို့နယ် စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်၍ ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ အသိပညာပေးဟောပြောပွဲနှင့် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြပွဲကို ဇူလိုင် ၂၃ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၏ ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခွန်စောအောင်က အချို့ကျောင်းသားလူငယ်များ စူးစမ်းလိုစိတ်ဖြင့် ကော်ရှူခြင်းမှာ ကျန်းမာရေးကိုများစွာထိခိုက်စေပုံကိုလည်းကောင်း၊ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးလင်းကိုကိုက ကျောင်းသားလူငယ်များအနေဖြင့် ကွမ်းနှင့်အရက်သေစာများ မသောက်သုံးသင့်ကြောင်းနှင့် ဆိုးကျိုးများကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြပွဲကို ဆက်လက်ပြုလုပ်ပြီး မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးစောကောင်းထက်စံက မီးဘေးအန္တရာယ်နှင့်ကြုံတွေ့လာပါက မီးဘေးလုံခြုံရေး ဆောင်ရွက်ပုံများနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံကို လက်တွေ့သရုပ်ပြရှင်းလင်းကာ ကျောင်းသား ကျောင်းသူများအား လက်တွေ့လေ့ကျင့်လုပ်ဆောင်စေခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**ပွင့်ဖြူ ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်ရာ၏ဦးဆောင်သော ဝန်ထမ်းများအဖွဲ့သည် ဇူလိုင် ၂၃ ရက်က ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအား အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်ကိုင်ဆောင်ခွင့်ရရှိရေးအတွက် ကွင်းဆင်းပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ မြို့နယ်ဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အသုံးဝင်မှုနှင့် မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းရန်တို့ကို ရှင်းလင်းဆွေးနွေးမှာကြားကာ လက်ထောက်ကြီးကြပ်ရေးမှူး ဦးနန်းဝင်းအောင်နှင့် ဝန်ထမ်းများအဖွဲ့က ဆည်မုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၈၅ ဦးအတွက် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်ခဲ့သည်။ ထို့အပြင် ကွင်းဆင်းအဖွဲ့သည် ဆည်မုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့သွားရောက်ပြီး ဒေသခံပြည်သူ ၉၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**




မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မကွေးတိုင်းဒေသကြီးအတွင်း ရေလွှမ်း၍ နှမ်းစိုက်ဧက သုံးပုံတစ်ပုံခန့် ပျက်စီးခဲ့

**မကွေး ဇူလိုင် ၂၃**

ယခုနှစ်မိုးရာသီတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်မှ ကျေးရွာပေါင်း ၁၂၀၌ GAP နည်းစနစ်ဖြင့် မိုးနှမ်း ၂၂၀၈၀ ဧက စိုက်ပျိုးခဲ့သော်လည်း ပြီးခဲ့သည့် ဇွန်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ၇၄၂၂ ဧကမှာ ရေလွှမ်းခံခဲ့ရသဖြင့် ပျက်စီးခဲ့ပြီး ၁၄၆၅၈ ဧကကိုသာ အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

" GAPနည်းစနစ်မှာ ကမ္ဘာ့အဆင့်မီနဲ့ အာဆီယံအဆင့်မီဆိုပြီး သတ်မှတ်ချက်တွေရှိတယ်။ ကျွန်တော်တို့က အာဆီယံအဆင့်မီအောင်ပဲ GAP နည်းစနစ်နဲ့ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်မီအောင်လို့လည်း ဆက်လက်ဆောင်ရွက်သွားမှာပါ။ ၂၀၁၇ ခုနှစ်က နှမ်းနက်ကို GAPနည်းစနစ်နဲ့ မြို့နယ်လေးခုမှာ တောင်သူပေါင်း ၈၅၃ ဦးနဲ့ ၃၀၉၄ ဒသမ ၅၇ ဧကကို စီမံချက်ချအကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ မြို့နယ် ၂၅ မြို့နယ်၊ တောင်သူပေါင်း ၄၀၅၀ နဲ့ နှမ်းနက် ဧက ၂၂၀၈၀ အထိ တိုးမြှင့်ပြီး စိုက်ပျိုးလာနိုင်ခဲ့ပါတယ်"ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။



**စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက တောင်သူများအား GAP စိုက်နည်းစနစ်များ ပညာပေးနေစဉ်။**

ပြီးခဲ့သည့်နှစ်၌ GAPနည်းစနစ်ဖြင့် ဆောင်ရွက်ရာတွင် မှတ်တမ်းများထားရှိဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်တစ်လျှောက်သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ဓာတုဗေဒကင်းစင်ကြောင်း လက်မှတ်များ၊ စစ်ဆေးချက်များ အပြည့်အဝရရှိခဲ့ကာ ဂျပန်နိုင်ငံသို့ နှမ်းနက် မက်ထရစ်တန် ၇၀ ကို အောင်မြင်စွာ တင်ပို့နိုင်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ သိရသည်။

နှမ်းသီးနှံဈေးကွက်တိုးတက်စေရန်အတွက် GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းကို တောင်သူများ၊ INGO အဖွဲ့အစည်းများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဓာတုဆေးဝါးလွတ်ကင်းသည့်နှမ်းနက်ကို အဝယ်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းကာ နိုင်ငံခြားသို့တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တောင်သူများကလည်း နှမ်းဈေးကောင်းရရှိစေရန်နှင့် နိုင်ငံခြားဝယ်လက်များ ကြိုက်နှစ်သက်စေရန် GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းတွင် အားသွန်ခွန်စိုက် ပူးပေါင်းပါဝင်လျက်ရှိကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# ကျောက်ဖြူမြို့နယ်၌ ကျွမ်းကျင်မှုအခြေပြု အသက်မွေးပညာ ကာလတိုသင်တန်းဖွင့်

**ကျောက်ဖြူ ဇူလိုင် ၂၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ဖြူ)နှင့် ပေါ်စကိုဒေဗူးကော်ပိုရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ကျွမ်းကျင်မှုအခြေပြု အသက်မွေးပညာ ကာလတိုသင်တန်း (၂/ ၂၀၁၈)သင်တန်းဆင်းပွဲနှင့် (၃/ ၂၀၁၈) သင်တန်းဖွင့်ပွဲကို ရမ္မာဝတီခန်းမ၌ ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က ကျွမ်းကျင်မှုအခြေပြု အသက်မွေးပညာ ကာလတိုသင်တန်းများကို အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ကျောက်ဖြူ)အနေဖြင့် အောင်မြင်စွာ ပူးပေါင်းဖွင့်လှစ်နိုင်သည့်အတွက် ဂုဏ်ယူကြောင်း၊ တိုင်းပြည်တစ်ပြည်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကအချက်မှာ တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကပင် "နည်းပညာနှင့်သက်မွေးပညာရေးဟာ ဒုတိယတန်းစား ပညာရေးမဟုတ်ပါဘူး၊ နိုင်ငံသူ နိုင်ငံသားတို့ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်ဖို့အတွက် ပထမတန်းစား နည်းပညာနှင့် အသက်မွေးပညာရေးစနစ် လိုအပ်ပါတယ်"ဟု TVET Forum တွင် အတိအလင်း လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသား စီမံကိန်းမဟာဗျူဟာ(၂၀၁၆-၂၀၂၁)ကို ရေးဆွဲချမှတ်ပြီး အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍနှင့် နည်းပညာနှင့်အသက်မွေးပညာကဏ္ဍတို့ကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပေါ်စကိုဒေဗူးကော်ပိုရေးရှင်း လူမှုတာဝန်သိဌာန လက်ထောက်ဒါရိုက်တာ ဦးအာကာအောင်က သင်တန်းများပူးပေါင်းဖွင့်လှစ်ပေးသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဖွင့်လှစ်ပြီးခဲ့သော အခြေခံပညာကွန်ပျူတာသင်တန်းသား သင်တန်းသူ ၁၆ ဦး၊ အခြေခံ အုတ်စီ(ပန်းရံ)သင်တန်းသား ၃၀ နှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနှင့် လျှပ်စစ်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်း သင်တန်းသား ၂၀ တို့အား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

မြန်မာတစ်နိုင်ငံလုံးတွင် အစိုးရနည်းပညာကောလိပ် သုံးကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ၂၂ ကျောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း ၃၄ ကျောင်းနှင့် အသက်မွေးပညာသင်ကျောင်း နှစ်ကျောင်းတို့မှ ပုံမှန်သင်တန်းများအပြင် ဒေသလိုအပ်ချက်များနှင့် ကိုက်ညီသော ကာလတိုအသက်မွေးပညာရပ်များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ ရွှေခရုများကျရောက်သောကြောင့် မိုးစပါးခင်းအချို့ ပျက်စီး

**လှည်းကူး ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စု ၅၃ အုပ်စု၌ မိုးစပါး ၄၅၆၆၈ ဧကကို စိုက်ပျိုးထားရာ ယခုနှစ် ဇူလိုင်လဆန်းမှစ၍ လက်ရှိအချိန်အထိ ရွှေခရုများကျရောက်ဖျက်ဆီးမှုကြောင့် ကျေးရွာအချို့တွင် မိုးစပါးစိုက်ခင်းများ ပျက်စီးမှုကြုံနေရကြောင်း သိရသည်။

ဇီးပင်ဝဲကျေးရွာအုပ်စု၊ မလစ်(အနောက်)ကျေးရွာအုပ်စု၊ စစ်ပင်မြောက်ကျေးရွာအုပ်စု၊ ခရောင်ကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာအုပ်စု၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ဝါးရုံစွန်းကျေးရွာအုပ်စု၊ ဆားတလင်းကျေးရွာအုပ်စု၊ ဘားလားကျေးရွာအုပ်စု၊ ဘိုးရင်ကလေးကျေးရွာအုပ်စု၊ မုဆိုးညောင်ပင်ကျေးရွာအုပ်စု၊ ဒါးပိန် (တောင်) ကျေးရွာအုပ်စု၊ ဆင်ဖုန်းကျေးရွာအုပ်စုနှင့် ပြည်တော်သာရပ်ကွက်တို့မှ တောင်သူပေါင်း ၂၈၇ ဦး၏ မိုးစပါးစိုက်ခင်း ၁၁၂၄ ဒသမ ၈၆ ဧကတွင် ရွှေခရုများကြောင့် ပျက်စီးမှုများ ကြုံနေရခြင်းဖြစ်သည်။

အဆိုပါ ရွှေခရုများသည် နှစ်စဉ် မိုးစပါးစိုက်ရာသီတွင်ပေါ်လာပြီး စပါးပင်များကို ဖျက်ဆီးလျက်ရှိနေသဖြင့် တောင်သူများမှာ ၎င်းတို့၏ အစီအစဉ်များဖြင့် ရွှေခရုများကို လိုက်လံကောက်ယူရှင်းလင်းပြီး ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်ကြောင်းဒေသခံတောင်သူများထံမှ သိရသည်။ **နိုင်လင်း(ပြန်/ဆက်)**



**ကချင်ပြည်နယ် တနိုင်းမြို့ အထက (၁) ၌ အသိပညာပေးဟောပြောပွဲနှင့် စာသင်ကျောင်းဗဟိုပြု မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြပွဲကို ဇူလိုင် ၂၃ ရက်က ပြုလုပ်ခဲ့ရာ ကျောင်းသားတစ်ဦးအား မီးငြိမ်းသတ်နည်း လက်တွေ့သင်ကြားပေးနေစဉ်။** (အဆိုပါ ဟောပြောပွဲနှင့် မီးဘေးလုံခြုံရေး သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးစိုးထွန်းက မီးဘေးလုံခြုံရေးဆိုင်ရာများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဝါဦးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့သည်)

**မြို့နယ်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာသုံးရွာသို့ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၂၀၀ လွှဲပြောင်းပေးအပ်

**ရေတာရှည် ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ရန် ရွေးချယ်ထားသည့် ကျေးရွာသုံးရွာအတွက် ကျေးရွာတစ်ရွာ တစ်ယူနစ်လျှင် အရင်းမပျောက်မတည်ငွေ ကျပ်သိန်း ၃၀၀ ဖြင့် လေးယူနစ်အတွက် ကျပ်သိန်း ၁၂၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၃ ရက်က မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများတွင် အကျိုးရှိစွာသုံးစွဲကြရန် ကျေးရွာစီမံကိန်းကော်မတီဝင်များအား အမှာစကားပြောကြားသည်။ ထို့နောက် ဆပ်သေ(တောင်)ရွာ၊ ဒေဝကျေးရွာနှင့် အောင်းကုန်းကျေးရွာတို့မှ မြစိမ်းရောင်ကော်မတီဝင်များထံသို့ စီမံကိန်းရန်ပုံငွေများကို မြို့နယ်ဦးစီးမှူးက လွှဲပြောင်းပေးအပ်ခဲ့သည်။

**ကိုလွင်(ဆွာ)**

## သတင်းတိုများ

### ဇလွန်မြို့နယ်၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိ

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းမှ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသော ကျေးရွာများတွင် တစ်အိမ်သုံးဆိုလာစနစ်(ICB-2)ဖြင့် မီးလင်းရေး ဆောင်ရွက်ပေးလျက်ရှိသလို လက်ရှိအချိန်တွင် မီးလင်းရေးဆောင်ရွက်ထားပြီးဖြစ်သော ကျေးရွာအုပ်စုလေးအုပ်စုရှိ ကျေးရွာ ၁၂ ရွာမှ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အား ရရှိအသုံးပြုနိုင်သောကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ဆိုလာစနစ်ဖြင့် မီးရရှိနေပြီဖြစ်သော အဆိုပါ ကျေးရွာ ၁၂ ရွာတွင် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ကြပြီး ကျေးရွာများရှိ အိမ်ထောင်စု ၇၁၆ စုမှ လူဦးရေ ၄၃၀၀ ခန့်မှာ လူနေမှုအဆင့်အတန်းများလည်း ပိုမိုမြင့်မားလာကြောင်း ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ဆွေဆွေဝင်း၏ပြောကြားချက်အရ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အာဇာနည်နေ့အထိမ်းအမှတ်ပြိုင်ပွဲများ ဆုချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် ပြုလုပ်ခဲ့သော အာဇာနည်နေ့အထိမ်းအမှတ် ဆောင်းပါး၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများ၏ ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၉ ရက်က ကွမ်းခြံကုန်းမြို့ ဇာတိမာန်ခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီးနောက် ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အထူးဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိသူများထံ ပေးအပ်ချီးမြှင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ယာဉ်မောင်းသူများလိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-

- (၁) လမ်းပေါ်တွင်စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
- (၂) မော်တော်ယာဉ်များ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
- (၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
- (၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
- (၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။ (လမ်းပေါ်တွင် မိုးရေများပြည့်လျှံနေချိန် အရှိန်ပြင်းစွာ မောင်းနှင်ပါက မော်တော်ယာဉ်အားလိုရာသို့ထိန်းချုပ်မရဖြစ်ပြီး ယာဉ်တိမ်းမှောက်မှုဖြစ်နိုင်သည်ကို သတိပြုပါ)
- (၆) ဘရိတ်ကိုရုတ်တရက် မနင်းပါနှင့်။
- (၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
- (၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
- (၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
- (၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါ စည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက တည်ဆဲဥပဒေအရ အရေးယူခြင်း ခံရမည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# လိုင်လင်းပီမြို့ အသေးစားလေယာဉ်ကွင်းငယ်ကို ၂၀၂၀ ပြည့်နှစ်တွင် အပြီးတည်ဆောက်မည်

**လိုင်လင်းပီ ဇူလိုင် ၂၃**

ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် သွားလာရေး ကြန့်ကြာမှုနည်းပါးစေရန်နှင့် အရေးကြီးသော အသက်ကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် မတူပီခရိုင် လိုင်လင်းပီမြို့တွင်တည်ဆောက်မည့် အသေးစားလေယာဉ်ကွင်းငယ်ကို ၂၀၂၀ ပြည့်နှစ်အတွင်း တည်ဆောက်မှုများပြီးစီးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

ဝေးလံခေါင်သီပြီး စီးပွားရေးဖွံ့ဖြိုးမှု မရှိသေးသော ဒေသများတွင် လေယာဉ်ကွင်းငယ်များကို တည်ဆောက်ပေးလျက်ရှိနေသည့် လေကြောင်းအဖွဲ့အစည်းတစ်ခုဖြစ်သော MAF (မြန်မာ)အမည်ရှိ NGO အဖွဲ့အစည်းနှင့် ကျန်းမာခြင်းနှင့် မျှော်လင့်ခြင်း (မြန်မာ) အဖွဲ့အစည်းတို့ ပူးပေါင်း၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ချင်းပြည်နယ် လိုင်လင်းပီမြို့တွင် လေယာဉ်ကွင်းငယ်တစ်ခု တည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါလေယာဉ်ကွင်းငယ်ကို အစိုးရ၏ ဘတ်ဂျက်ဖြင့် တည်ဆောက်မည်မဟုတ်ဘဲ စီမံကိန်းအကောင်အထည်ဖော်နိုင်ရန် အလှူငွေကောက်ခံရရှိမှုအပေါ်မူတည်၍ အချိန်အဟုန်မြှင့်တင် တည်ဆောက်မည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါလေယာဉ်ကွင်းအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ သန်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ဇူလိုင်လက လေယာဉ်ကွင်းငယ်တည်ဆောက်ခွင့်ရရှိခဲ့ရာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော်တွင် တည်ရှိနေသော လိုင်လင်းပီတောင်ပေါ်မြို့တွင် လေယာဉ်ကွင်းငယ်ကို ပြေးလမ်း မီတာ ၈၀၀ အရှည်အထိ တည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မေလတွင် လေယာဉ်များ စတင်ပျံသန်းပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

လေယာဉ်ကွင်းငယ် တည်ဆောက်ပြီးစီးပါက လေကြောင်းပို့ဆောင်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ခရီးသည် ၁၀ ဦး စီးနင်းနိုင်မည့် MAF အပေါ့စားလေယာဉ်ငယ်သုံးစင်းဖြင့် ပျံသန်းပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ အကျိုးအမြတ်အတွက် လုပ်ဆောင်ခြင်းမဟုတ်သောကြောင့် လေယာဉ်ခနှုန်းထားများကိုလည်း ပုံမှန်ထက် နှစ်ဆ၊ သုံးဆခန့် လျှော့ချသတ်မှတ်သွားမည်ဖြစ်ကြောင်းနှင့် လေယာဉ်ကွင်းငယ်တည်ဆောက်ခြင်းအတွက် မြေနေရာများ စမ်းသပ်လေ့လာခြင်းများကို ယခုနှစ် ဇန်နဝါရီလက စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ နိုဝင်ဘာလတွင် လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



လိုင်လင်းပီလေယာဉ်ကွင်းတည်ဆောက်မည့် ဒီဇိုင်းပုံစံ

**နေစု(ချင်းရိုးမ)**

# ဓနုဖြူ ပျဉ်းမတောရေတံခါး ပြန်လည်တူးဖော်ပေး၍ ဒေသခံတောင်သူများက ဂုဏ်ပြုပွဲကျင်းပ

**ဓနုဖြူ ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်း ပျဉ်းမတောရေတံခါး တူးဖော်ပေးမှုအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများအား ဒေသခံတောင်သူများက ကျေးဇူးဆပ်ဂုဏ်ပြုပွဲကို ဇူလိုင် ၂၁ ရက်က ပန်းတနော်မြို့နယ် မင်းတစုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ပြီး ဒေသခံတောင်သူများနှင့် မအူပင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတိတ်အေး၊ ဓနုဖြူမြို့နယ်ဦးစီးအရာရှိ ဦးမြင့်ဦးနှင့် ပန်းတနော်နှင့် ဓနုဖြူမြို့နယ်တို့မှ ဦးစီးမှူး၊ ဒု-ဦးစီးမှူးများ တက်ရောက်ခဲ့သည်။

ဓနုဖြူမြို့နယ်အတွင်းရှိ မင်းတစု၊ နှဲကော၊ ပျဉ်းမတောရေတံခါးသည် ပိတ်ဆို့နေခြင်းကြောင့် ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ၊ ဇလွန်၊ ဟင်္သာတနှင့် ကျုံပျော်မြို့နယ်တို့အတွင်းရှိ ကျေးရွာပေါင်း ၁၀၀ နီးပါးမှာ နှစ်စဉ်ရေနစ်မြုပ်မှုကို ကြုံတွေ့ရပြီး အနိမ့်ပိုင်းလယ်ယာမြေများသည်လည်း လုပ်ကိုင်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။ အဆိုပါရေတံခါးပိတ်ဆို့နေမှုအတွက် တူးဖော်ရန် နိုင်ငံတော်မှ ဘတ်ဂျက်အဆင်သင့်မရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၏ အစီအစဉ်ဖြင့် ဝန်ထမ်းများ စုဆောင်းထားသည့် 'မျှဝေခြင်း' ရန်ပုံငွေဖြင့် စိုက်ပျိုးရေးရာသီအချိန်မီ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်၏ ဦးဆောင်မှုဖြင့် ပန်းတနော်နှင့် ဓနုဖြူမြို့နယ်တို့မှ ဌာနဝန်ထမ်းများက ရေတံခါးကို မနားမနေ ပြန်လည်တူးဖော်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂုဏ်ပြုပွဲတွင် ဓနုဖြူမြို့နယ်မှ တောင်သူလယ်သမားများကိုယ်စား ဦးအောင်ဘို၊ ကျုံပျော်မြို့နယ်မှ တောင်သူ ဦးစိုးနိုင်၊ ဇလွန်မြို့နယ်ရှိ တောင်သူဒေါ်ညိုစမ်းတို့က ယခုလို ရေတံခါးကို ပြန်လည်တူးဖော်ပေးသည့်အတွက် အနိမ့်ပိုင်းကွင်းများတွင်ပါ ကောင်းမွန်စွာစိုက်ပျိုးလာနိုင်သောကြောင့် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ကြသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေတံခါးကိုယခုနှစ်မိုးရာသီအမီ အချိန်တိုအတွင်းပြီးစီးအောင် စက်အင်အား၊ လူအင်အားများဖြင့် ခက်ခက်ခဲခဲ တူးဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်သူဟိဏ်း(ဓနုဖြူ)**



ပြန်လည်တူးဖော်မှုများပြီးစီးနေသော ဓနုဖြူရေတံခါး

# မိတ္ထီလာမြို့နယ်ရှိ ကျေးရွာမီးလင်းရေးကော်မတီများနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

**မိတ္ထီလာ ဇူလိုင် ၂၃**

မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာများတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်မီးလင်းပြီးကျေးရွာများနှင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်နေသည့် ကျေးရွာများမှ မီးလင်းရေးကော်မတီများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းဌေးက ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကော်မတီများအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ရေး၊ လစဉ်အသုံးစရိတ်များကို ဒေသခံပြည်သူများထံသို့ ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းရေးနှင့် ထိုသို့ဆောင်ရွက်မှုများကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် မြို့နယ်အဆင့်သို့ လစဉ်တင်ပြဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသီဟလှိုင်က လျှပ်စစ်မီးလင်းပြီး ကျေးရွာများမှ မီးလင်းရေးကော်မတီများနှင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်နေဆဲကျေးရွာများမှ မီးလင်းရေးကော်မတီများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ သက်ဆိုင်ရာမှပြဋ္ဌာန်းထားသော လိုက်နာရမည့် ဥပဒေများကို လိုက်နာဆောင်ရွက်ကြရန်နှင့် လျှပ်စစ်မီးလင်းရေး လျှပ်စစ်ဓာတ်အားလိုင်းလုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်အဆင့်ရှိသူများနှင့်သာ ဆောင်ရွက်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဦးစားပေးဆောင်ရွက်ကြရန်တို့ကို ရှင်းလင်းပြောကြားကာ ကျေးရွာများမှ လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက မရှင်းလင်းသည့်အချက်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မိတ္ထီလာမြို့နယ်တွင် ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၅၈ အုပ်စု၊ ကျေးရွာပေါင်း ၃၇၉ ရွာ ရှိသည့်အနက် ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာ ၁၀၉ ရွာတွင် လျှပ်စစ်မီးလင်းရေးကို ဆောင်ရွက်ပြီးဖြစ်ကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၅၀ ကျော်၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဘီးလင်း၌ မိုးသည်းထန်၍ မဲလံခေါင်း-ဗိုကြီးဆိပ် ကြိုးတံတားပျက်စီး

**ဘီးလင်း ဇူလိုင် ၂၃**

ဘီးလင်းမြို့နယ်အတွင်း ဇူလိုင် ၂၂ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေအဆက်မပြတ်စီးဆင်းမှုကြောင့် မဲလံခေါင်းကျေးရွာအုပ်စု မဲလံခေါင်းကျေးရွာရှိ ကြိုးတံတား၏ အစိတ်အပိုင်းများ ထိုညှ ၁၀ နာရီခန့်က ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားသည် ဆိုင်းကြိုးအလျား ပေ ၁၈၀၊ အကျယ် ခြောက်ပေရှိကာ ရေစီးနှင့်အတူမျောပါလာသော အမှိုက်များ၊ သစ်ပင်များနှင့် တိုက်မိခြင်းကြောင့် တံတား၏ အောက်ခြေဆိုင်းကြိုးများပြတ်ခြင်းနှင့် အောက်ခြေသစ်သားခင်းများ ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ တံတားပျက်စီးမှုကြောင့် လူတစ်ဦးတစ်ယောက်မှထိခိုက်မှုမရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရေစကြိုတွင် ထန်းလုပ်ငန်းလုပ်ကိုင်သူနည်းပါးလာသလို ထန်းပင်ခုတ်လှဲရောင်းချမှုလည်း နည်းပါး



**ရေစကြို ဇူလိုင် ၂၃**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရှင်မတောင်ခြေအနီးရှိ ဘောင်ဘဲ့တန်းကျေးရွာမှ ထန်းတောင်သူများသည် ယခင်က ထန်းလုပ်ငန်းကို အဓိကလုပ်ကိုင်ခဲ့ကြသော်လည်း ယခုအခါ ထန်းလျက်ဈေးနှုန်းများ ကျဆင်းနေသဖြင့် ထန်းလုပ်ငန်းကို လုပ်ကိုင်သူနည်းပါးသော်လည်း ထန်းပင်ခုတ်ရောင်းမှုများလည်း နည်းပါးကြောင်း သိရသည်။

ထန်းလျက်ဈေးကျ၍ ထန်းလုပ်ငန်းလုပ်သူ နည်းလာသော်လည်း အခြားဒေသများကဲ့သို့ ထန်းပင်များလည်း ဈေးကောင်းမရသဖြင့် ဒေသခံများအနေဖြင့် ထန်းပင်များကို ခုတ်လှဲရောင်းချမှုလည်း နည်းပါးကြောင်း သိရသည်။ "ထန်းပင်တွေလာဝယ်တယ်ဆိုရင် မရောင်းပါဘူး၊ မတန်လို့ပါ၊ သူတို့ပေးတာက ပိုက်ဆံကိုးထောင်၊ တစ်သောင်းလောက်ပဲပေးတာ၊ ကျွန်တော်တို့ထန်းပင်တွေက သက်တမ်းနှစ်အစိတ်လောက်ရှိနေပြီ၊ ထန်းရည်ချိုထွက်တဲ့ ထန်းတစ်ပင်ဖြစ်ဖို့က မလွယ်ဘူး၊ နှစ်တွေအကြာကြီးစောင့်ခဲ့ရတာ၊ အဲဒါကြောင့်မရောင်းဘူး"ဟု ဘောင်ဘဲ့တန်းကျေးရွာမှ ထန်းတောင်သူ ဦးဝင်းစိုးက ပြောသည်။

ထန်းတောင်သူ ဦးညွန့်တင်ကလည်း "လူတိုင်းနီးပါး ရွာမှာ ထန်းတောတွေပိုင်ကြတယ်၊ အနည်းဆုံး တစ်မိသားစုကို အပင် ၃၀၊ ၄၀ လောက်တော့ ပိုင်ကြတာပဲ၊ အိမ်ခြေက ၂၉၇ အိမ်ရှိတယ်၊ ကျွန်တော်တို့ဆီကို ထန်းပင်လာဝယ်မယ်ဆိုရင် မရောင်းဘူး၊ ထန်းပင်ကို လှဲကိုမရောင်းချင်တာ၊ ရွာမှာက မိုးခေါင်ရေရှားဒေသဖြစ်တော့ သစ်ပင်ကြီးတွေ သိပ်မပေါက်ဘူး၊ သစ်ပင်ဆိုလို့ များများစားစားက ထန်းပင်လောက်ပဲရှိတာ၊ အဲဒါကြောင့် ထန်းပင်တော့ ခုတ်မရောင်းကြဘူး၊ နောင်လာနောက်သားတွေ ထန်းတက်ချင်လည်း တက်ဖို့ပေါ့၊ ထန်းပင်တော့ မရောင်းပါဘူး"ဟု ပြောသည်။

ဘောင်ဘဲ့တန်းကျေးရွာမှာ ယခုနှစ်တွင် ထန်းလျက်ဈေးနှုန်းကျဆင်းနေသဖြင့် ထန်းတက်သူနည်းပါးလာသော်လည်း ကျေးရွာမှ ထန်းပင်ပိုင်ရှင်များအနေဖြင့် ထန်းရည် အထွက်နည်းသည့် သက်တမ်းရင့်ထန်းပင်ကြီးအချို့ကို ခုတ်လှဲကာ သစ်အစားထိုးအသုံးပြုခြင်းမှအပ ထန်းပင်များကို ခုတ်လှဲခြင်း၊ ရောင်းချခြင်း မလုပ်ကြကြောင်း သိရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်လင်းက "ကျွန်တော်တို့ရွာမှာက သစ်ပင်ကြီးမရှိဘူး၊ ရှားပင်၊ ထနောင်းပင်၊ ထန်းပင်လောက်ပဲရှိတာ၊ ကျွန်တော်တို့ရွာက မြို့နဲ့လည်း တော်တော်ဝေးတော့ အိမ်ဆောက်ပစ္စည်းကလည်း အလွယ်တကူမရနိုင်ဘူး၊ အဲဒါကြောင့် ထန်းရည်အထွက်နည်းတဲ့ ထန်းပင်တွေကို အိမ်ဆောက်ရင် သစ်အစားထိုးအနေနဲ့ ထုပ်တို့၊ ယောက်တို့နေရာမှာ သုံးတယ်၊ ထန်းက သက်တမ်းရင့်မှ သစ်အစားထိုးအနေနဲ့သုံးလို့ကောင်းတာ၊ သက်တမ်းနုတဲ့ ထန်းပင်မျိုး ခုတ်လှဲရင်လည်း မီးဆိုက်ရုံလောက်ပဲ သုံးလို့ရတာပါ၊ အခုကျွန်တော်တို့သုံးနေတဲ့ သက်တမ်းရင့်ထန်းပင်တွေက ကျွန်တော်တို့ဘိုးဘွားတွေ စိုက်ထားခဲ့တဲ့ အမွေတွေပါ၊ ကျွန်တော့်အဖေစိုက်ထားခဲ့တဲ့ ထန်းပင်တောင် သက်တမ်းမရင့်သေးဘူး၊ အဲဒါကြောင့် ကျွန်တော်တို့ သားမြေးမြစ်တွေကျတော့ ထန်းသက်တမ်းရင့်လို့ခုတ်ပြီး အိမ်ဆောက်တဲ့အထဲသုံးသုံး၊ ထန်းလျက်ဈေးပြန်ကောင်းရင် ထန်းပဲပြန်တက်တက်ပေါ့၊ မျိုးဆက်သစ်တွေ သုံးရအောင်လို့ ထန်းပင်တွေကို ခုတ်လှဲပြီးမရောင်းကြပါဘူး"ဟု ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**

# ဘုတလင်၊ တွင်းတောင်နှင့် မြန်မာ့ကြေးခေတ်

**မောင်သာ(ရှေးဟောင်းသုတေသန)**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ ဘုတလင်မြို့နယ်သည် ညောင်ကန်ဆရာတော် ဦးဗုဓ်၊ မောင်းထောင်သာသနာပိုင် ဆရာတော်၊ စိန္တကျော်သူဦးဩ၊ တွင်းသင်းတိုက်ဝန် မဟာစည်သူ၊ သံချို ဦးကျော်လု အစရှိသည့် ရဟန်းပညာရှိ၊ လူပညာရှိများ ပေါ်ထွန်းခဲ့သည့်ဒေသအဖြစ် လူသိများသကဲ့သို့ ပထမအင်္ဂလိပ် - မြန်မာစစ်ပွဲတွင် ထင်ရှားခဲ့သည့် မြန်မာစစ်သူကြီး မဟာဗန္ဓုလ၏ ဇာတိမြေအဖြစ်လည်း ကျော်ကြားသည့်ဒေသဖြစ်သည်။ (စစ်သူကြီး မဟာဗန္ဓုလလောင်းလျာ မောင်ရစ်ကို ဘုတလင်မြို့နယ်၊ ငပယင်းရွာတွင် မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့၊ ခရစ်နှစ် ၁၇၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်တွင် ဖွားမြင်ခဲ့သည်) ထို့အတူ ဘုတလင်မြို့နယ်တွင် မြန်မာ့ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့်နေရာများနှင့် စပီရူလိုင်းနား ထွက်ရှိသည့် တွင်းတောင်တို့ တည်ရှိနေသည်။



**ဘုတလင်**

ဘုတလင်မြို့သည် မုံရွာမြို့မှ မြောက်ဘက်သို့ မိုင် ၂၀ ကွာဝေးကာ အရှေ့ဘက်တွင် အရာတော်မြို့နယ်၊ အနောက်ဘက်တွင် ယင်းမာပင်နှင့် ကနီမြို့နယ်၊ တောင်ဘက်တွင် မုံရွာမြို့နယ်နှင့် မြောက်ဘက်တွင် ဒီပဲယင်းမြို့နယ်တို့နှင့် နယ်နိမိတ်ဆက်စပ်နေသည်။

ဘုတလင်မြို့ဖြစ်ပေါ်လာသည့် ခိုင်မာသောသမိုင်းအထောက် အထားများကို မတွေ့ရှိရသေးသော်လည်း နှုတ်ပြောရာဇဝင်များအရ လယ်ယာလုပ်ကိုင်သူ မယ်ပုတလင်နေထိုင်သည့် အရပ်တွင် လူအများ စုဝေးနေထိုင်ခဲ့ကြသဖြင့် ပုတလင်မှ ဘုတလင်ဖြစ်လာခဲ့သည်ဟု လည်းကောင်း၊ ဘုတလင်မြို့မတည်မီက မြို့ဦးနေရာရှိ ညောင်ပင်အောက်၌ ရှိခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်စံပယ်နေသော ပလ္လင်ကို အစွဲပြု၍ ဗုဒ္ဓပလ္လင်ဟု ခေါ်ဆိုခဲ့ကြရာမှ ကာလရွေ့လျားလာချိန်တွင် ဗုဒ္ဓပလ္လင်မှ ဗုပလင်၊ ဘုတလင် ဖြစ်လာသည် ဟုလည်းကောင်း အစဉ်အဆက်ပြောဆိုခဲ့ကြသည်။

မှတ်တမ်းများအရ ၄၁၄ ဒသမ ၈ စတုရန်းမိုင်ကျယ်ဝန်းသည့် ဘုတလင်မြို့ကို ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် ဖွဲ့စည်းခဲ့ပြီး မြို့နယ်အတွင်းပါဝင်မည့် ကျေးရွာအုပ်စုများကို ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် သတ်မှတ်ခဲ့သည်။ မြို့နယ်အတွင်း ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၅၄ အုပ်စုနှင့် ကျေးရွာ ၁၈၈ ရွာရှိကာ ၂၀၁၇ ခုနှစ်မတ်လအထိ ဘုတလင်မြို့နယ်၏ လူဦးရေသည် ၁၄၁၉၇၄ ဦးဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၄၄၉ ပေမြင့်သည့် ဘုတလင်မြို့နယ်သည် အရှေ့ဘက်နှင့်အနောက်ဘက်တွင် တောင်ပူစာများရှိ၍ ကျန်နေရာများသည် ချိုင့်ဝှမ်းလွင်ပြင်များ ဖြစ်သည်။ မြို့နယ်အတွင်း အမြင့်ဆုံးတောင်သည် ၁၄၉၉ ပေမြင့်သည့် ရွှေဘိုတောင်ဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ဘုတလင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များတွင် သမိုင်းဝင်အဆောက်အအုံများအဖြစ် ညောင်ကန်ကျေးရွာရှိ ကြေးခေတ်သင်္ချိုင်းနှင့် ငပယင်းကျေးရွာရှိ မဟာဗန္ဓုလမွေးရပ်မြေကျောက်တိုင်တို့ကို ဖော်ပြထားသော်လည်း ဘုတလင်မြို့နယ်၌ အခြားထင်ရှားသည့် နေရာဒေသနှင့် အဆောက်အအုံများလည်း ရှိနေသေးပေသည်။

**တွင်းတောင်**

ရန်ကုန်တက္ကသိုလ် မနုဿဗေဒပညာဌာနမှ ဘွဲ့လွန်သင်တန်းသားများဖြစ်ကြသည့် ကိုကံဝင်း၊ ကိုဇီဝ၊ ကိုဇေယျာထွန်း၊ နန်းလုဌေးတို့နှင့်အတူ လွန်ခဲ့သည့်လက မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သို့ ခရီးထွက်ခဲ့ရာ ဘုတလင်မြို့နယ်ရှိ တွင်းတောင်သို့လည်း ရောက်ရှိလေ့လာခဲ့ပါသည်။

တွင်းတောင်သည် ဘုတလင်မြို့မှ အနောက်ဘက် သုံးမိုင်နှစ်ဖာလုံ ကွာဝေး၍ မုံရွာမှလာလျှင် ဘုတလင်မြို့သို့ မဝင်မီ လက်ဝဲဘက်လမ်းခွဲအတိုင်း တွင်းတော်ရွာမှတစ်ဆင့် ၁၀ မိနစ် ဝန်းကျင်ခန့်သွားကြရသည်။ တွင်းတောင်၏ အရှေ့ဘက် နှစ်ဖာလုံတွင်ရှိသည့် တွင်းရွာမှ ပြည်သူများသည် ယာလုပ်ငန်း၊ ကွမ်းစိုက်ပျိုးရေးလုပ်ငန်းတို့ဖြင့် အသက်မွေးကြပြီး ယခင်က တွင်းပိုးဖမ်းခြင်းဖြင့်လည်း ရပ်တည်ခဲ့ကြသည်။

မီးတောင်ဟောင်းတစ်ခုဖြစ်ပြီး အချင်းတစ်မိုင် ကျယ်ဝန်းကာ ၁၄၆ ပေ နက်သည့်တွင်းတောင်၏ ဒယ်အိုးပုံဖြစ်နေသည့်

> **“တွင်းတောင်သည် ဘုတလင်မြို့မှ အနောက်ဘက် သုံးမိုင် နှစ်ဖာလုံ ကွာဝေး၍ မုံရွာမှလာလျှင် ဘုတလင်မြို့သို့ မဝင်မီ လက်ဝဲဘက် လမ်းခွဲအတိုင်း တွင်းတော်ရွာမှတစ်ဆင့် ၁၀ မိနစ် ဝန်းကျင်ခန့် သွားကြရသည်။ တွင်းတောင်၏ အရှေ့ဘက် နှစ်ဖာလုံတွင်ရှိသည့် တွင်းရွာမှ ပြည်သူများသည် ယာလုပ်ငန်း၊ ကွမ်းစိုက်ပျိုးရေးလုပ်ငန်းတို့ဖြင့် အသက်မွေးကြပြီး ယခင်က တွင်းပိုးဖမ်းခြင်းဖြင့်လည်း ရပ်တည် ခဲ့ကြသည်”**

အိုင်ကြီးအတွင်း၌ရှိနေသည့် စိမ်းပြာရောင်ချွဲပျစ်ပျစ် ရေများမှ စိမ်းပြာရေညှိ (Spirulina) များကို ထုတ်လုပ်သည်။

အပူပိုင်းဒေသ မီးတောင်ဟောင်းများတွင်သာ ရှင်သန်ပေါက်ပွားလေ့ရှိသည့် စိမ်းပြာရေညှိသည် မြန်မာ၊ မက္ကဆီကို၊ ချဒ်၊ ကင်ညာ၊ အီသီယိုပီးယားနှင့် တရုတ်နိုင်ငံတို့တွင်သာ ထွက်ရှိသည်။ မြန်မာနိုင်ငံတွင် ဘုတလင်မြို့နယ်ရှိ တွင်းတောင်၊ ကနီမြို့နယ်ရှိ တောင်ပျောက်အင်းနှင့်တွင်းအောင်း၊ စစ်ကိုင်းမြို့နယ်ရှိ ရေခါးအင်းတို့မှ စိမ်းပြာရေညှိများကို ထုတ်လုပ်သည်။

တွင်းတောင်၏ထူးခြားချက်သည် ချင်းတွင်းမြစ်ရေတက်ချိန်တွင် တွင်းအတွင်းမှရေများသည် နိမ့်ကျသွားလေ့ရှိပြီး ချင်းတွင်းမြစ်ရေကျနေချိန်တွင် တွင်းတောင်၏ ရေမျက်နှာပြင်မြင့်တက်လာခြင်းဖြစ်သည်။

**စိမ်းပြာရေညှိနှင့် တွင်းပိုး**

တွင်းတောင်ရှိ စိမ်းပြာရေညှိများကို မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ကထိက ဒေါက်တာမင်းသိန်း ဦးဆောင်သည့် အဖွဲ့က ၁၉၈၃ ခုနှစ်တွင် သုတေသနပြုခဲ့ပြီးနောက် ၁၉၈၈ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ထိုစဉ်က အမှတ် (၁) စက်မှုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံဆေးဝါးစက်ရုံတွင် စပီရူလိုင်းနားဌာနခွဲကို ဖွင့်လှစ်ခဲ့သည်။

၁၉၈၉ ခုနှစ် ဇန်နဝါရီလတွင် ပရိုဗီမင် (Provimin) ဆေးပြားများကို ပြည်တွင်းဈေးကွက်၌ စတင်ရောင်းချခဲ့သည်။ ၂၀၀၃ ခုနှစ် ဇွန် ၆ ရက်တွင် တွင်းတောင်၌ စပီရူလိုင်းနား ထုတ်လုပ်သည့် အမှတ် (၃) ဆေးဝါးစက်ရုံကို တည်ဆောက်ခဲ့ကာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စပီရူလိုင်းနားများ ထုတ်လုပ်ခဲ့ပြီး အာရှနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့သည်။

သဘာဝ စပီရူလိုင်းနားသည် မက္ကဆီကိုနိုင်ငံမှ တက်စ်ကိုကိုရေကန် (Lake Texcoco)၊ ချဒ်နိုင်ငံမှ ချဒ်ရေကန် (Lake Chad) နှင့် ဘိုဒူရေကန် (Lake Bodou)၊ ကင်ညာနိုင်ငံမှ နာကူရူးရေကန် (Lake Nakuru) နှင့် အယ်လမင်တီရှားရေကန် (Lake Elementeitia)၊ အီသီယိုပီးယားနိုင်ငံမှ အရာဂတ်ဒီရာဒီရေကန် (Lake Arangudiadi) နှင့် ကီလိုတီးစ်ရေကန် (Lake Kilotes)၊ တရုတ်နိုင်ငံမှ ချန်ဟိုင်းရေကန် (Chenghai Lake)၊ မြန်မာနိုင်ငံမှ တွင်းတောင်၊ တွင်းအောင်းနှင့်တောင်ပျောက်တို့တွင်သာ ထွက်ရှိသည်။ သို့သော် တွင်းတောင်မှထွက်ရှိသည့် စိမ်းပြာရေညှိကိုသာ လူများစားသုံးနိုင်ရန် ပြင်ဆင်ထုတ်လုပ်နိုင်ပြီး တွင်းမနှင့်တောင်ပျောက်မှ ထွက်ရှိသည့် စိမ်းပြာရေညှိများမှ တိရစ္ဆာန်အစားအစာ၊ မြေဩဇာနှင့် သနပ်ခါးတို့ကိုသာ ထုတ်လုပ်နိုင်သည်ဟု ဆိုပေသည်။

ရေ၏သန့်စင်မှုကို တိုင်းတာရာတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်ရေသည် အဆင့် ၇ ရှိပြီး ပင်လယ်ရေသည် ၇ ဒသမ ၈ မှ ၈ ဒသမ ၃ အတွင်းရှိသည်။ တွင်းတောင်တွင်ရှိသည့် ရေ၏သန့်စင်မှုသည် အဆင့် ၈ ဒသမ ၅ အထက်တွင်ရှိသဖြင့် ထိုရေတွင် တွင်းပိုးဟုခေါ်သည့် အကောင်ငယ်များမှလွဲ၍ အခြားသက်ရှိသတ္တဝါများ မရှင်သန်နိုင်ချေ။ ထို့အတူ ယင်းရေတွင် စပီရူလိုင်းနားထုတ်နိုင်သည့် ရေညှိစိမ်းများသာ ကောင်းစွာရှင်သန် ပွားများနိုင်ကြသည်။

တွင်းတောင်တွင်ရှိသည့် ရေများကို အုတ်ကန်များအတွင်း ထည့်ကာ ပန်ကာဒလက်များဖြင့် လှည့်ပေးခြင်းဖြင့် စိမ်းပြာရေညှိများ မွေးမြူကြရသည်။ ကန်များအတွင်း အလွန်များပြားသော စိမ်းပြာရေညှိများသည် ကုန်နိုင်ဖွယ်မရှိခဲ့သော်လည်း တွင်းတောင်အတွင်းသို့ ပြင်ပမှရေများဝင်လာသဖြင့် ရေညှိအထွက်နှုန်း လျော့ကျခဲ့သည်။ ထို့အတူ တွင်းတောင်တွင် ရှင်သန်ပေါက်ပွားသော တွင်းပိုးများလည်း လျော့နည်းလာခဲ့သည်။

တွင်းတောင်ရေအိုင်တွင် ရှင်သန်ကျက်စားကြသည့် တွင်းပိုးအမများသည် တွင်းတောင်ကမ်းစပ်ရှိ ကျောက်တုံးများပေါ်တွင် ဥများဥလေ့ရှိပြီး လောက်လမ်းကဲ့သို့သော တွင်းပိုးကောင်များ ပေါက်လာလေ့ရှိသည်။ ညပိုင်းတွင် ကမ်းစပ်၌ မီးခွက်ထွန်းကာ မီးရောင်ရှိရာနေရာသို့ ကူးခတ်လာကြသည့် တွင်းပိုးကောင်များကို ဆန်ခါဖြင့် ခပ်ကာ ဖမ်းယူကြရသည်။ သို့သော် အကောင်ကြီးများကို မျိုးမသုဉ်းစေရန် ပြန်လွှတ်ပေးရကြောင်း သိရှိရသည်။

တွင်းပိုးများသည် ဈေးကောင်းရသဖြင့် အကောင်ကြီးများဖမ်းမိလျှင် ပြန်မလွှတ်ကြတော့သောကြောင့် တွင်းပိုးများ ရှားပါးလာခဲ့သည်။ ထို့အပြင် တွင်းတောင်အတွင်းသို့ ပြင်ပမှရေများဝင်ရောက်လာသဖြင့် ဂေဟာစနစ်ပျက်ယွင်းကာ တွင်းပိုးများ လျော့နည်းလာခဲ့သည်။ သို့သော် ကနီမြို့နယ်ရှိ တွင်းမနှင့်တောင်ပျောက်တို့တွင် တွင်းပိုးများ ထွက်ရှိနေသေးသည်။ တွင်းပိုးသည် လက်သည်းခွံကဲ့သို့ ဝိုင်းဝိုင်းပြားပြားပုံရှိသည့် ရေသတ္တဝါငယ်များဖြစ်ကြသည်။ အရိပ်အောက်တွင် အခြောက်လှန်းထားသည့် တွင်းပိုးခြောက်များကို လက်ဖက်တွင်ထည့်၍ စားသုံးကြသည်။

**မြန်မာ့ကြေးခေတ် ညောင်ကန်သင်္ချိုင်း**

မြန်မာနိုင်ငံ ခေတ်ဟောင်းသမိုင်းတွင် ကြေးခေတ်ယဉ်ကျေးမှုထွန်းကားခဲ့သည်ဟု ယူဆခဲ့သည့် နေရာတစ်ခုဖြစ်သည့် ညောင်ကန်နှင့် အုတ်အိုင်ရွာတို့သည် ဘုတလင်မြို့နယ်တွင် တည်ရှိကြသည်။ ညောင်ကန်ရွာသည် စစ်ကိုင်းမင်းနှင့် နန်းမတော်မယ်နုတို့ ကိုးကွယ်ခဲ့သည့် ဆရာတော်ဦးဗုဓ်၏ဇာတိမြေအဖြစ် ထင်ရှားခဲ့ရာမှ ရှေးဟောင်းသုတေသနဦးစီးဌာနက ညောင်ကန်ကျေးရွာ၊ သင်္ချိုင်းဟောင်းနေရာတစ်ခုတွင် ကြေးခေတ်နှင့်ဆက်နွယ်သည့် အထောက်အထားများကို တူးဖော်တွေ့ရှိခဲ့ပြီးနောက် ညောင်ကန်သည် ပိုမိုထင်ရှားလာခဲ့သည်။ ညောင်ကန်ကျေးရွာသည် ဘုတလင်မြို့မှ အနောက်မြောက်ဘက် ငါးမိုင် အကွာ၊ ချင်းတွင်းမြစ်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။

ကြေးခေတ်ယဉ်ကျေးမှုထွန်းကားခဲ့ရာ နေရာသည် ညောင်ကန်ရွာမှ အနောက်တောင်ဘက် တစ်မိုင်အကွာ၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀ အမြင့်တွင်တည်ရှိပြီး တူးဖော်မှုများ ဆောင်ရွက်ခဲ့သည့် သင်္ချိုင်းဟောင်းနေရာသည် တောင်မြောက် ပေ ၂၅၀ နှင့် အရှေ့အနောက် ပေ ၁၃၀ ကျယ်ဝန်းသည်။

ယင်းနေရာသည် တစ်ချိန်က သင်္ချိုင်းမြေတစ်ခုဖြစ်ခဲ့ဟန်ရှိကာ နောက်ပိုင်းတွင် ရွာသာရွာမှ ဦးချစ်လှိုင်က ပိုင်ဆိုင်ခဲ့ပြီး ဦးချစ်လှိုင်သည် ယင်းနေရာတွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် မြေရှင်းရာမှ လူအရိုးများ၊ မြေအိုးများ၊ ကြေးလက်နက်များကိုတွေ့ရှိခဲ့သဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်မဟာဗျူဟာလေ့လာရေးရုံး၊ ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာန၊ မနုဿဗေဒဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပညာရှင်များပါဝင်သည့် “ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများ လေ့လာရေးအဖွဲ့” ကို ဖွဲ့စည်းခဲ့ပြီး ၁၉၉၈ ခုနှစ် ဇန်နဝါရီလ မှ ၁၉၉၉ ခုနှစ် မတ်လအထိ တူးဖော်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့သည်။ ယင်းအဖွဲ့သည် အဆိုပါနေရာတွင် သုံးကြိမ်တိုင် စနစ်တကျ အကွက်ချတူးဖော်ခဲ့ရာ မြန်မာ့ကြေးခေတ်ဆိုင်ရာ အထောက်အထားများကို တွေ့ရှိခဲ့သည်။

ယခုအခါတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက တူးဖော်မှုပြုလုပ်ခဲ့သည့်နေရာများကို တူးဖော်ခဲ့စဉ်က အနေအထားအတိုင်း တူးကွက်ပြတိုက် (Site Meseum) အဆောက်အအုံငါးလုံး ဆောက်လုပ်၍ ထိန်းသိမ်းထားရှိသဖြင့် ရှေးဟောင်းသုတေသန၊ သမိုင်း၊ မနုဿဗေဒစသည့် ဘာသာရပ်ဆိုင်ရာ သုတေသီများနှင့်ကျောင်းသားများ လာရောက်လေ့လာလျက်ရှိသည်။ ပြတိုက်အဆောက်အအုံများအတွင်း တူးဖော်တွေ့ရှိထားသည့် ရုပ်ကြွင်းများနှင့်အိုးများကို အလူမီနီယမ်မှန်ပုံး ၅၂ လုံးဖြင့် အုပ်ဆိုင်းလျက် ထိန်းသိမ်းစောင့်ရှောက်ထားသည်။

မြန်မာ့ကြေးခေတ်ဆိုင်ရာ အထောက်အထားများကို တူးဖော်တွေ့ရှိပြီးချိန်တွင် အဆိုပါမြေနေရာအား ပိုင်ရှင်ဖြစ်သူ ဦးချစ်လှိုင်က နိုင်ငံတော်သို့ လှူဒါန်းခဲ့သဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ညောင်ကန်ကြေးခေတ် ယဉ်ကျေးမှုဇုန်အဖြစ် သတ်မှတ်ခဲ့သည်။ ညောင်ကန်မှ တူးဖော်တွေ့ရှိခဲ့သည့် ရှေးဟောင်းပစ္စည်းများဖြစ်သည့် မြေဆေးတံ နှစ်ခု၊ ကျောက်ကွင်း ၁၂ ခု၊ ကျောက်ကွင်း (တစ်ခြမ်း) လေးခု၊ ကျောက်ကွင်း (အဆန်) နှစ်ခု၊ မြေရုပ် ဒိုးဝိုင်း နှစ်ခု၊ ကျောက်ကွင်းပိတ် နှစ်ခု၊ ကြေး ပုဆိန် လေးခု၊ မြေပုတီးစေ့ တစ်ခု၊ ကျောက်လုံး သုံးခု၊ အပေါက်ပါ ကျောက်ပုတီးစေ့ ငါးခု၊ ဆလင်ဒါပုံ ပုတီးစေ့ ၂၃ ခု၊ စလင်းပုတီးကွဲ တစ်ခု၊ ခုနစ်လက်မ ပုတီးစေ့အရှည် နှစ်ခု၊ ခရုပုတီးစေ့ကြီး ၁၀ ခု၊ ခရုပုတီးစေ့အသေး ၈၈ ခု၊ ကြေးလှံသွား ငါးခု၊ ကြေးမြားသွား ခြောက်ခု၊ ကြေးချောင်း တစ်ခု၊ ကြေးပေါက်ချွန်း တစ်ခု၊ ဒီဇိုင်းပါ အိုးခြမ်းကွဲ ၂၃ ခု၊ ခဲပြားလိပ် ရှစ်ခု၊

*စာမျက်နှာ ၂၁ သို့*

# ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဒီပလိုမာသင်တန်းကျောင်းတည်ဆောက်ရန် ထားဝယ်မြို့ကို ရွေးချယ်

**ထားဝယ် ဇူလိုင် ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့၌ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာမနီနိုင်ငံ Senior Experter Services အဖွဲ့အစည်းမှ Senior Expert နှစ်ဦးတို့သည် ထားဝယ်မြို့ရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံလျက် ခရီးသွားလုပ်ငန်း ဒီပလိုမာသင်တန်းကျောင်း တည်ဆောက်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးညှိနှိုင်းပွဲ အခမ်းအနားကို ယနေ့နံနက်က ဇေယျာထက်စံဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က အမှာစကားပြောကြားရာ အခမ်းအနား၏ အဓိက ရည်ရွယ်ချက်သည် မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဒီပလိုမာသင်တန်းကျောင်း တည်ဆောက်ရန် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ရွေးချယ်ထားကြောင်းနှင့် Feasibility Study ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများ၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးဝိုင်းဝန်းအကြံပြုခြင်းဖြစ်ကြောင်း၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Value Chain တစ်လျှောက် ဝန်ဆောင်မှုများအထိ တန်ဖိုး ကွင်းဆက်ပြည့်မီနိုင်ရေး အရည်အသွေးပြည့်မီနိုင်မည့် အဆောက်အအုံများ ဖန်တီးတည်ဆောက်နိုင်ရေးအတွက် စီမံကိန်းတစ်ရပ်၊ Human Resources စသည်တို့ကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည့်ပြည့်စုံစုံ လေ့လာသင်ယူနိုင်ရန်အတွက် Intensive Training များနှင့် လက်တွေ့ချက်ချင်းပြန်လည် အသုံးချနိုင်သော စီမံခန့်ခွဲမှုဘာသာရပ်များကို လေ့လာနိုင်မည်ဖြစ်သည့်အတွက် ထားဝယ်ဒေသရှိ လူငယ်လူရွယ်များအနေဖြင့် မိမိတို့တာဝန်ယူလုပ်ကိုင်ဆောင်ရွက်နေသော အလုပ်အပိုင်း အခြားများကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်မည်ဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့နှင့်အတူ ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန အောက်မြန်မာပြည် ရုံးခွဲများတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက သင်တန်းကျောင်း ဖွင့်လှစ်တည်ဆောက်ရန်အတွက် ဂျပန်ပညာရှင်များကလာရောက် ကူညီပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ သင်တန်းဖွင့်လှစ်နိုင်ရန်အတွက်လည်း ပူးပေါင်းကြိုးစားပေးကြရန်လိုကြောင်းနှင့် ဟိုတယ်နှင့်ခရီးသွားဘာသာရပ် ဒီပလိုမာသင်တန်းကျောင်းတည်ဆောက်ရန်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးညီအေးက ဟိုတယ်နှင့် ခရီးသွားဘာသာရပ် ဒီပလိုမာသင်တန်းကျောင်း ထူထောင်ရခြင်းအကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ Senior Experter Services (SES) အဖွဲ့အစည်းမှ Senior Expert Mr.Helmut Lindthaler က ခရီးသွားလုပ်ငန်း ဒီပလိုမာသင်တန်းကျောင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် မြန်မာနိုင်ငံကို ကမ္ဘာကသိအောင် လုပ်ရန်အများကြီးလိုအပ်နေသေးကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိခရိုင် သုံးခရိုင်မှာ ကျောင်းတစ်ကျောင်းစီရှိလျှင် အလွန်ကောင်းမွန်မည်ဖြစ်ကြောင်းနှင့် SES အဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်းတို့က သင်တန်းကျောင်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သာယာဝတီမြို့၌ ကလေးစာပေပွဲတော်ကျင်းပမည်

**သာယာဝတီ ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော် (သာယာဝတီမြို့)ကို ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သာယာဝတီမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကလေးများ စာအုပ်စာပေ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တိုင်းပြည်အတွက် ဦးဆောင်နိုင်သူများ ဖြစ်လာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် စာပေပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်းသိရှိသည်။

ကလေးစာပေပွဲတော်တွင် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူရုပ်ခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကျင်းပ၍ ဆုချီးမြှင့်ခြင်း၊ အရုပ်ဆက်ကစားနည်း၊ စကားပုံဆက်ကစားနည်း၊ ဂိမ်းကစားနည်းများဖြင့် ကလေးများပျော်ရွှင်စွာကစားကာ ဆုလက်ဆောင်များပေးအပ်ခြင်း၊ ဗဟုသုတအစုံစုံ၊ လေ့လာစရာပညာပေးပြခန်း၊ ဉာဏ်စမ်းပြခန်း၊ တေးဂီတများ အက၊ အလှ၊ ယိမ်းများဖြင့်ဖျော်ဖြေခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီ စေတနာ့ဝန်ထမ်းအဖွဲ့ (SVA) တို့မှ ကလေးစာဖတ်ခန်း၊ ကလေးစာပေများပြသဆောင်ရွက်ခြင်း၊ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ပြသရောင်းချပေးခြင်းတို့ဖြင့် ကဏ္ဍစုံစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကလေးစာပေပွဲတော်ပါဝင်ဆင်နွှဲသူများအား ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် စေတနာရှင်၊ အလှူရှင်များက မုန့်မျိုးစုံ၊ စားသောက်ဖွယ်ရာများဖြင့် စတုဒိသာကျွေးမွေးဧည့်ခံခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ခွေးရူးရောဂါကြိုတင်ကာကွယ်ဆေးထိုးနှံပေး

**မင်္ဂလာတောင်ညွန့် ဇူလိုင် ၂၃**

မင်္ဂလာတောင်ညွန့်မြို့နယ် မလ္လကုန်းရထားရပ်ကွက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ကြီးမှူး၍ ခွေးရူးရောဂါ ကြိုတင်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် မျိုးပွားမှုထိန်းချုပ် ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းကို ယနေ့နံနက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေး သားသတ်ဌာနမှ ဆရာဝန်များနှင့် ဝန်ထမ်းအင်အားစုစုပေါင်း ၂၀ ခန့်သည် ရပ်ကွက်အတွင်းရှိ ခွေးလေခွေးလွင့်များကို ဆောင်ရွက်ပေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ အဆက်*

အမင်းပါ ကြေးပဲခွပ် နှစ်ခု၊ ကျောက် လက်နက် တစ်ခု၊ အိုးရှစ်လုံး၊ အုတ်ခဲ ငါးခု၊ မြေဆီမီးခွက် သုံးခု၊ ဒီဇိုင်းပါ အရိုးအိုးခြမ်းကွဲ ငါးခု၊ အခြယ်ပါသော အိုးခြမ်းပဲ့အပိုင်းအစ တစ်ထုပ်နှင့် အခြယ်မပါသော အိုးခြမ်းပဲ့ အပိုင်းအစ တစ်ထုပ်တို့ကို အမျိုးသားပြတိုက်တွင် ထိန်းသိမ်းပြသနိုင်ရန် ၁၉၉၈ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည့်သတင်းကို ၂၃-၃-၁၉၉၈ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာတို့တွင် ဖော်ပြခဲ့သည်။ ရုပ်ကြွင်းများနှင့်အတူရှိနေသည့် အိုးများနှင့် အချို့သောကျောက်ကွင်းများ၊ ကျောက် လက်နက်များကို မူလနေရာမှာပင် ရုပ်ကြွင်းများနှင့်အတူ ထိန်းသိမ်းပြသထားသည်။

**ကြေးခေတ် မြှုပ်နှံမှုဓလေ့**

အရိုးစုများအဖြစ်ကျန်ရှိနေသည့် လူရုပ်အလောင်းအများစုသည် မြောက်အရပ်သို့ ဦးခေါင်းထားကာ မြှုပ်နှံခဲ့ကြပြီး တောင်အရပ်သို့ ခေါင်းပြုမြှုပ်နှံထားသည့် ရုပ်အလောင်းနှစ်ခုကိုလည်း တွေ့ရှိနိုင်သည်။ ရုပ်ကြွင်းအများစုသည် ပက်လက်အနေအထားရှိနေကြပြီး အရပ် သုံး ပေ မှ ငါး ပေ ရှစ် လက်မ အထိရှိကြသည်။ ဘေးစောင်းမြှုပ်နှံထားမှုနှင့် အထက်အောက်ထပ်လျက် မြှုပ်နှံထားသော ရုပ်ကြွင်းအချို့ကိုလည်း တွေ့မြင်နိုင်သည်။

တူးကွက်အမှတ် (SE 15) တွင် အိုးကြီးတစ်လုံးအတွင်း ထည့်သွင်းမြှုပ်နှံထားသည့် လူဦးခေါင်းခွံတစ်ခုနှင့် လက်မောင်းရိုး တစ်ခု၊ အရွယ်စုံအိုးများ၊ တိရစ္ဆာန်အရိုးများ တွေ့ရှိရသည်။ မူလမြှုပ်နှံမှုသည် လူနှင့်တိရစ္ဆာန်အရိုးများသာ ဖြစ်ပြီး ထိုနေရာမှပင် ဒုတိယမြှုပ်နှံမှုတစ်ခု ပြုလုပ်ခဲ့သည်ဟု ပညာရှင်များက ယူဆကြသည်။ တူးဖော်မှုအမှတ် (SE 5) တွင် လူရုပ်ကြွင်းနှင့်အတူ နွားနှင့် ခွေးခေါင်းခွံ၊ တိရစ္ဆာန်ခွာ တစ်ခုကို တွေ့ရှိခဲ့သည်။

တူးဖော်ခဲ့သော တစ်နေရာတွင် အမျိုးသားရုပ်ကြွင်းတစ်ခု၊ အမျိုးသမီးရုပ်ကြွင်းတစ်ခုနှင့် ကလေးရုပ်ကြွင်းတစ်ခုတို့ကို တစ်နေရာတည်းတွင် မြှုပ်နှံထားသည်ကို တွေ့ရသည်။ (ရုပ်ကြွင်းများအား တင်ပါးဆုံကွင်းကိုကြည့်၍ ကျား မ ခွဲခြားနိုင်သည်။) ယင်းရုပ်ကြွင်းများနှင့်အတူ အရွယ်စုံအိုးများနှင့် ကြေးမြားခေါင်း တစ်ခုကိုလည်း တွေ့ရှိရသည်။ တူးကွက်အမှတ် (SE 2) တွင် လည်း ရုပ်ကြွင်းနှစ်ခုအား ဘေးချင်းယှဉ်လျက် မြှုပ်နှံထားသည် ကို မြင်တွေ့ကြရသည်။ ယင်းသို့ မြှုပ်နှံခြင်းမှာ ထိုသူများသည် တစ်ပြိုင်တည်း သေဆုံးခြင်းဖြစ်နိုင်သကဲ့သို့ မသေဆုံးမီက အတူနေထိုင်ခဲ့ကြသည့် မိသားစုဝင်များအား ကွယ်လွန်ချိန်တွင် တစ်နေရာတည်း၌ မြှုပ်နှံသည့် ဓလေ့လည်း ဖြစ်နိုင်ကြောင်း ပညာရှင်များက ကောက်ချက်ချကြသည်။

အချို့သော ရုပ်ကြွင်းများ၏ လက်တွင် ကြေးလက်နက်ပစ္စည်းများ ကိုင်တွယ်ထားသည်ကို တွေ့ရှိရသဖြင့် အသက်ရှိစဉ်က ၎င်းတို့ကိုင်တွယ်သုံးစွဲခဲ့သည့်ပစ္စည်းကို ကွယ်လွန်ချိန်တွင် ထည့်သွင်းမြှုပ်နှံပေးခြင်းဖြစ်နိုင်သည်။ ရုပ်ကြွင်းများနှင့်အတူ အရွယ်မျိုးစုံ မြေပုတီးစေ့၊ ကျောက်ပုတီးစေ့နှင့်ခရုခွံပုတီးစေ့များကို ရုပ်ကြွင်းများ၏လည်တိုင်နှင့် လက်ကောက်ဝတ်အနီးတွင် တွေ့ရှိရသဖြင့် မသေဆုံးမီက ဝတ်ဆင်ခဲ့သည့် အဆင်တန်ဆာပစ္စည်းများဖြစ်နိုင်ကြောင်း သုံးသပ်နိုင်ပေသည်။

အချို့သော အရိုးစုများတွင် ပုံသဏ္ဍာန်နှင့် အရွယ်အမျိုးမျိုးရှိသည့် ကျောက်ကွင်းများကို လည်တိုင်နှင့်လက်ကောက်ဝတ်နေရာများတွင် တွေ့ရှိရသည်။ ကျောက်ကွင်းများသည် မကွယ်လွန်မီကတည်းက ဝတ်ဆင်ခဲ့ခြင်း ဖြစ်နိုင်သကဲ့သို့ ကွယ်လွန်ချိန်တွင် ရာထူးအဆင့်အတန်းအားလျော်စွာ ဝတ်ဆင်ပေးခြင်းလည်းဖြစ်နိုင်ကြောင်း ယူဆခဲ့ကြသည်။

ကြေးခေတ် သင်္ချိုဟ်မြှုပ်နှံမှုများတွင် လူများနှင့်အတူ ဆီမီးခွက်များ၊ မြေပန်းကန်များ၊ ကျိုးပေါက်ရာပါသော အိုးများကို ထည့်သွင်းမြှုပ်နှံခဲ့ကြသည်။ အိုးအကြီးထဲတွင် အိုးအသေးများကို ထည့်သွင်းမြှုပ်နှံထားသည်မှာလည်း ထူးခြားချက်တစ်ရပ်ဖြစ်သည်။

ပညာရှင်များက မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြသော ရှေးဦးလူသားများသည် ကျောက်ခေတ်အပိုင်းအခြားသုံးခုဖြစ်သည့် ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်သစ်တို့ကို ဖြတ်သန်းခဲ့ပြီးနောက် ကြေးပစ္စည်း၊ ကြေးလက်နက်များကို စတင်သုံးစွဲခဲ့သော ကြေးခေတ်သို့ ရောက်ရှိခဲ့သည်ဟု ယေဘုယျအားဖြင့် လက်ခံထားကြသည်။ ရှေးဟောင်းသုတေသနနှင့်မနုဿဗေဒပညာရှင်များ၏ ကြိုးပမ်းမှုများကြောင့် မြန်မာ့ကြေးခေတ်ယဉ်ကျေးမှု တစ်စိတ်တစ်ဒေသကို ပုံဖော်နိုင်ခဲ့သည်။ မြန်မာ့ကြေးခေတ်၏ သက်တမ်းကို ပြဋ္ဌာန်းပေးနိုင်ရန် ကာဗွန် ၁၄ စစ်ဆေးခြင်း (Carbon 14 Dating)၊ အပူလှိုင်းစစ်ဆေးခြင်း (Thermoluminescence Dating) နည်းများဖြင့် တိကျသောအဖြေများကို မဖော်ထုတ်နိုင်သေးသော်လည်း ဆက်စပ်တူညီသော အကြောင်းအချက်များဖြင့် သက်တမ်းခန့်မှန်း (Relative Dating) ရာတွင် မြန်မာ့ကြေးခေတ်သည် လွန်ခဲ့သော နှစ် ၃၀၀၀ (ဘီစီ ၉၀၀ မှ ဘီစီ ၆၀၀) အတွင်း ထွန်းကားနိုင်ခဲ့ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့ကြသည်။ မြန်မာနိုင်ငံနှင့်ခေတ်ပြိုင် အရှေ့တောင်အာရှနိုင်ငံများဖြစ် သည့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများမှ ကြေးခေတ်များနှင့် နှိုင်းယှဉ်လေ့လာရာတွင် ညောင်ကန်ကြေးခေတ်နယ်မြေသည် ကြေးခေတ်နောက်ပိုင်းအဆင့်ဖြစ်ကြောင်း သမိုင်းသုတေသနပညာရှင် ဦးစိန်မြင့်က ထောက်ပြခဲ့ ပေသည်။



ဘုတလင်သည် ဆရာတော် ဦးဗုဓ်၏ ဇာတိမြေအဖြစ်သာမက ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့သည့်နေရာတစ်ခုအဖြစ်ပါ ထင်ရှားကျော်ကြားလာခဲ့သည်။ မြန်မာ့ကြေးခေတ် သံခေတ် သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဘုတလင်မြို့နယ်သည် မြန်မာ့ခေတ်ဟောင်းသမိုင်းကို ဆက်လက်ဖော်ထုတ်ပေးနိုင်မည့် နေရာများတွင် တစ်ခုအပါအဝင် ဖြစ်လာခဲ့ပေသည်။ ။

**ကိုးကား**

**-ဘုတလင်မြို့နယ်၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများလေ့လာရေးအဖွဲ့၏ တွေ့ရှိချက်စာတမ်းများ၊ (ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာန)**

**-မြန်မာ့သတ္တုခေတ်ကာလ ကြေးခေတ်၊ သံခေတ်သမိုင်း (ဦးစိန်မြင့်) Proceeding of the Workshop on Bronze Age Culture in Myanmar (UHRC)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့ကျစေရန် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့် ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှုများ လျော့ကျစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် စိတ်ချမ်းမြေ့စွာ သုံးစွဲနိုင်ရန်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် ဝန်ဆောင်မှုကောင်းမွန်စွာဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန် နှစ်စဉ် ဘဏ္ဍာငွေသုံးစွဲခွင့် ရရှိမှုပေါ်မူတည်၍ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဓာတ်အားဖြန့်ဖြူးရာတွင် တိုးတက်သုံးစွဲလာသော ဝန်အားကို ဖြန့်ဖြူးပေးနိုင်ရန်၊ တည်ဆောက်ပြီး ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းများ ဓာတ်အားပြတ်တောက်မှု မဖြစ်စေရန်နှင့် ဖြစ်ပေါ်လာပါက အမြန်ဆုံးဓာတ်အားပြန်လည်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်ကျော်ဦးထံမှ သိရသည်။

"လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလိုင်းတွေနဲ့ ကောင်းကင်ဓာတ်အားလိုင်းများနဲ့ ဓာတ်အားဖြန့်ဖြူးထားတာဖြစ်တဲ့အတွက် ရာသီဥတုဆိုးရွားမှု၊ တိရစ္ဆာန်တွေကြောင့် လိုင်းအပြစ်ဖြစ်ပွားခြင်း၊ သစ်ပင်သစ်ကိုင်းများနှင့် ထိမိခြင်း၊ ယာဉ်မတော်တဆမှုဖြစ်ခြင်းစတာတွေကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းတွေ ဖြစ်ပေါ်နေပြီး ပြတ်တောက်မှုတွေကို လျှော့ချနိုင်ဖို့အတွက် ရှိပြီးဓာတ်အားလိုင်းတွေကို အဆင့်မြှင့်တင်ခြင်း၊ သက်တမ်းကြာဓာတ်အားလိုင်း ကြိုးဟောင်းတွေကို အရည်အသွေးမြင့်မားသော လိုင်းကြိုးတွေနဲ့ လဲလှယ်ခြင်း၊ သစ်ပင်သစ်ကိုင်းတွေနဲ့ ထိမိခြင်းကြောင့် ယာယီဓာတ်အားပြတ်တောက်ခြင်းမှ ကာကွယ်ဖို့ Insulator (လျှပ်ကာ)ပါတဲ့ ကြိုးတွေလဲလှယ်တာ၊ မလဲလှယ်နိုင်သေးတဲ့နေရာတွေမှာ သစ်ပင်၊ သစ်ကိုင်းတွေကို ပုံမှန်ခုတ်ထွင်ရှင်းလင်းခြင်း၊ တိရစ္ဆာန်တွေကြောင့် ဓာတ်အားပြတ်တောက်ရခြင်းမှ ကာကွယ်ဖို့ Bird Spike (ငှက်မနား)များ တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းများရဲ့ Connection နေရာများ၊ Bushing ထိပ်များမှာ red hot ဖြစ်ပြီး ဓာတ်အားလိုင်းပြတ်တောက်မှုများ မဖြစ်ပေါ်စေဖို့အတွက် အပူအာရုံခံတိုင်းကိရိယာ (Infrared Thermometer) များဖြင့် ကြိုတင်တိုင်းတာခြင်း၊ ဓာတ်အားဖြန့်ဖြူး ရေးလုပ်ငန်းများကို အသစ်တည်ဆောက်ခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ထို့အပြင် ဓာတ်အားခွဲရုံများအတွင်းနှင့် ထရန်စဖော်များပေါ်သို့ မြွေ၊ ခွေး၊ ကြောင်၊ ကြွက်များ မဝင်ရောက်နိုင်စေရန် စီမံခြင်း၊ Distribution Transformer များ၊ Protection များ ပြည့်စုံစွာတည်ဆောက်ထားခြင်း၊ ဓာတ်အားခွဲရုံများကိုလည်း High Type စနစ်တည်ဆောက်၍ ဓာတ်အားခွဲရုံတွင်း Panel များ ရေငွေ့များကြောင့် Insulation ကျဆင်းမှု မရှိစေရန် စီမံခြင်း၊ ဓာတ်အားလိုင်းများ၊ ခွဲရုံများနှင့် ထရန်စဖော်မာများကို ပုံမှန်ထိန်းသိမ်းခြင်း၊ မှတ်တမ်းတင်ထားသည့် ဓာတ်အားပြတ်စာရင်းများအရ ဓာတ်အားပြတ်တောက်မှုဖြစ်ပွားရသည့် အကြောင်းရင်းများကို သေချာစွာ စိစစ်၍ အလားတူအပြစ်ဖြင့် ဓာတ်အားပြတ်တောက်မှုများ မဖြစ်ပွားစေရန် စီစဉ်ညွှန်ကြားခြင်း၊ ဓာတ်အားလိုင်းတစ်လိုင်း အပြစ်ဖြစ်ပွားပါက အခြားတစ်ဖက်မှ ဓာတ်အားဖြင့် စဉ်ဆက်မပြတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်နှင့် ဓာတ်အားပြတ်တောက်မှု အချိန်လျော့နည်းစေရန် Alternate Line များ တည်ဆောက်ခြင်းများဖြင့် ဓာတ်အားပြတ်တောက်မှုများ မဖြစ်ပွားစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**



# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၀၄)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပူဇော်

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၀၄)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်း အရှေ့ဘက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ရှေ့၌ ကျင်းပရာ နေပြည်တော် လယ်ဝေးမြို့ ဘုရားကြီးကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောဒယနှင့် သံဃာတော်ကိုးပါး၊ နေပြည်တော် ပျဉ်းမနားမြို့ အုန်းတောပရိယတ္တိစာသင်တိုက်မှ သံဃာတော်ကိုးပါးတို့ ကြွရောက်တော်မူခဲ့ကြသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အထောက်အကူပြုအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ တပ်နယ်ဝတ်အသင်းများ တက်ရောက်ခဲ့ကြပြီး ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပူဇော်ခဲ့ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၀၄)ကြိမ်မြောက်အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကိုဇူလိုင် ၂၂ ရက်မှ ၂၇ ရက်အထိ ခြောက်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ကြွရောက်ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။

**သီဟန်သိန်း(အေးချမ်းမြေ)**

# ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲအောင်သူများ ဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၂၃**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ဦးဆောင်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သံဃနာယကအဖွဲ့ဆရာတော်များကြီးမှူးကျင်းပသည့် (၃၅)ကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု ရေးဖြေစာမေးပွဲကို အဆင့်သုံးဆင့်ခွဲကာ အောင်မြင်ကြသော အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၉၄ ဦးတို့အား ဂုဏ်ပြုအောင်လက်မှတ်နှင့် ထူးချွန်စွာအောင်မြင်သူများအား ငွေသားဆုချီးမြှင့်ပေးအပ်ပွဲကို ယမန်နေ့က မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ဓမ္မဇေယျာပရိယတ္တိစာသင်တိုက်ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဓမ္မဇေယျာစာသင်တိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဥဂ္ဂသဆရာတော်နှင့် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏဓဇဆရာတော်တို့က ဂုဏ်ပြုသြဝါဒကထာ ချီးမြှင့်တော်မူသည်။

ထို့နောက် ငွေကြေး၊ ဝတ္ထုပစ္စည်းအလှူရှင်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးညီညီလင်း၊ တိုင်းဒေသကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်နှင့် တာဝန်ရှိသူများက မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။ ဆက်လက်၍ အတန်းပညာအလိုက် အဆင့် သုံးဆင့်ခွဲခြား၍ ရေးဖြေစာမေးပွဲအောင်မြင်သူများအား ဆရာတော်များနှင့်တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့်အထူးဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၌ မကွေးတိုင်းဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာ ၃၂၅ ခန်း တည်ဆောက်ခဲ့

**မကွေး ဇူလိုင် ၂၃**

မကွေးတိုင်းဒေသကြီးအတွင်း မကွေး၊ ရေနံချောင်း၊ တောင်တွင်းကြီး၊ ချောက်၊ ပခုက္ကူ၊ မင်းဘူးနှင့် သရက်မြို့များရှိ ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ခုနစ်လုံး၊ အခန်း ၃၂၅ ခန်းကို တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၇၀၄၉ သန်းဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တည် ဆောက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် မကွေးမြို့တွင် ဝန်ထမ်းအိမ်ရာ ရှစ်ခန်းတွဲ ခြောက်ထပ်တစ်လုံး (Foundation ထပ်တိုးလုပ်ငန်းအပါအဝင် )ကို ငွေကျပ် ၈၀၅ သန်း ၊ အခြေခံအဆောက်အအုံ လျှပ်စစ်မီး၊ လမ်း၊ မြောင်း ရေ၊ ခြံစည်းရိုးများပါဝင်သည့် ဝန်ထမ်းအိမ်ရာ ရှစ်ခန်းတွဲ ခြောက်ထပ်တစ်လုံးစီကို ရေနံချောင်းမြို့တွင် ငွေကျပ် ၁၀၀၄ ဒသမ ၁၉ သန်း၊ တောင်တွင်းကြီးမြို့တွင် ငွေကျပ် ၉၁၁ ဒသမ ၅၃၆ သန်း၊ ချောက်မြို့နယ်တွင် ငွေကျပ် ၉၈၈ ဒသမ ၂၇၄ သန်း၊ ပခုက္ကူမြို့တွင် ငွေကျပ် သန်း ၁၁၁၀ ၊ မင်းဘူးမြို့တွင် ငွေကျပ် သန်း ၁၁၁၀ ၊ သရက်မြို့တွင် ငွေကျပ် သန်း ၁၁၁၀ အသုံးပြု၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးထံမှ သိရသည်။

"နိုင်ငံ့ဝန်ထမ်းတွေ နေထိုင်မှုအဆင် ပြေချောမွေ့ဖို့၊ လူနေမှုအဆင့်အတန်း မြင့်မားဖို့၊ လူမှုဘဝတွေလုံခြုံဖို့ ဝန်ထမ်း အိမ်ရာတွေ ဖော်ဆောင်ပေးနေတဲ့ အပေါ်ကြိုဆိုပါတယ်။ ဝန်ထမ်းတွေကို လုံလောက်တဲ့ လစာနဲ့ အဆောင်အယောင်ပေးနိုင်ဖို့ စီစဉ်ရမယ်လို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီရက်ပိုင်းမှာ ပြောသွားတယ်လို့သိရပါတယ်။ ဒါကလည်း ဝန်ထမ်းတွေအတွက် အားတက်စရာပါ"ဟု မကွေးမြို့နေဝန်ထမ်း တစ်ဦးက ပြောသည်။



၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်း ၉၉၂ ဒသမ ၉၀၀ ဖြင့် အခန်း ၄၈ ခန်းပါ လေးခန်းတွဲ လေးထပ် သုံးလုံး ၊ ပြည်ထောင်စုထောက်ပံ့ ရန်ပုံငွေကျပ်သန်း ၅၂၉ ဒသမ ၅၀၀ ဖြင့် အခန်း ၃၂ ခန်းပါ လေးခန်းတွဲ လေးထပ် နှစ်လုံး၊ ပြည်ထောင်စု ထောက်ပံ့ ရန်ပုံငွေကျပ်သန်း ၅၃၃ ဒသမ ၅၀၀ ဖြင့် အခန်း ၂၄ ခန်းပါ လေးခန်းတွဲ ခြောက်ထပ် တစ်လုံး၊ ပြည်ထောင်စုထောက်ပံ့ ရန်ပုံ ငွေကျပ်သန်း ၇၇၀ ဒသမ ၆၄၀ ဖြင့် အခန်း ၄၈ ခန်းပါ ၈ခန်းတွဲ ခြောက်ထပ် တစ်လုံး၊ စုစုပေါင်း အခန်း ၁၅၂ ခန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေကျပ်သန်း ၂၁၅၂ ဒသမ ၈၀၀ ဖြင့် အခန်းပေါင်း ၁၂၀ ပါ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ ရှစ်ခန်းတွဲ ငါးထပ် သုံးလုံးတို့ကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန မှတ်တမ်းများအရ သိရသည်။ **ဇေယျတု(မကွေး)**

# အစာအဆိပ်သင့်မှုမဖြစ်ပွားစေရေး နှိုးဆော်ချက်

ပွင့်လင်းရာသီတွင် နိုင်ငံအတွင်း အလှူပွဲတော်များ စည်ကားစွာကျင်းပလေ့ရှိပါသည်။ ဤကာလအတွင်း အစာအဆိပ်သင့်မှုများ နှစ်စဉ်နှစ်တိုင်းဖြစ်ပွားတတ်ပါသည်။ အစာအဆိပ်သင့်မှုသည် ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်ပွားတတ်ပါသည်။

အစာအဆိပ်သင့်မှု မဖြစ်ပွားစေရန်အတွက် အစားအသောက် ပြင်ဆင်ချက်ပြုတ်သူများ လိုက်နာရန်

၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီနှင့် အိမ်သာအသုံးပြု ပြီးချိန်များတွင် လက်များကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောပါ။

၂။ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင်မီးဖိုချောင်ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။

၃။ ချက်ပြုတ်ပြီး အစားအစာနှင့် မချက်ပြုတ်ရသေးသောအစားအစာများအား သီးခြားစီထားရှိပါ။

၄။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များ ဆေးကြောရာတွင် သန့်ရှင်းသော ရေကိုသာ သုံးစွဲပါ။

၅။ အစားအစာများကို ကျက်အောင်ချက်ပြုတ်၍ လတ်လတ်ဆတ်ဆတ်နှင့် ပူပူနွေးနွေး စားသုံးပါ။ ချက်ချင်းမစားသုံးဖြစ်ပါက ပွက်ပွက်ဆူအောင်နွှေးပြီးမှ စားသုံးပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မိဂဒါဝုန်ရဂုံမြိုင်နှင့် ပဉ္စဝဂ္ဂီငါးဦးနှင့် ဓမ္မစကြာ

# မိဂဒါဝုန်ရဂုံမြိုင်နှင့် ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရား

ဝိသုဇ္ဇက(ပဲခူး)

**"ဘုရားဖြစ်ကာ မိဂဒါသို့ စကြာရွှေဘွား ဖြန့်ချိသွား၍ ငါးပါးဝဂ္ဂီ စုံအညီနှင့် မဟီတစ်သောင်း တိုက်အပေါင်းမှ ခညောင်းကပ်လာ နတ်ဗြဟ္မာအား ဝါဆိုလပြည့် စနေနေ့ဝယ် ကြွေကြွေလျှံတက် ဓမ္မစက်ကို မိန့်မြွက်ထွေပြား ဟောဖော်ကြားသည် တရားနတ်စည် ရွှမ်းတယ်ကို" ဟူ၍ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ခုနစ်နေ့ ဘုရားရှိခိုးတွင် မိဂဒါဝုန်ရဂုံမြိုင်၌ ဝါဆိုလတွင် ဓမ္မစကြာတရားဟောသည်ကို ထည့်သွင်းကာ ဘုရားရှိခိုးတော်မူခဲ့လေ၏။ မိဂဒါဝုန်ရဂုံမြိုင်သည် အိန္ဒိယပြည်တွင်ရှိသည်။**

## ဝါဆိုလဟူသည်

ပုဂံပြည်အနော်ရထာမင်းလက်ထက် ပရိယတ္တိသာသနာစာပေကျမ်းဂန်ရောက်၍ ရဟန်းသံဃာတို့ ဝါဆိုဝါကပ်ပြုတော်မူသောကြောင့် ဝါဆိုလဟု မြန်မာဘာသာခေါ်ဝေါ် ရေးသားကြသည်။ ရှေးခေတ်က ဝေါဟာရမဟုတ်ပေ။ ပုဂံခေတ်ကျောက်စာအဦးပိုင်းတွင် ဝါဆိုလကို မွယ်တာဟူ၍ လည်းကောင်း၊ မြွတာဟူ၍လည်းကောင်း ရေးသည်။ နှောင်းပိုင်းတွင် နွယ်တာဟူ၍လည်းကောင်း ရေးလာကြသည်။ သို့သော် မွယ်တာသည်သာလျှင် အရင်းခံစကားဖြစ်သည်။ "မွယ်" အား လယ်ယာမိုးမြေကိုဟောသည်။ "တာ" ကား တိုင်းတာခြင်းပင်ဖြစ်သည်။ လယ်ယာမြေတို့ကို တိုင်းတာသော လ ဟူလေသည်။

ဝါဆိုဟူသော ဝေါဟာရမှာ ဘာသာရေးအရ "ဝါ" သည် ပါဠိစကား "ဝါသမှ ဆင်းသက်လာ၏။ နေခြင်းဟု အနက်ရ၏" "ဆို" မှာ ရွတ်ဆိုခြင်းဖြစ်၏။ ထို့ကြောင့် ဝါဆိုလသည် ဤအရာမ်အတွင်း၌ မိုးသုံးလပတ်လုံးနေပါမည်ဟု ရွတ်ဆိုကတိပြုခြင်း ဆိုလို၏။

## ဝါထပ်ခြင်း

ဤနှစ် ၁၃၈၀ ပြည့်သည် ဝါဆိုနှစ်လရှိသည်။ ဝါထပ်သည်ဟုခေါ်သည်။ မြန်မာပြက္ခဒိန်တွင် သူရိယမာသနေ့စွဲနှစ်နှင့် စန္ဒရမာသလစွဲနှစ်တို့ကို အခြေခံပြီးလျှင် အများသုံးစွဲရန် ဝေါဟာရနှစ်ကို ပြဋ္ဌာန်းထားသည်။

သူရိယသန္တတ္တကျမ်းတွင် သူရိယမာသနှစ်၌ ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ရှိသည်။ အနောက်နိုင်ငံခေတ်သစ်နက္ခတ်ပညာကျမ်းများအရမှာ တစ်နှစ်လျှင် ၃၆၅ ရက် ၅ နာရီ ၄၉ မိနစ် ၄၆ စက္ကန့်ရှိသည်။

- စန္ဒရမာသနှစ်သည် ၃၅၄ ရက် ၈ နာရီ ၄၈ မိနစ် ၃၄ စက္ကန့်ရှိသည်။
- ယခုသုံးနေသော တန်ခူးရက်မစုံ ၂၉ ကဆုန်ရက်စုံ ၃၀ ဟု မှတ်သားကြသော ဝေါဟာရနှစ်၏ သင်္ချာကိန်းအစွန်းအထွက်တို့ကို နုတ်ပယ်လျှင် ၃၅၄ ရက်ရှိသည်။ ဤသည်ကို လေ့လာတွက်ချက်ကြည့်လျှင် သူရိယမာသနှစ်နှင့် စန္ဒရမာသနှစ်သည် လေ့လာတွက်ချက်ကြည့်လျှင် သူရိယမာသနှစ်နှင့် စန္ဒရမာသနှစ်သည် ၁၀ ရက် ၂၁ နာရီ ၂၄ မိနစ် ၃ စက္ကန့် ကွာခြားလျက်ရှိကြောင်း တွေ့ရပေမည်။ ဝေါဟာရမာသနှစ်ကို သူရိယမာသနှစ်နှင့် ယှဉ်ကြည့်လျှင် ၁၁ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့် ကွာခြားနေသည်ကို တွေ့ရသည်။

ပြက္ခဒိန်ကို စီရင်သောအခါ ထိုကွာခြားချက်ကို နည်းနိုင်သမျှ နည်းအောင် ညှိနှိုင်းဆောင်ရွက်ရသည်။ အကြမ်းအားဖြင့် တစ်နှစ်လျှင် ၁၀ ရက်ကွာခြားနေသည်ဆိုပါက သုံးနှစ်ပြည့်လျှင် ရက်ပေါင်း ၃၀ တစ်လကွာခြားနေလိမ့်မည်။ ထိုအခါ သုံးနှစ်တစ်ကြိမ် ရက်ပေါင်း ၃၀ တစ်လတိုး၍ ဖြည့်ပေးလိုက်လျှင် သူရိယမာသနှစ်နှင့် ဝေါဟာရနှစ်တို့ ကိုက်ညီလာလိမ့်မည်။

ဤသို့ယူခြင်းဖြင့် သူရိယမာသနှစ်၏ ရက်ပေါင်း ၉၉၀ ၇ နာရီ ၄၅ မိနစ် ၃၅ စက္ကန့်ဟူသောကာလသည် တစ်လလျှင် ရက်ပေါင်း ၂၉ ရက် ၁၂ နာရီ ၄၄ မိနစ် ၃ စက္ကန့်သာရှိသော စန္ဒရမာသနှစ်နှင့် နှိုင်းကြည့်လျှင် စန္ဒရမာသနှစ်ထက် တစ်လကျော်ပိုနေသည်ကို တွေ့ရလေသည်။ တစ်နည်းဆိုသော် ထိုရက်ပေါင်း ၉၉၀ ကာလသို့ ရောက်လျှင် သူရိယမာသတစ်နှစ်သည် စန္ဒရမာသ ၁၃ လနှင့် ညီမျှ၏ဟု အကြမ်းဆိုရမည်။ အတိအကျဆိုရလျှင် သူရိယမာသ သုံးနှစ်ပြည့်သောအခါ စန္ဒရမာသ ရက်ပို ၃၁ ရက် ၄ နာရီ ၁၂ မိနစ် ၉ စက္ကန့်ဖြစ်သည်။ ထို့ကြောင့် အဆိုပါရက်ပေါင်း ၉၉၀ ပြည့်မြောက်သောနှစ်၌ ရက်ပေါင်း ၃၀ ရှိသော တစ်လကို တိုးပေးရသည်။ ထိုသို့ တိုးပေးခြင်းကို "လထပ်" သည်ဟုခေါ်သည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်အားလျော်စွာ လထပ်ခြင်းကို ရဟန်းတော်များ ဝါဆိုသောကာလ၌ ပြဋ္ဌာန်းပေးခြင်းဖြစ်၏။ ထို့ကြောင့် လထပ်ခြင်းကို ဝါထပ်သည်ဟုပင် ခေါ်ဆိုကြခြင်းဖြစ်၏။

ထိုကဲ့သို့ သုံးနှစ်တစ်ကြိမ် "လထပ်" ခြင်းဖြင့် ညှိနှိုင်းပေးသည်ဖြစ်သော်လည်း တစ်နှစ်လျှင် ရက်ပိုတစ်ရက်ရှိနေသေးသည်ဖြစ်ရာ ထပ်မံ၍ သင့်မြတ်သောနှစ်တွင် "ဝါထပ်" သည့်အပြင် တစ်ရက်အပို ဖြည့်ပေးရသည်လည်းရှိ၏။ ထိုသို့ အပိုတစ်ရက်ဖြည့်ပေးခြင်း ကို"ရက်ငင်" သည်ဟု ခေါ်၏။ "ရက်ငင်" သောနှစ်ကို "ဝါကြီးထပ်" သော နှစ်ဟုခေါ်သည်။ ထို့ကြောင့် မြန်မာပြက္ခဒိန်၌ သာမန်နှစ် ဝါငယ်ထပ်နှစ်၊ ဝါကြီးထပ်နှစ်ဟူ၍ နှစ်မျိုး၊ သုံးမျိုးရှိကြောင်းကိုလည်း ဖော်ပြထားသည်။ ယင်းသို့ ဝါထပ်ခြင်းအကြောင်းကို ဆရာကြီးမောင်ထင်၏ မြန်မာဆယ့်နှစ်လရာသီအကြောင်း စာအုပ်မှ ကိုးကားဖော်ပြထားခြင်းဖြစ်ပါသည်။

## မိဂဒါဝုန်ရဂုံမြိုင်

မိဂဒါဝုန်ရဂုံမြိုင်သည် မြတ်စွာဘုရားရှင်၏ ဓမ္မစကြာဟောကြားတော်မူရာ သံဝေဇနိယဋ္ဌာနဖြစ်သကဲ့သို့ ပွင့်ထွန်းလာသမျှသော ဘုရားရှင်အဆူဆူတို့သည်လည်း ဤနေရာမှာပင် ဓမ္မစကြာကို ဟောကြားလေ့ရှိသဖြင့် "အဝိဇဟိတ" ဌာနဟုလည်း ခေါ်၏။ "အဝိဇဟိတ"ဟူသည် ဘုရားရှင်တိုင်း မစွန့်လွှတ်သောနေရာကို ဆို၏။ မြတ်စွာဘုရားရှင်သည် ဓမ္မစကြာကို ဟောကြားတော်မူပြီး ငါးရက်မြောက်နေ့တွင် အနတ္တလက္ခဏာ သုတ်တော်ကို ဟောကြားတော်မူသည်။ ထိုနေရာသည် ဓမ္မစကြာတရားတော်ကိုဟောကြားတော်မူရာ နေရာအနီးမှာပင် ဖြစ်၏။

၁၀၃ ခု ကဆုန်လပြည့်နေ့က ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းအနီးရှိ မဟာဗောဓိပင်ရွှေပလ္လင်တော်ထက်ဝယ် လောက၌ သိသင့်သိထိုက်သော အရာမှန်သမျှ ကြွင်းမဲ့ကုန်စင် ကောင်းစွာသိမြင်တော်မူကာ မြတ်စွာဘုရားရှင် ပွင့်တော်မူခဲ့သည်။ ဥရုဝေလတောမှ တစ်ဆယ့်ရှစ်ယူဇနာဝေးသော ဗာရာဏသီပြည်အနီး မိဂဒါဝုန်ရဂုံမြိုင်အတွင်း၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဝါဆိုလပြည့် စနေနေ့ နေဝင်လထွက် ညနေချမ်းအချိန်တွင် "ဒွေမေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိ တဗ္ဗာ" အစရှိသော တရားရတနာများ ဖွင့်လှစ်ဟောကြားတော်မူသည်။ ထိုတရားတော်တွင် မဂ္ဂင်ရှစ်ပါး တရားဖြစ်ပေသည်။ ထိုမဂ္ဂင်ရှစ်ပါးတရားသည် အလယ်အလတ်ဖြစ်သော အကျင့်ဖြစ်သည့် ကိလေသာငြိမ်းခြင်းတည်းဟူသော တဒုပါဒိသေသနိဗ္ဗာန် အကျိုးငှာ သစ္စာလေးပါးကို ထူးသော ဉာဏ်ဖြင့် ကောင်းစွာသိခြင်းငှာ အနုပါဒိသနိဗ္ဗာန်အကျိုးငှာ ဖြစ်၏။ ထိုသို့ ဆုံးမဆိုသော ဉာဏ်သုံးပါးစီရှိပြီး သစ္စာလေးပါး ပေါင်းစပ်လိုက်လျှင် ဉာဏ်တော်တစ်ဆယ့်နှစ်ပါးရှိပါသည်။ မြတ်စွာဘုရားရှင်တော်သန္တာန်၏ ဉာဏ်တော်တစ်ဆယ့်နှစ်ပါး ဖြစ်မလာခင်က လူနတ်ဗြဟ္မာသတ္တဝါတို့ကို ဘုရားဖြစ်ပြီဟု ဝန်မခံသေးပေ။ ထိုဉာဏ်တော်တစ်ဆယ့်နှစ်ပါးထင်ရှားဖြစ်ပေါ်လာသောအခါမှသာ လူနတ်ဗြဟ္မာသတ္တဝါတို့ကို ငါဘုရားဖြစ်ပြီဟုဝန်ခံတော်မူသည်။

## အစွန်းရောက်တရားနှစ်ပါး

ဓမ္မစကြာတရားတော်သည် နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်များဖြစ်၍ အကျင့်သုံးပါး သစ္စာလေးပါး ဉာဏ်တစ်ဆယ့်နှစ်ပါးနှင့် ဗုဒ္ဓဖြစ်ကြောင်း ကြွေးကြော်ဝန်ခံတော်မူခြင်းတို့ဖြစ်သည်။ ထိုတရားတွင်ပါဝင်သည့် အကျင့်သုံးပါးမှာ ကာမစည်းစိမ်ကိုခံစားသော အကျင့်၊ ခန္ဓာကိုယ်ကို ပင်ပန်းစေသော အကျင့်နှင့် အလယ်အလတ် အကျင့်တို့ဖြစ်သည်။

ဟောကြားအပ်သောတရားတော်သည် လူ့အနှောင်အဖွဲ့များကို ဖြတ်တောက်၍ ရဟန်းအဖြစ်သို့ရရှိပြီးသူတိုင်း ကာမဂုဏ်ချမ်းသာတို့၌ ကပ်ငြိတွယ်တာပြီး လိုက်စားသောအကျင့်နှင့် မိမိခန္ဓာကိုယ်နှင့်စိတ်တို့အား အပင်ပန်းခံပြုကျင့်သော အကျင့်တို့ဟူသည် အစွန်းတရားနှစ်ပါးဖြစ်သည်။ လောကမှလွတ်မြောက်သော အကျိုးမရရှိ၊ လွတ်မြောက်ရေးအတွက် အချည်းအနှီးသော အကျင့်များဖြစ်သည်။ ယင်းအစွန်းရောက်နှစ်ပါးကို မမှီဝဲရှောင်ကြဉ်ရန်တို့ ဖြစ်ပေသည်။

## မဇ္ဈိမပဋိပဒါ

အမှန်ကိုထိုးထွင်းသိရန်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် အကြောင်းတို့အား ပြလျက် "မဇ္ဈိမပဋိပဒါ"ဖြစ်ကြောင်းတည်းဟူသော အလယ်အလတ်ကျင့်စဉ်ကို ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

- ရုပ်နာမ်သည်လည်း ဆင်းရဲ၏။
- ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲ၏။

**"မိဂဒါဝုန်ရဂုံမြိုင်သည် မြတ်စွာဘုရားရှင်၏ ဓမ္မစကြာဟောကြားတော်မူရာ သံဝေဇနိယဋ္ဌာနဖြစ်သကဲ့သို့ ပွင့်ထွန်းလာသမျှသော ဘုရားရှင်အဆူဆူတို့သည်လည်း ဤနေရာမှာပင် ဓမ္မစကြာကို ဟောကြားလေ့ရှိသဖြင့် "အဝိဇဟိတ" ဌာနဟုလည်း ခေါ်၏။ "အဝိဇဟိတ"ဟူသည် ဘုရားရှင်တိုင်း မစွန့်လွှတ်သောနေရာကို ဆို၏။ မြတ်စွာဘုရားရှင်သည် ဓမ္မစကြာကို ဟောကြားတော်မူပြီး ငါးရက်မြောက်နေ့တွင် အနတ္တလက္ခဏာသုတ်တော်ကို ဟောကြားတော်မူသည်"**

ဟောကြားသည့်ဌာန မိဂဒါဝုန်ရဂုံမြိုင်ကို အင်္ဂလိပ်လို SARNATH ဟူ၍ သိကြသည်။ မြန်မာအသံထွက်အားဖြင့် ဆာနာသ်ဖြစ်ရာ ဆာနာသ်ဟူသော စကားသည် သရင်္ဂနာထဟူသော ပါဠိစကားမှ သာရနာထ ထိုမှ ဆာနာသ်ဟူ၍ ရွေ့လျားလာခြင်းဖြစ်မည်ဟု ထွက်ကိန်းပြုကြ၏။ သရင်္ဂနာထသည် တင့်တယ်သောကိုယ်ရှိသည့် သမင်မင်းဟူသော အဓိပ္ပာယ်ရသည့် စကားပင်ဖြစ်၏။

မိဂဒါဝုန်ရဂုံမြိုင်နှင့် ပတ်သက်၍ ဝေါဟာရနှစ်မျိုးရှိသည်။ မိဂဒါယနှင့် ဣသိပတန တို့ဖြစ်သည့် မိဂဒါရသမင်အပေါင်းတို့ ကျက်စားရာ တောဣသိပတနသည် ဗုဒ္ဓအရှင်မြတ်တို့ ကောင်းကင်မှ သက်ရာတောတို့ဖြစ်သည်။ အများအားဖြင့် သားသမင်တို့အား ဘေးမဲ့ဝေးရာ မိဂဒါဝုန်ဟူ၍ သုံးစွဲနေကြ၏။

## ပိဋကတ်သုံးပုံ၏အနှစ်ချုပ်တရား

ဓမ္မစကြာတရားတော်သည် သစ္စာလေးပါးတရားကို ညွှန်းဆိုဟောကြားတော်မူသော တရားဒေသနာဖြစ်သည်နှင့်အညီ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟုဆိုထိုက်ပါသည်။ ဓမ္မစကြာတရားတော်ကို စိစစ်သုံးသပ်ကြည့်ပါလျှင် လမ်းစဉ်မှာ နှစ်ရပ်ဖြစ်သောအကျင့် " ကာမသုခလ္လိကနုယောဂေါ် အတ္တကိလမထာနုယောဂေါ်ကို ရှောင်ကြဉ်ရေးနှင့် မဇ္ဈိမပဋိပဒါလမ်းစဉ် မှန် " သီလမဂ္ဂင်သုံးပါး + သမာဓိမဂ္ဂင်သုံးပါး+ ပညာမဂ္ဂင်နှစ်ပါးကို ကျင့်ဆောင်ရန် ညွှန်ကြားထားပြီး သစ္စာလေးပါး အမှန်တရားတော်ကို သိမြင်စေရန် ဟောကြားထားသောတရားမြတ်ဖြစ်သည်။

ယင်းသစ္စာလေးပါးတွင် တစ်ပါးတစ်ပါးစီ၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်

- အိုခြင်း၊ နာခြင်း၊ သေရခြင်းသည်လည်း ဆင်းရဲ၏။
- မချစ်မနှစ်သက်သောသူနှင့်ပေါင်းရခြင်းသည်လည်း ဆင်းရဲ၏။
- ချစ်သောသူနှင့် ခွဲခွာရခြင်းသည်လည်း ဆင်းရဲ၏။
- လိုချင်တာကိုမရခြင်းသည်လည်း ဆင်းရဲခြင်းဖြစ်၏။

အချုပ်အားဖြင့် ခန္ဓာငါးပါးရုပ်နာမ်အစုတို့သည်လည်း ဆင်းရဲစေခြင်းကို ဖြစ်ကုန်၏။

**"...ငါဘုရားသည် ထိုးထွင်း၍သိတော်မူအပ်သော သစ္စာလေးပါးကို မြင်အပ်သည်။ ပညာမျက်စိကိုပြုတတ်သော၊ သစ္စာလေးပါးအား သိခြင်းကို ပြုတတ်သော တရားသည်ရှိ၏။ ထိုတရားသာလျှင် ဝဋ်ဆင်းရဲမှလွတ်မြောက်ခြင်းကို အလိုရှိသော သူတို့ ကျင့်အပ်သော မြတ်သောအကျင့်ဖြစ်သည်။ ထိုအကျင့်တို့သည်ကား ကောင်းစွာမြင်ခြင်း၊ ကောင်းစွာကြံခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာအသက်မွေးခြင်း၊ ကောင်းစွာအားထုတ်ခြင်း၊ ကောင်းစွာအောက်မေ့ခြင်း၊ ကောင်းစွာတည်ကြည်ခြင်းစသော တရားရှစ်ပါးသာလျှင်ဖြစ်၏။**

ထို့ကြောင့် မြတ်စွာဘုရားဟောကြားလတ္တံ့သော မဇ္ဈိမပဋိပဒါအကျင့်မြတ်ဖြင့် ကျင့်ကြံအားထုတ်မှသာလျှင် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်ပြီး ဘဝအဆုံး၌ အနုပါဒိသေနိဗ္ဗာန်နခတ် ဖြစ်တော်မူခဲ့ပေသတည်း။ ပရိနိဗ္ဗာန်ဝင်ရခြင်းဟူသော အကျိုးထူးကို ကေန်မုချရရှိကြမည်ဖြစ်၏ဟူ၍ ဟောကြားတော်မူခဲ့ပေသတည်း။ ။

---

## ရှမ်းတောင်တန်းဒေသမှ လူငယ်မောင်မယ်များ အင်္ဂလိပ်စကားပြောသင်တန်းဆင်း

**သီပေါ ဇူလိုင် ၂၃**

ရှမ်းတောင်တန်းဒေသလူငယ်ကွန်ရက်ကကြီးမှူး၍ အခြေခံအင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ် ၉/ ၂၀၁၈ သင်တန်းဆင်းပွဲကို ယမန်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်ဟူးနွံ့ ကျေးရွာ ရွှေပြည်အေးရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းလူငယ်ကွန်ရက်နာယကဦးဆန်စိုင်းသာညွန့်နှင့် ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းငွေကွမ်းတို့က အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်နန်းယိင်းသီတာက ဒေသခံတိုင်းရင်းသား လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတကာသုံး အင်္ဂလိပ်စကားတတ်မြောက်ခြင်းအားဖြင့် အကျိုးသက်ရောက်မှုရှိခြင်းများကိုလည်းကောင်း၊ အလှူရှင် ဒေါက်တာနန်းဆိုင်အေး(လားရှိုး)နှင့် အလှူရှင်များက ကူညီပံ့ပိုးငွေများ လှူဒါန်းခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး လှူဒါန်းငွေများကို ရှမ်းလူငယ်ကွန်ရက် ဥက္ကဋ္ဌ ဦးစိုင်းငွေယျထံ ပေးအပ်ကြသည်။

သင်တန်းသို့ သီပေါ၊ ကျောက်မဲ၊ လားရှိုး၊ မူဆယ်၊ နမ့်ခမ်း၊ ပန်ဆိုင်း၊ သိန်းနီ၊ မြစ်ကြီးနားစသည့်မြို့နယ်တို့မှ ရှမ်းတိုင်းရင်းသား လူငယ်မောင်မယ်များ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

# မကွေးတိုင်းဒေသကြီးအတွင်း မြစ်ရေတင်များမှ ယခုနှစ် မိုးသီးနှံဧက ၂၀၀၀၀ ကျော် စိုက်ပျိုးရေပေးဝေမည်

**နေပြည်တော် ဇူလိုင် ၂၃**

စိုက်ပျိုးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်ကုန် တိုးတက်ရေးများတွင် အထောက်အကူပြုနိုင်ရန်အတွက် မြစ်ရေတင်စီမံကိန်းများကို ဒေသ၏ လိုအပ်ချက်များနှင့်အညီ ရန်ပုံငွေအမြောက်အမြား အကုန်ကျခံ၍ တည်ဆောက်ပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီးအတွင်း သရက်ခရိုင်၊ ပခုက္ကူခရိုင်၊ မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မြစ်ရေတင်စီမံကိန်းပေါင်း ၃၀ ကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။



ပခုက္ကူခရိုင် ကြီးရွာမြစ်ရေတင်လုပ်ငန်းမှ ရေပေးနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ (ဆည်မြောင်း)

အဆိုပါ မြစ်ရေတင်များမှ စိုက်ပျိုးရေပေးဝေလာနိုင်ခြင်းကြောင့် ယခင်က တစ်နှစ်တစ်သီးသာ စိုက်ပျိုးခဲ့ရာမှ တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါ တိုင်းဒေသကြီးအတွင်းရှိ မြစ်ရေတင် ၃၀ မှ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း မိုးစပါးဧက ၁၃၉၆၀၊ အခြားသီးနှံ ၉၀၄၅ ဧက စုစုပေါင်းမိုးသီးနှံ ၂၃၀၀၉ ဧက ကို စိုက်ပျိုးရေပေးဝေရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးသည် အပူပိုင်း မိုးနည်းဒေသတွင်ပါဝင်ပြီး ယခင်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် သဘာဝ မိုးရေရရှိမှု အနည်းအကျဉ်းပေါ်သာ မှီခိုအားထား၍ စိုက်ပျိုးလာခဲ့ကြရာ ရာသီဥတု ဖောက်ပြန်ပြီး မိုးနည်းသောနှစ်များတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းမှု မရှိခြင်းများကြောင့် စိုက်ပျိုးဧက တိုးချဲ့နိုင်မှုတွင် အခက်အခဲ များစွာရှိခဲ့ကြောင်း သိရသည်။ **ညီညီသန်း(နေပြည်တော်)**

## စာရေးကိရိယာများနှင့် ပညာသင်စရိတ်ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင် မိသားစု၏ သား၊ သမီးများအား စာရေးကိရိယာများနှင့် ပညာသင်စရိတ်ပေးအပ်ခြင်းကို ဇူလိုင်လ တတိယပတ်က ဒက္ခိဏသီရိမြို့မရဲစခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မြင့်က ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တပ်ဖွဲ့ဝင် မိသားစု သားသမီး၊ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများနှင့် ပညာသင် စရိတ်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပ်ဗေဒ)**

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

သဘာဝဘေးအန္တရာယ်များတွင် ကြိုတင်ခန့်မှန်းနိုင်သော ဘေးအန္တရာယ်များ ရှိသကဲ့သို့ ကြိုတင်ခန့်မှန်းရန်ခက်ခဲသော ဘေးအန္တရာယ်များလည်း ရှိပါသည်။

ဘေးအန္တရာယ်တစ်ခုခု ကြုံတွေ့လာပါက အောက်ပါတို့ကို ဂရုပြု ဆောင်ရွက်ပါ။

၁။ မိုးလေဝသသတင်းများနှင့် ဘေးအန္တရာယ်သတိပေးချက်များကို သတိပြုပါ။
၂။ ကျန်းမာရေးသတိပေးနှိုးဆော်ချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါ။
၃။ ဘေးအန္တရာယ်မကျရောက်မီကတည်းက အရေးပေါ် ဆေးသေတ္တာ၊ အစားအစာ၊ သောက်သုံးရေနှင့် အခြားလိုအပ်သည်များ ကြိုတင်စုဆောင်းပြင်ဆင်ထားရှိပါ။
၄။ သန့်ရှင်းသောသောက်သုံးရေနှင့် အစားအစာများကိုသာ စားသုံးပါ။
၅။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
၆။ ဘေးအန္တရာယ်ကျရောက်ရာဒေသများ၌ ကျန်းမာရေးဝန်ထမ်းများမှ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းကူညီပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မိတ္ထီလာတစ်မြို့နယ်လုံးတွင် မိုးစပါး ဧက ၁၅၀၀၀ စိုက်မည်

**မိတ္ထီလာ ဇူလိုင် ၂၃**

မိတ္ထီလာမြို့နယ်တွင် ကျေးရွာပေါင်း ၁၇၉ ရွာရှိပြီး ညောင်ကိုင်းတိုက်နယ်၊ ရှမ်းတဲတိုက်နယ်၊ အလည်ရွာတိုက်နယ်နှင့် ရှမ်းမငယ်ကျေးရွာ တိုက်နယ်များရှိသည်။ အဆိုပါ ကျေးရွာများရှိ တောင်သူလယ်သမားများသည် ၂၀၁၇-၂၀၁၈ နွေစပါးကို ဧက ၂၄၂၀၀ စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းခဲ့ကာ ယခုအခါ နွေစပါးရိတ်သိမ်းနေပြီဖြစ်သည်။

နွေစပါးရိတ်ပြီး မိုးစပါးကို မိတ္ထီလာမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဧက ၁၅၀၀၀ ကို ဩဂုတ်လအတွင်း စတင်စိုက်ပျိုးသွားမည် ဖြစ်သည်။ မိုးစပါးကိုလည်း ကျေးရွာအုပ်စု ၅၈ အုပ်စုအတွင်းရှိ ကျေးရွာမှ တောင်သူလယ်သမားများသည် ကွင်းအလိုက်သတ်မှတ်၍ စိုက်ပျိုးသွားမည်ဖြစ်သည်။


မိုးစပါးစိုက်ပျိုးရန်အတွက် ပျိုးထောင်ရေကို ဆည်မြောင်းဌာနမှ မိတ္ထီလာကန်၊ မုန်တိုင်၊ လွန်ငင်၊ လက်ခုတ်ပင်၊ ညောင်ကုန်းနှင့် ချောင်းကောက်ဆည်တို့မှ ပျိုးထောင်ရေများပေးနိုင်ရန် ရေအလုံအလောက် သိုလှောင်ထားပြီးဖြစ်သည်။ မိုးစပါးအတွက် ပျိုးထောင်ရေများကို ဇူလိုင် ၁၅ ရက်မှ စတင်၍လွှတ်ပေးထားပြီဖြစ်ကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

## ဆင်သောက်ကန်အင်း (ဆားကျင်းအင်း)ကို အင်းပြန်လည်ပြုပြင်ရေး ကော်မတီဖွဲ့စည်း လုပ်ဆောင်သွားမည်

**မုံရွာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် တောင်ဘက်ခြမ်း မုံရွာစက်မှုဇုန်အနီးရှိ မြစ်ထုံးကြီး - ဆင်သောက်ကန်အင်း (ဆားကျင်းအင်း)ကို ပြန်လည် ပြုပြင်ရေး ကော်မတီဖွဲ့စည်းပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၏ ပြောကြားချက်အရ သိရသည်။

"အင်းဆိုရင်လည်း အင်းက ဘယ်လောက် ကျယ်တယ်။ ဒီနေရာကို ဘာသုံးလို့ရမလဲ။ စီမံခန့်ခွဲမှုမှာ အစိုးရအဖွဲ့က အင်းရယ်၊ ငါးရယ်၊ စည်ပင်ရယ်၊ ပြည်သူရယ်ပေါ့။ ဒီအင်းကြီးကစက်မှုဇုန်ထဲမှာရှိတယ်။ ဆားကျင်းအင်းထဲက ရေဆိုးတွေ စက်မှုဇုန်က ရေဆိုးသန့်စင်ဖို့ဆိုပြီးတော့ လုပ်ငန်းစီမံချက်တွေချနေတယ်။ ဒီအင်းကြီးကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတဲ့အနေနဲ့ ဘယ်လိုအသုံးပြုသွားမလဲဆိုတာ လေ့လာဆန်းစစ်မှုတွေကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ပြောသည်။



ငါးလုပ်ငန်းဦးစီးဌာန အမည်ပေါက် မြစ်ထုံးကြီး ဆင်သောက်ကန်အင်း (ဒေသအခေါ် ဆားကျင်းအင်း) သည် အင်းအကျယ်အဝန်း ၇၉ ဒသမ ၆၉ ဧကရှိပြီး ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း မုံရွာစက်မှုဇုန် တည်ဆောက်ပြီး စက်မှုဇုန်အပိုင်း ၂ ရှိ ကြာဆန်စက်၊ သားရေစက်နှင့် နို့ချက်စက်ရုံတို့မှ စွန့်ပစ်ရေဆိုးများ ဝင်ရောက်မှုဖြင့် ပျက်စီးခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာန၏ အင်းစာရင်းမှ ပယ်ဖြစ်ပြီးဖြစ်သည့် အင်းတစ်ခုဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## ဖောင်းပြင်မြို့တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိရေး ဆွေးနွေး

**ဖောင်းပြင် ဇူလိုင် ၂၃**

ဖောင်းပြင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ဖိုးသီးချို(PTC) ကုမ္ပဏီတို့ပူးပေါင်း၍ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုဉက္ကဋ္ဌ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်မှူး၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် မြို့ပေါ်ရှိဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ် အား/ကာ ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တာဝန်ရှိသူများက ဌာနမှဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ကုမ္ပဏီမှဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးပြီး တက်ရောက်လာကြသည့် ပြည်သူများက မရှင်းလင်းသည့် အကြောင်းအရာများကို ပြန်လည်ဆွေးနွေးမေးမြန်းကြကာ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်သူများထံမှ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ရန် ဆန္ဒသဘောထားခံယူရာ ကန့်ကွက်သူမရှိ ထောက်ခံကြသဖြင့် ဆက်လက်ဆောင်ရွက်ရန် အတည်ပြုကြသည်။

ဖောင်းပြင်မြို့တွင် အောက်တိုဘာ ၁ ရက်မှစ၍ ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ ၁၂ နာရီ ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်ပြီး နိုဝင်ဘာလ ၁ ရက်မှ စတင်၍ ၂၄နာရီ ဓာတ်အားရရှိသွားမည်ဖြစ်ကြောင်း ဖိုးသီးချို (PTC)ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာဝင်းထိန်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ဇေယျာ(ပြန်/ဆက်)**

## အင်းတော်မြို့နယ်တွင် တောင်သူများအား အမိုနီယံနိုက်ထရိတ်မြေသြဇာများပေးအပ်

**အင်းတော် ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်၏ဘက်စုံအဆင့်မြင့်စံပြကျေးရွာနှစ်ရွာအတွက် ၁၀၃၃ နှင့်၁၀၃၅ ကွင်းအတွင်းရှိ တောင်သူများအား အမိုနီယံနိုက်ထရိတ်မြေသြဇာများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လတတိယပတ်က အင်းတော်မြို့ အောင်မင်္ဂလာ အ.မ.က ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးစိုးရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ၁၀၃၃ နှင့် ၁၀၃၀ ကွင်းအတွင်းမှ စပါးစိုက်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အချို့တောင်သူများသည် မိုးမရွာ၍ လယ်ရေမရှိသဖြင့် စပါးမစိုက်ရသေးသော်လည်း အချို့တောင်သူများသည် မိမိတို့လယ်များကို ရေသွင်းစိုက်ပျိုးနေကြကြောင်း သိရသည်။ **လူအောင်(ကသာ)**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၂၃**

(၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေး ဦးစီးကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊

*စာမျက်နှာ ၅ ကော်လံ ၁* ❏




ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေး ဦးစီးကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၁) ယနေ့ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၁) ကို ဇူလိုင် ၂၄ ရက် **(ယနေ့)** တွင် စတင်ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ပိုင်းမှ သစ္စာအားမာန်အသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❍

## မြန်မာ ယူ-၁၆ အသင်း ဒုတိယခြေစမ်းပွဲ ထိုင်းနှင့် သရေကျ

**ရန်ကုန် ဇူလိုင် ၂၃**

၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် အကြိုပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်နေသည့်မြန်မာ ယူ- ၁၆ အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ထိုင်း ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းနှင့် ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ပြိုင်ပွဲမတိုင်မီ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် ထိုင်းနိုင်ငံသို့ သွားရောက်ခြင်းဖြစ်ပြီး အာဆီယံထိပ်သီး ထိုင်း ယူ-၁၆ အသင်းနှင့် ခြေစမ်းခွင့်ရသောကြောင့် အတွေ့အကြုံကောင်းများ ရရှိခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းအတွက် တစ်လုံးတည်းသောဂိုးကို ၂၄ မိနစ်တွင် နောင်နောင်လတ်က သွင်းယူသည်။ မြန်မာ ယူ-၁၆ အသင်းသည် ထိုင်းခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။ မြန်မာယူ- ၁၆ အသင်းသည် ယခုလကုန်တွင် ကျင်းပမည့် အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သွားရောက်ကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပါက အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## စစ်တောင်းနှင့် သံလွင်မြစ် ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၃**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံဘောလုံးပြိုင်ပွဲ အနောက်ပိုင်းခရိုင်အသင်း ဆုဖလားဆွတ်ခူး

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာဘောလုံးကွင်း၌ ကျင်းပရာ အနောက်ပိုင်းခရိုင်အသင်းက အရှေ့ပိုင်းခရိုင်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဆုဖလားဆွတ်ခူးရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် အနောက်ပိုင်းခရိုင်အသင်းက ပထမပိုင်း ၃၄ မိနစ်တွင် ရှေ့တန်းမှ ဆက်ဝေယံခေါင်းတိုက်ချက်ဂိုးဖြင့် အရှေ့ပိုင်းခရိုင်အသင်းကို သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့သော်လည်း နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြကာ အနောက်ပိုင်းခရိုင်အသင်းက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီး ဒုတိယရရှိသွားသော အရှေ့ပိုင်းခရိုင်အသင်းအား တစ်ဦးချင်းဆုများနှင့် ငွေသားဆုကို အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးအောင်စိုးမိုးက လည်းကောင်း၊ ပထမဆုရအနောက်ပိုင်းခရိုင်အသင်းအား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က တစ်ဦးချင်းဆုများကို လည်းကောင်း၊ အကောင်းဆုံး၊ နေရာအလိုက်၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးသမားဆုရရှိကြသူများကို မြို့တော်ဝန် ဦးမောင်မောင်စိုးက

*စာမျက်နှာ ၁၃ ကော်လံ ၁* ✪



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အနောက်ပိုင်းခရိုင်အသင်းအား ဆုဖလား ချီးမြှင့်စဉ်။

ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)

## သတင်းမာတိကာ

### တိုင်ကြားပေးပို့လာသော မှုးယစ်သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ » ၁၁

### မိုးကောင်းမြို့နယ်၌ ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

စာ » ၁၃

ပညာရေး ကဏ္ဍတွင် နှစ်ပေါင်း ၄၀ ကျော်တိုင် ဂုဏ်သရေ နှင့် တကွ အခွန့်ရှည်ကြာခဲ့ပြီ
ဂုဏ်ထူးဦးအောင်ခိုင် ESSAYS & LETTERS
ဂုဏ်ထူးဦးအောင်ခိုင် BASIC GRAMMAR
Grade 10 English ၁၀ တန်း အင်္ဂလိပ်စာ
ဂုဏ်ထူးဦးအောင်ခိုင်
စာသင်သား လက်စွဲ စာအုပ်များ
၂၅၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။
01 252 919, 09 964 252 919
Grade 9 English ၉ တန်း အင်္ဂလိပ်စာ
Grade 8 English Reader Eight
Grade 4 English Reader Four